# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၈၃]


ကျွန်တော်တို့ ‘‘လွတ်လပ်ရေး’’ အခုရရှိကြေညာခဲ့ကြပြီ၊ ဒီလိုရရှိထားတဲ့ လွတ်လပ်ရေးကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ထားပြီး တည်တံ့ခိုင်မြဲအောင် လုပ်ကြခြင်းအားဖြင့် ပျော်ပျော်ရွှင်ရွှင်ခံစားနိုင်ကြဖို့ ကျွန်တော်တို့ ပြင်းပြင်းထန်ထန် ကြိုးစားကြရပါလိမ့်မယ်။ **(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျီအီးကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**“ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပို့ဆောင်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကူညီနေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး ”**

သတင်း၊ စာမျက်နှာ-၃



# မော်လမြိုင်-ထားဝယ်-မြိတ်အဝေးပြေးကားလမ်း (ထားဝယ်-ပလောက်)အပိုင်း ဆောင်ရွက်နေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

မော်လမြိုင်-ထားဝယ်-မြိတ်အဝေးပြေးကားလမ်းမကြီးမှ (ထားဝယ်-ပလောက်) အပိုင်း ၆၇ မိုင်သည် ၁၉၅၃ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း ၈၀ ခန့်က စတင်ဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်သည်။



မော်လမြိုင်-ထားဝယ်-မြိတ်(ထားဝယ်-ပလောက်)ကားလမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

အဆိုပါကားလမ်းကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လမ်းဦးစီးက လမ်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရ၍ ထားဝယ်မြို့သို့ ရောက်ရှိနေသော ကျွန်တော် လမ်းလုပ်ငန်းအကြောင်း လေ့လာလိုသဖြင့် တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စိုး၏ စီစဉ်ပေးမှုဖြင့် ထားဝယ်ခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့်အတူ ဇူလိုင် ၈ ရက်က ပလောက်သို့ ထွက်ခဲ့သည်။

အဆိုပါလမ်းပိုင်းသည် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်တို့အတွင်း တည်ရှိပြီး သရက်ချောင်းမြို့နှင့် ကျေးရွာပေါင်း ၃၆ ရွာကို ဖြတ်သန်းဖောက်လုပ်ထားသည်။ ပထဝီအနေအထားအရ သင်းကျွန်းရွာ တောင်ကုန်း၊ ဘုတ်ကိုင်း တောင်ကုန်း၊ ဘုတ်တောင်ကုန်းများဖြစ်၍ ထားဝယ်မှ သရက်ချောင်းအထိ ထားဝယ်မြစ်နှင့်အပြိုင် တည်ရှိနေပြီး ကျန်အပိုင်းများမှာ

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**ယနေ့ မာတိကာ**

## အီရန်နှင့် အင်အားကြီးနိုင်ငံများ နျူကလီးယား မှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့

စာမျက်နှာ » ၄

## တရုတ်၊ ရုရှားနှင့် အိုင်အက်စ်တို့အပေါ် အာရုံစိုက်သည့် အမေရိကန် စစ်ဗျူဟာ

စာမျက်နှာ » ၅




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကျေးရွာမြေယာပိုင်ဆိုင်မှု ခိုင်မာလာမည်

ကျေးလက်ဒေသများတွင် မြေယာပိုင်ဆိုင်မှု နှစ်မျိုးနှစ်စား ရှိသည်။ စိုက်ပျိုးရန်လယ်ယာမြေများကို ပိုင်ဆိုင်ခြင်းနှင့် ကျေးရွာများအတွင်း အိမ်ရာမြေများကို ပိုင်ဆိုင်ခြင်းဟူ၍ဖြစ်ပါသည်။ လက်ရှိအစိုးရ လက်ထက်တွင် လယ်ယာမြေပိုင်ဆိုင်ခွင့်များကို ထုတ်ပေးနိုင်ခဲ့သော်လည်း ကျေးရွာမြေပိုင်ဆိုင်မှု အထောက်အထားများကို ထုတ်ပေးနိုင်ခဲ့ခြင်းမရှိသေးပါ။ ယခုအခါ ကျေးရွာမြေယာပိုင်ဆိုင်မှုအထောက်အထားများကိုပါထုတ်ပေးရန် သက်ဆိုင်ရာက စီစဉ်လျက်ရှိပါသည်။

ကျေးလက်နေပြည်သူများ ပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာနေထိုင်ရခြင်းကို ခိုင်မာသည့် တရားဝင်အထောက်အထား မြေငှားဂရန်ရရှိခြင်းဖြင့် ကျေးလက်နေပြည်သူများ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် ရည်ရွယ်၍ ကျေးရွာများအတွင်း မြေငှားဂရန်များ ထုတ်ပေးရန် စီစဉ်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်၏ မြို့နယ်တစ်မြို့နယ်လျှင် မြေယာမှုခင်းအရှုပ်အရှင်းမရှိသော ကျေးရွာတစ်ရွာစီကို ရွေးချယ်၍ ကျေးရွာ ၁၇ ရွာတွင် ကနဦးအနေဖြင့် မြေငှားဂရန်များ ချထားပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ မကွေးမြို့နယ်တွင်လည်း ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရန် စီစဉ်လျက်ရှိသည်။ မကွေးမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၁၆ ရွာရှိသည့်အနက် ကနဦးစမ်းသပ်မှုအဖြစ် ကျေးရွာတစ်ရွာကို မြေငှားဂရန်များထုတ်ပေးနိုင်ရန် သက်ဆိုင်ရာမြေစာရင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်း မြေကွက်စိစစ်တိုင်းတာရာတွင် ပေ ၂၀ အထက် ဝိုင်းကွက်များကို ဂရန်ချထားပေးသွားမည်ဖြစ်ပြီး ပေ ၂၀ အောက် မြေကွက်များကို ဂရန်ထုတ်ပေးမည်မဟုတ်ကြောင်း၊ ဂရန်လျှောက်ထားရာတွင် ကန့်ကွက်လွှာကို ၁၅ ရက်အတွင်း ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ကျေးရွာမြေအား ကွက်စိပ်တိုင်းတာပြီး မြေပုံရေးဆွဲပြီးပါက ပေ ၂၀ ကျော်အထက် ဝိုင်းကွက်များကိုတိုင်းတာ၍ ဂရန်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းစီမံချက်အောင်မြင်ပါက ကျန်ရှိနေသော မြို့နယ်အတွင်းရှိ ကျေးရွာများကိုလည်း မြေငှားဂရန်များ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဤသို့ ကျေးရွာမြေငှားဂရန်များ ချပေးလိုက်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ မြေယာပိုင်ဆိုင်မှုအထောက်အထားများ ရရှိလာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျေးရွာမြေများသည်လည်း မြို့ပြအသီးသီးရှိ မြေကွက်များကဲ့သို့ တန်ဖိုးရှိမြေများ ဖြစ်လာမည်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများ မြေယာပိုင်ဆိုင်မှု ခိုင်မာလာမည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင်လည်း စိုက်ပျိုးရန် လယ်ယာမြေများကို အိမ်ဝိုင်းအဖြစ် ပြောင်းလဲနေထိုင်ခြင်း၊ ကျေးရွာများကို အဆမတန်ချဲ့ထွင်နေထိုင်ခြင်း၊ ကျေးရွာများအတွင်း ရွှေ့ပြောင်း နေထိုင်သူများ တိုးပွားလာခြင်းတို့ကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။ ဤအစီအမံသည် အပြန်အလှန်အကျိုးရှိသည့် အစီအစဉ်ဖြစ်ပါသည်။ သို့ပါ၍ ကျေးရွာများအားလုံး မြေငှားဂရန်ချထားရေးကို ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ မိမိတို့နေထိုင်ရာအိမ်ဝိုင်းများကို ခိုင်မာသော အထောက်အထားများ ရရှိလာမည်ဖြစ်သကဲ့သို့ လယ်ယာမြေများအတွင်း ကျေးရွာများချဲ့ထွင်နေထိုင်လာခြင်းကိုလည်း ထိန်းချုပ်လာနိုင်မည် ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊**
**မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

# အမှိုက်ပုံကြီး ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန် မက္ခရာမင်းသားကြီးလမ်းနှင့် ကနောင် (၉)လမ်းထောင့် ယခင် စက်မှုဇုန် မီးဘေးကြိုတင်ကာကွယ်ရေး ရေကန်ကြီးအနီးတွင် စက်မှုဇုန် လုပ်ငန်းရှင်များက စွန့်ပစ်သော အမှိုက်များမှာ အမှိုက်ပုံကြီးတစ်ခု အဖြစ် ဖြစ်ပေါ်နေသည်။

ရွှေပေါက်ကံ စက်မှုဇုန်သည် ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်သာယာစည်ပင်လှပလာသည်နှင့်အညီ လုပ်ငန်းပေါင်းစုံနှင့် တိုးတက်ဖွံ့ဖြိုးလာသော စက်မှုဇုန်ဖြစ်ခဲ့ပြီး လူနေမှုမှာလည်း များပြားစည်ကားလာခဲ့သည်။ ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးပြီး သာယာလှပရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ချိန် မြို့၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေမည့် အမှိုက်ပုံကြီးကြောင့် လူမှုရေး၊ ကျန်းမာရေး၊ အပါအဝင် မီးရေးထင်းရေးကိစ္စအဝဝ ကြုံတွေ့လာရမည့် အန္တရာယ်ကို ဒေသခံပြည်သူများက တွေးတောပြီး စိုးရိမ်လျက်ရှိသည်။




လုပ်ငန်းရှင်တစ်ဦးက“ကျွန်တော်တို့ စက်မှုဇုန်မှာနေထိုင်တာ ကြာပါပြီ။ အခုအချိန်မှာ လမ်းဘေးဆိုင်တွေက စည်ပင်မြောင်းကို ခွဆောက်ပြီး နေရာယူလာတဲ့အတွက် လမ်းကျဉ်းမြောင်းလာပြီး ရေဆိုးထွက်မြောင်းတွေ ရေစီးရေလာ မကောင်းမွန်တော့ဘူး။ ဒါ့အပြင် စီးပွားဖြစ် ကန်စွန်းရွက် စိုက်ပျိုးခင်းနေရာ ယူလာတာကြောင့် ရေစီးရေလာ မကောင်းဘဲ မြောင်းတွေပိတ်လာတယ်။ မြောင်းတွေပိတ်လာတော့ ခြင်တွေပေါက်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါ စိုးရိမ်စရာဖြစ်လာတယ်”ဟု ပြောသည်။

စက်မှုဇုန်အတွင်း နေထိုင်သော လုပ်ငန်းရှင်များအပါအဝင် ပြည်သူများ အားလုံးအနေဖြင့် မိမိစက်မှုဇုန် သာယာလှပစေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ကြောင်း ပြောကြားသည်။ **(၁၈၅)**



ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ အထက(၂)၌ ဇူလိုင် ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ကျွန်း၊ ပိတောက်၊ မဲဇလီ၊ ငုနှင့်စိန်ပန်း၊ ယူကလစ်ပင်များ စိုက်ပျိုးစဉ်။

သက်ထက်

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ကြာအင်းဆိပ်ကြီး၌ သစ်ပင်စိုက်ပျိုး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၄**

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင် စိုက်ပျိုးပွဲတော်ကို ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးသန်းကျော်တို့က ဦးဆောင်၍ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ မဲဇလီ ၅၄ ပင်၊ အရိပ်ရ ပန်းအလှပင်များဖြစ်သော စိန်ပန်းကြီး၊ စိန်ပန်းလေး၊ ခရေ၊ ကံ့ကော်၊ ဗာဒံအပင် ၂၀၀ နှင့် ရွက်လှပန်း၊ စက္ကူပန်းစသော ပန်းအလှပင် ၃၀၀ စုစုပေါင်း ၅၅၄ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၀၅ |
| ဥရောပ | တစ်ယူရို | ၁၃၂၃.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄.၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၃၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၉၇၄ |
| တရုတ် | တစ်ယွမ် | ၁၉၄.၀၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၀၉ |

ခင်ရတနာ-စုစည်းသည်။

# စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံအခြေစိုက် ဂျင်နရယ် အီလက်ထရစ်(ဂျီအီး) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂွန်ဂျီရိုက်စ်အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးအတွက် ရေတိုရေရှည် စီမံကိန်းများချမှတ်၍ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပို့ဆောင်ရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကူညီနေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဒေါက်တာကံဇော်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## Myanmar Telecom Master Plan (မူကြမ်း)အား လေ့လာအကြံပြုနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေဖြင့် အများပြည်သူများမှ ကြိုတင်သိရှိ၍ လေ့လာအကြံပြုနိုင်ရန် အတွက် Myanmar Telecom Master Plan (မူကြမ်း)ကို ပြုစုထားကြောင်းနှင့် အဆိုပါမူကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များကို so- infol@ e-mcit.gov.mmသို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ် ၂၁၃ သိန်းလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ်အတွင်း ပြီးခဲ့သည့် ဇွန်လက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့ကြသည့် မောင်တော၊ ဘူးသီးတောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီမြို့နယ်ခြောက်မြို့နယ်မှ အိမ်ခြေ ၅၉၂ လုံး၊ ပျက်စီးဆုံးရှုံးခဲ့ပြီး လူဦးရေ ၂၆၇၈ ဦး ရေဘေးဒဏ်သင့်ခဲ့ရာ ထိုအိမ်ထောင်စုများအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များပူးပေါင်း၍ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို ဒဂုံမြို့နယ် ရှင်စောပုလမ်း တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ရုံး၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်း၍ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့လှူဒါန်း ငွေကျပ် ၂၁၃သိန်းကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမြ၊ ဒေါ်ခင်အေးနွယ်တို့က ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ဦးလှမောင်သိန်းသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ရခိုင်သဟာယအသင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

နေပြည်တော်အသင်းမှာ ပွဲအစတွင် ခြေအသာရခဲ့သော်လည်း ၁၂ မိနစ်တွင် နေပြည်တော်မှ ဘီတာနှင့် ရခိုင်မှ ပြည့်ဖြိုးကိုကိုတို့ တိုက်ရိုက် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရ၍ တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ရခိုင်အသင်းကစားပုံ ပိုကောင်းခဲ့ပြီး မိနစ် ၄၀ တွင် သီဟအောင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲတွင် ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်အချို့ အားနည်းချက်များရှိခဲ့ပြီး နေပြည်တော်မှ ရဲဇော်ထက်အောင်ကို အနီကတ်များပြမိ၍ အဝါကတ် ပြန်လည်ပြခဲ့ရသည်။

ဒုတိယပိုင်းမှာ နေပြည်တော်အသင်းက ချေပဂိုးရရှိရန် တရစပ်ဖိကစားခဲ့သော်လည်း ရခိုင်ဂိုးသမားသူရကိုကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ရခိုင်အသင်းမှ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ၈၁ မိနစ်တွင် ဝေဖြိုးလွင်က အနိုင်သေချာစေမည့် ဒုတိယအနိုင်ဂိုးကို သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

မနောမြေ-နှစ်ဂိုး

(စထက်နိုင်ဝင်း-တစ်ဂိုး

ဆောက်သမ်းမှ ဇော်ခါး

(ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)

ဆောက်သမ်း-တစ်ဂိုး

(ခိုင်ဇော်ထွန်း)

ဒုတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားပွဲစဉ်များအဖြစ် ရတနာပုံနှင့် ဟံသာဝတီ၊ မကွေးနှင့် GFA ၊ ဇွဲကပင်နှင့် ဧရာဝတီ၊ မနောမြေနှင့် ရခိုင်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ကွန်ကာကပ်ဖ် ရွှေဖလားဘောလုံးပြိုင်ပွဲ အနိုင်/အရှုံး

**အုပ်စု(က)**

| | | | | |
|---|---|---|---|---|
| ဟေတီ | ၁ | - | ၀ | ဟွန်ဒူးရပ်စ် |
| ပနားမား | ၁ | - | ၁ | အမေရိကန် |

❒ *ရှေ့ဖုံးမှ*

ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်စွာ တည်ရှိနေသည်။

အဆိုပါလမ်းကို ယခုအခါ ၁၂ ပေအကျယ် ကတ္တရာလမ်း ၂၇ မိုင် ၇ ဖာလုံ၊ ၁၈ ပေ အကျယ် ကတ္တရာလမ်း ၃၇ မိုင် ၇ ဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း တစ်မိုင်ရှိကြောင်း တံတားများနှင့် ရေထုတ်ပြွန်များ စုစုပေါင်း ၂၄၃ စင်းရှိ၍ ပေ ၁၈၀နှင့်အထက် တံတားကြီးလေးစင်းလည်းရှိကြောင်း၊ ပေ ၁၈၀ အထက် တံတားကြီးလေးစင်းအနက် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားကြီး နှစ်စင်းတည်ဆောက်ရန် ကျန်သေးကြောင်း၊ တောတောင်ထူထပ်၍ တောင်ကုန်းတောင်တန်းများ ပေါများပြီး မိုးများသည့်ဒေသဖြစ်သည့်အတွက် ကတ္တရာလမ်းများမှာ မိုးနည်းသောဒေသများထက် ပျက်စီးမှုပိုမိုများပြားလျင်မြန်ခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်သည့်အတွက် ပြင်ဆင်ထိန်းသိမ်းမှုများ ပိုမိုဆောင်ရွက်ရခြင်းတို့ရှိကြောင်း၊ ယခုအခါ ယာဉ်သွားလာမှု တိုးတက်များပြားလာသောကြောင့် လမ်းတံတားလုပ်ငန်းများကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ထားဝယ်ခရိုင် လမ်းဦးစီးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်ပြီး ပြည်သူတို့၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရက လမ်းများဖောက်၍ တံတားများ ဆောက်လုပ်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်း၌ လမ်း၂၂ လမ်း မိုင်ပေါင်း ၈၇၃ မိုင် ၃ ဖာလုံရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းငါးလမ်း၊ မိုင်ပေါင်း ၆၄၂ မိုင် ၃ ဖာလုံကို စီမံခန့်ခွဲလျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က လမ်း ၁၇ လမ်း၊ မိုင်ပေါင်း ၂၃၁ မိုင်ကို စီမံခန့်ခွဲလျက်ရှိသည်။

ယခုထားဝယ်ခရိုင် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထားဝယ်-ပလောက် ကားလမ်း ၆၇ မိုင်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး၌ နိုင်ငံတော်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၀၀၀ နှင့် ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၄၉၇ ဒသမ ၁၄ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၄၇၉ ဒသမ ၁၄ သန်းဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၆၈ သန်း ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ်သန်း ၄၇၀ ဒသမ ၂၀ စုစုပေါင်းရန်ပုံငွေကျပ် သန်း ၆၃၈ ဒသမ ၂၀ ဖြင့် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၆၉၈ ဒသမ ၃၀ ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၁၀၂၃၂ ဒသမ ၂၄ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၀၉၃၀ ဒသမ ၅၄ သန်း တို့ကို အသုံးပြု၍ လမ်းတံတားများ တည်ဆောက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြင်ထိန်းရန်ပုံငွေ နှစ်ရပ်ပေါင်း ငွေကျပ် ၄၂၄၄ ဒသမ ၂၃ သန်းဖြင့် လမ်းတံတားတည်ဆောက်ပြုပြင်လုပ်ငန်းများကို ဆောင်ရွက်နေသောကြောင့် မော်လမြိုင်-ထားဝယ်-မြိတ် အဝေးပြေးကားလမ်းမကြီးမှ (ထားဝယ်-ပလောက်)အပိုင်းသည် ဖြောင့်ဖြူးချောမွေ့ပေတော့မည်ဖြစ်သည်။

## စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်း

**တောင်ငူ ဇူလိုင် ၁၄**

တောင်ငူခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သူရ(တောင်ငူ)**

# အီရန်နှင့် အင်အားကြီးနိုင်ငံများ နျူကလီးယားမှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့

**ဗီယင်နာ ဇူလိုင် ၁၄**

အီရန်နှင့်ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံတို့ ဆယ်စုနှစ်တစ်ခုကျော်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ရသော နျူကလီးယားအရေးတွင် အင်္ဂါနေ့က အပြီးသတ်သဘောတူညီချက်တစ်ခုရရှိခဲ့သည်။

ဆွေးနွေးပွဲတွင် အီရန်ဘက်မှ နျူကလီးယားဗုံးထုတ်လုပ်မှုအစီအစဉ်ကို ကာလကြာရှည်ဆိုင်းငံ့ပေးထားလျှင် ကုလသမဂ္ဂ၊ အီးယူနှင့် အမေရိကန်တို့မှ အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း သဘောတူထားသည်။

အီရန်၏ တံခါးပိတ်ဝါဒကိုဖြေလျှော့ပေးပြီး အမေရိကန်နှင့် အီရန်သမ္မတတို့အကြား မူဝါဒရေးရာဆက်ဆံရေးတွင် အောင်မြင်မှုရရှိခဲ့သည်။

ဗီယင်နာရှိ အပြီးသတ်ဆွေးနွေးပွဲတွင် ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်တို့ သုံးပတ်ခန့် အကြိတ်အနယ်ဆွေးနွေးခဲ့ရသည်။

အပြီးသတ်သဘောတူညီချက်တွင် အီရန်ဘက်မှ သဘောတူညီချက်ကို ချိုးဖောက်ခဲ့လျှင် ၆၅ ရက်အတွင်း အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း အနောက်နိုင်ငံ သံအမတ်များက ဆိုသည်။

(ရိုက်တာ)



# ဆိုမာလီတွင် အယ်လ်ရှာဘတ်တိုက်ခိုက်မှုအတွင်း သေဆုံးသူ ၃၂ ဦးရှိ

**မိုဂါဒစ်ရှူး ဇူလိုင် ၁၄**

ဆိုမာလီနိုင်ငံတောင်ပိုင်း ရက်ဆယ်လီခရိုင်၌ အာဖရိကသမဂ္ဂတပ်များနှင့် အစ္စလာမ္မစ်အုပ်စု အယ်လ်ရှာဘတ်တို့အကြား တနင်္လာနေ့က တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ စစ်သွေးကြွ ၂၅ ဦးအပါအဝင် စုစုပေါင်း ၃၂ ဦး သေဆုံးသွားကြောင်း ဒေသတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါခရိုင်ကို အယ်လ်ရှာဘတ်စစ်သွေးကြွများက တိုက်ခိုက်လာခြင်းအပေါ် အစိုးရတပ်များနှင့် အေယူတပ်များက ပြန်လည်တိုက်ထုတ်ခဲ့စဉ် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ရက်ဆယ်လီမြို့တော်ဝန် ယူဆွပ်ဟာဂျီမိုဟာမက်က ပြောသည်။

နှစ်နာရီခွဲကြာ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားစဉ်မှာ အစိုးရတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း ဟာဂျီမိုဟာမက်က ဆင်ဟွာသို့ ပြောသည်။

"ကျွန်တော်တို့အနေနဲ့ တိုက်ပွဲမှာ စစ်သွေးကြွ ၂၅ ဦးကို သုတ်သင်နိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အစိုးရတပ်တွေက ထိန်းချုပ်နိုင်ပါပြီ"ဟု အဆိုပါမြို့တော်ဝန်က ပြောသည်။ "တိုက်ပွဲက အတော်လေးပြင်းထန်ပါတယ်။ သေဆုံးတဲ့သူတွေထဲမှာ အရပ်သားတွေလည်း အများအပြားပါဝင်ပါတယ်" ဟု ဒေသခံ ဂျယ်လီဝါဆိန်းက ဆင်ဟွာသို့ ပြောသည်။

အဆိုပါတိုက်ပွဲသည် နံနက်အစောပိုင်းတွင်ဖြစ်ပွားပြီးနောက် ဒေသခံအများအပြား နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ဟု ဆိုသည်။

အယ်လ်ရှာဘတ်သည် အယ်လ်ခိုင်ဒါ၏ မဟာမိတ်ဖြစ်ပြီး ဆိုမာလီအစိုးရကို တိုက်ခိုက်နေသောအဖွဲ့ဖြစ်သည်။ ဆိုမာလီအပြင် အိမ်နီးချင်း ကင်ညာနိုင်ငံတွင်လည်း တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်။

(ဆင်ဟွာ)



# မွေးနေ့ကိတ်ခိုးစားမှုကြောင့် ကလေးငယ်ကို သေအောင်ရိုက်သတ်

**ဝါရှင်တန် ဇူလိုင် ၁၄**

မွေးနေ့ကိတ်ကို ခိုးယူစားမှုကြောင့် ကြိုးတုပ်ရိုက်ခံခဲ့ရသော ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ မိခင်နှင့် ဦးလေးဖြစ်သူကို ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှု၊ လူသတ်မှုတို့နှင့် တရားစွဲဆိုထားကြောင်း ယမန်နေ့က ရဲဌာနက ပြောသည်။

မိခင်ဖြစ်သူ အော်ရီယာနာ ဂါဆီယာနှင့် ဦးလေးဖြစ်သူ ဂျက်ကော့ ဘရာဂျက်(စ်)တို့ကို အနောက်ဘက် ကမ်းရိုးတန်းဒေသသို့ ထွက်ပြေးတိမ်းရှောင်မှု



အော်ရီယာနာ ဂါဆီယာ

မပြုခင် အာဏာပိုင်များက တနင်္လာနေ့တွင် ဖမ်းဆီးခဲ့ကြောင်း ရဲစခန်းမှ သိရသည်။

ကလေးငယ် ဂျက် ဂါဆီယာသည် အရိုက်ခံရပြီးနောက် ဝါရှင်တန်ရှိ ကလေးကုသရေးစင်တာ၌ ကုသမှုခံယူပြီး ဇူလိုင် ၅ ရက်က သေဆုံးသွားကြောင်း ရဲပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂါဆီယာနှင့် ဘရာဂျက်(စ်)တို့ကို ဒုတိယတန်းစားလူသတ်မှုနှင့် ကလေးသူငယ်ကို သေစေနိုင်လောက်အောင် နှိပ်စက်မှုဖြင့် အရေးယူထားသည်။ ဇွန် ၃၀ ရက်က ၎င်း၏သားငယ် အရိုက်ခံရပြီး အရေးပေါ်ဆေးကုသမှုခံယူရန် ခွင့်မပြုခဲ့ကြောင်း ရဲဌာနမှ သိရသည်။

ဂါဆီယာ၏ချစ်သူ အသက် ၃၀ အရွယ် ရောဘတ်ဝီလ်ဆင်သည် ဝါရှင်တန်အနောက်မြောက်ပိုင်း မိုင် ၅၀ ခန့်အကွာ ဟာဂါစတုန်းရှိ ၎င်းတို့၏အိမ်၌ ကလေးငယ်က ခွင့်မတောင်းဘဲ မွေးနေ့ကိတ် ခိုးစားမှုကြောင့် ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။



ဝီလ်ဆင်က ကလေးငယ်ကို ကြိုးတုပ်ရိုက်ခဲ့ကြောင်းကို ဘရာဂျက်(စ်)က ဝန်ခံခဲ့သည်။ ဝီလ်ဆင်ကို အစောပိုင်းက ပထမတန်းစားနှင့် ဒုတိယတန်းစားပြစ်မှုအဖြစ် ကလေးငယ်ကို မဆင်မခြင် ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုထားသည်။

ကလေးငယ်မှာ ၎င်း၏မျက်နှာ၊ လည်ပင်း၊ ကျောကုန်း၊ တင်ပါး၊ ခြေထောက်နှင့် ဝမ်းဗိုက်တို့တွင် ဒဏ်ရာများစွာရရှိခဲ့ကြောင်း သိရသည်။

(ရိုက်တာ)

# ဂျပန်၌ တစ်ပတ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် လူ ၃၀၀၀ ကျော် ဆေးရုံတက်ခဲ့ရ

**တိုကျို ဇူလိုင် ၁၄**

ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ တစ်ပတ်အတွင်း ဂျပန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုကြောင့် လူပေါင်း ၃၀၀၀ ကျော် ဆေးရုံတက်ခဲ့ရပြီး လေးဦးသေဆုံးခဲ့ကြောင်း အစိုးရအချက်အလက်များတွင် ဖော်ပြထားသည်။

မီးဘေးနှင့် ဒုက္ခသည်များ စီမံရေးရာ အေဂျင်စီမှ ထုတ်ပြန်ထားသည့်ဇယားအရ ပြီးခဲ့သော သီတင်းပတ်တွင် ၄၇၁ ဦးရှိရာမှ ၆ ဒသမ ၅ ဆမြင့်တက်လာခဲ့ကြောင်း၊ ဆေးရုံတက်သူ စုစုပေါင်း၏ ထက်ဝက်ခန့်မှာ အသက် ၆၅ နှစ်နှင့် အထက် အသက်အရွယ်ကြီးသူများဖြစ်ကြောင်း သိရသည်။ အဆင့်အလိုက်သတ်မှတ်လျှင် ဆိုင်တာမာတွင် စုစုပေါင်း ၁၉၀၊ အိုဆာကာ၌ ၁၈၅ ဦးနှင့် ကူမာမိုတို၌ ၁၇၂ ဦး တို့ဖြစ်ကြောင်း သိရသည်။ အင်္ဂါနေ့က နိုင်ငံတွင်း၌ အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာမှုကြောင့် အပူဒဏ်မှကာကွယ်ရန် ဂျပန်မိုးလေဝသအေဂျင်စီမှ သတိပေးထုတ်ပြန်ထားသည်။

(ဆင်ဟွာ)

# ပဋိပက္ခများအတွင်း အီရတ်အရပ်သား ၁၅၀၀၀ သေဆုံးခဲ့ရ

**ဂျီနီဗာ ဇူလိုင် ၁၄**

အီရတ်နိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ပဋိပက္ခများအတွင်း အရပ်သား ၁၅၀၀၀ သေဆုံးပြီး ၃၀၀၀၀ ဒဏ်ရာရခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖိန်းဒူဂျာရစ်က တနင်္လာနေ့က ကုလသမဂ္ဂ၌ ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ်ဇန်နဝါရီ ၁ ရက်မှ ၂၀၁၅ ခုနှစ် ဧပြီလကုန်အထိ အနည်းဆုံးအရပ်သား ၄၄၁၃၆ ဦးမှ ၁၄၉၄၇ ဦးသေဆုံးခဲ့ပြီး ၂၉၁၈၉ ဦး ဒဏ်ရာရခဲ့ကြောင်း တနင်္လာနေ့က ထုတ်ပြန်သော ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုပဋိပက္ခများအတွင်း လူပေါင်း ၂ ဒသမ ၈ သန်းသည် ဘေးကင်းရာ မြို့ရွာများသို့ စွန့်ခွာထွက်ပြေးခဲ့ရပြီး ယင်းတို့တွင် ကလေး ၁ ဒသမ ၃ သန်းပါဝင်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ရုံးမှ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အရပ်သားများသေဆုံးမှုများပြားသော ဒေသများမှာ အိုင်အက်စ်တို့ ထိန်းချုပ်ရာဒေသများဖြစ်သည်ဟု ဆိုသည်။ ရာဇဝတ်အသိုင်းအဝိုင်းမှ အမျိုးသား အမျိုးသမီး ၃၀၀၀ မှ ၃၅၀၀ ခန့် ပါဝင်ပြီး အခြားသောလူမျိုးစုနှင့် ဘာသာရေးအဖွဲ့အစည်းများမှလည်းပါဝင်ရာ အိုင်အက်စ်တို့၏ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများလည်းပါဝင်သည်ဟု ဆိုသည်။

(ဆင်ဟွာ)

# တရုတ်၊ ရုရှားနှင့် အိုင်အက်စ်တို့အပေါ် အာရုံစိုက်သည့် အမေရိကန်စစ်ဗျူဟာ

**သုခနု**



အမေရိကန်စစ်ရေးမဟာဗျူဟာသစ်က အင်အားပြန်လည်တောင့်တင်းလာသည့် ရုရှားနှင့် တရုတ်တို့ကဲ့သို့သောနိုင်ငံများ၏ ခြိမ်းခြောက်မှုကြီးထွားလာသည့်အပေါ် အာရုံစိုက်နေခဲ့သလို အသစ်ပေါ်ပေါက်လာသည့် စိန်ခေါ်မှုဖြစ်သော အိုင်အက်စ် (အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေး) စစ်သွေးကြွများကိုလည်း အမေရိကန်စစ်သည်ဦးရေ အကန့်အသတ်ဖြင့် ပူးပေါင်းတိုက်ခိုက်လျက်ရှိသည်။

အမေရိကန်ပူးတွဲစစ်ဦးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေး၏ နိဒါန်းအမှာစာ ၂၄ မျက်နှာပါရှိသည့် နိုင်ငံတော် စစ်ရေး မဟာဗျူဟာ ၂၀၁၅ ကို လွန်ခဲ့သည့်သီတင်းပတ်က ထုတ်ပြန်ခဲ့သည်။ ဗိုလ်ချုပ်ကြီး၏အမှာစာတွင် လက်ရှိအနေအထားအရ အမေရိကန်နိုင်ငံအနေဖြင့် အထက်ပါနှစ်နိုင်ငံနှင့်ရော နိုင်ငံမဟုတ်သည့် အဖွဲ့အစည်းများနှင့်ပါ အရေးနိမ့်နိုင်ခြေရှိမှုများနှင့် ပတ်သက်၍ ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်ကထုတ်ပြန်ခဲ့သည့် နိုင်ငံတော်စစ်ရေးမဟာဗျူဟာ ထုတ်ပြန်ခဲ့ချိန်ကတည်းက ကမ္ဘာလုံးဆိုင်ရာကစဉ့်ကလျားဖြစ်မှုများသည် သိသိသာသာများပြားလာခဲ့သလို ကျွန်ုပ်တို့၏ ပြိုင်ဘက်များသည် စစ်ဘက်ရေးရာတွင် အရေးသာပြီး တရွေ့ရွေ့တိုက်စားနေခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ကျွန်ုပ်တို့သည် တစ်ပြိုင်နက်တည်း စစ်မျက်နှာအများအပြားကို ရင်ဆိုင်နေရပြီး အစဉ်အလာပြိုင်ဘက်နိုင်ငံများနှင့်ရော ဒေသတွင်းကွန်ရက်ကို ဖြတ်ကျော်အင်အားကောင်းလာသည့် နိုင်ငံမဟုတ်သည့်အဖွဲ့အစည်းများနှင့်ပါ လုံခြုံရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ဗိုလ်ချုပ်ကြီးက ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ယင်းအခက်အခဲများကို နှစ်များစွာအချိန်ယူဖြေရှင်းရလိမ့်မည်ဖြစ်ကြောင်းနှင့် အချိန်တိုတိုအတွင်း ဖြေရှင်းနိုင်သည့် ပြဿနာများထက် အချိန်ပေးဖြေရှင်းရမည့်ပြဿနာများကို ပိုမိုရင်ဆိုင်လာရဖွယ်ရှိကြောင်း ၎င်းက သတိပေးထားသည်။ ယင်းမဟာဗျူဟာသည် ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆေး၏ နောက်ဆုံးချမှတ်ပေးခဲ့သည့် မဟာဗျူဟာအဖြစ် ကျန်ရစ်နေခဲ့ဖွယ်ရှိပြီး ဗိုလ်ချုပ်ကြီးသည် အောက်တိုဘာလတွင် အနားယူကာ သမ္မတအိုဘားမားက သူ့နေရာကိုဆက်ခံရန် ရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်းဖို့ဒ်ကို အမည်စာရင်းတင်သွင်းခဲ့သည်။

ယခုထုတ်ပြန်သည့် စစ်ရေးမဟာဗျူဟာသစ်နှင့် ၂၀၁၁ ခုနှစ်က ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မိုက်မူလန်ထုတ်ပြန်ခဲ့သည့် စစ်ရေးမဟာဗျူဟာနှစ်ခု၏ ကွဲပြားမှုမှာ အခြားနိုင်ငံများနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရဖွယ်ရှိမှုများကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အမေရိကန်တပ်များသည် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှု စစ်ဆင်ရေးများတွင် အဓိကအားဖြင့် ပါဝင်ဆင်နွှဲခဲ့ရပြီး ယနေ့အချိန်အခါနှင့် နောင်လာမည့်အနာဂတ်တွင် နိုင်ငံများ၏ ခြိမ်းခြောက်မှုများကို အလေးထားအာရုံစိုက်သွားရမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ အင်အားသည် ဒေသတွင်း၌ ဦးဆောင်နိုင်မှုမှသည် အမေရိကန်မြေပေါ်ထိ ခြိမ်းခြောက်လာနိုင်ဖွယ်ရှိကြောင်း မဟာဗျူဟာတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံနှင့် ဥရောပအရှေ့ပိုင်းတွင် ဖြစ်ပွားနေသော စစ်ပွဲများဖြင့် ခြိမ်းခြောက်မှုနှင့် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တွင် လူလုပ်ကျွန်းတုများ တည်ဆောက်နေခြင်းတို့ကို ယင်းမဟာဗျူဟာက ထောက်ပြသတိပေးထားသည်။

ရုရှားနိုင်ငံသည် ၎င်း၏အိမ်နီးချင်းနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားမှုမရှိကြောင်းနှင့် ရုရှားနိုင်ငံ၏ စစ်ဘက်ရေးရာလှုပ်ရှားမှုများသည် ဒေသတွင်းလုံခြုံရေးကို တိုက်ရိုက်နည်းဖြင့်ရော သွယ်ဝိုက်သောနည်းဖြင့်ပါ ခြိမ်းခြောက်လျက်ရှိသည်ဟု ဖော်ပြထားသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ အပြုအမူများသည် အာရှ-ပစိဖိတ်ဒေသ တင်းမာမှုကို မြင့်တက်စေသည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံသည် နိုင်ငံတကာဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ တောင်တရုတ်ပင်လယ်အနီးတစ်ဝိုက်ကို ၎င်း၏ပိုင်နက်နယ်မြေအဖြစ် သတ်မှတ်ထားသည်ဟု မဟာဗျူဟာတွင် ဖော်ပြထားသည်။

ယင်းသို့သောပြဿနာများ ဖြေရှင်းရာတွင် အကျပ်ကိုင်မှု သို့မဟုတ် နိုင်ထက်စီးနင်းမှုမပြုလုပ်ဘဲ ပူးပေါင်းဖြေရှင်းရန် နိုင်ငံတကာအသိုင်းအဝိုင်းက တရုတ်နိုင်ငံကို တောင်းဆိုထားကြောင်းနှင့် တရုတ်နိုင်ငံက နိုင်ငံတကာ ရေကြောင်းသွားလာမှု လမ်းကြောင်းများတွင် တပ်များချထားသွားမည်ဟု ရန်လိုသည့်အပြုအမူဖြင့် တုံ့ပြန်ခဲ့သည်ဟု မဟာဗျူဟာတွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့က အဆိုပါစွပ်စွဲချက်များကို ချက်ချင်းငြင်းပယ်ခဲ့ကြသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စ်ကော့ဗ်က အမေရိကန်နိုင်ငံ၏ မဟာဗျူဟာသည် ထိပ်တိုက်ရင်ဆိုင်တွေ့လိုသည့် သဘောရှိပြီး မိမိတို့နိုင်ငံအတွက် လုံးဝလက်တွေ့မကျဟု ဆိုသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးဟွာချောင်ယင်းက အမေရိကန် မဟာဗျူဟာတွင် တရုတ်နိုင်ငံနှင့်ပတ်သက်၍ မဟုတ်မမှန်ပုံကြီးချဲ့ ဖော်ပြထားမှုများမှာ ကျေနပ်နိုင်စရာမရှိဘဲ ကန့်ကွက်ကြောင်း တုံ့ပြန်ခဲ့ပြီး မိမိတို့အနေဖြင့် တောင်တရုတ်ပင်လယ်ရှိ ကျွန်းများတည်ဆောက်ရေးအတွက် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ရှင်းလင်းဖော်ပြထားပြီးဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် စစ်အေးခေတ်အယူအဆ စိတ်နေစိတ်ထားများကို စွန့်လွှတ်သင့်ပြီဖြစ်ကြောင်း ပြောကြားသည်။

ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့တွင် ထကြွလှုပ်ရှားနေသည့် အိုင်အက်စ်စစ်သွေးကြွများနှင့် အခြားသော အစွန်းရောက်အကြမ်းဖက် အဖွဲ့အစည်းများ၏ ပြဿနာနှင့်ပတ်သက်၍လည်း နိုင်ငံများ၏ခြိမ်းခြောက်မှုနှင့် မတူသည့်ပုံစံဖြင့် အမေရိကန်နိုင်ငံက ရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ကြောင်း မဟာဗျူဟာတွင် နှိုင်းယှဉ်ဖော်ပြထားသည်။

ယနေ့အချိန်အခါတွင် အမေရိကန်နိုင်ငံသည် နိုင်ငံအချင်းချင်းဖြစ်ပွားသည့် စစ်ပွဲများတွင် အင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပါဝင်ပတ်သက်ရမှုများ များပြားလျက်ရှိပြီး ပါဝင်ပတ်သက်ရသည့် အကြောင်းအရာများကလည်း အလွန်အရေးပါလျက်ရှိသည်ဟု မဟာဗျူဟာတွင် ဖော်ပြထားသည်။

အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများသည် ၎င်းတို့အခြေစိုက်သည့်ဒေသမှ အခြားဒေသတစ်ခု၏လုံခြုံရေးကို အစွန်းရောက်အတွေးအခေါ်များပါသည့် နည်းပညာများဖြင့် ရုတ်တရက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်စွမ်းရှိသည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် ပဋိပက္ခဖြစ်ပွားသည့် ဒေသတစ်ခုတွင်နေထိုင်ပြီး နည်းပညာများ၊ သတင်းအချက်အလက်များဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ခရိုင်းမီးယား၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခတွင် တပ်ဖွဲ့ဝင်များသည် မည့်သည့်နိုင်ငံသားမျှ မဟုတ်သည့်အသွင်ဖြင့် ပါဝင်ပတ်သက်ခဲ့ဖွယ်ရှိသလို ဆီးရီးယားနှင့် အီရတ်နိုင်ငံတွင် လှုပ်ရှားနေသည့် အိုင်အက်စ်တို့သည် ၎င်းတို့သိမ်းပိုက်ထားသည့် နယ်မြေပေါ်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို စုစည်းထားနိုင်ခဲ့ကြောင်း မဟာဗျူဟာတွင် ဖော်ပြထားသည်။

**၂၀၁၁ ခုနှစ်က ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်စစ်ရေးမဟာဗျူဟာ ထုတ်ပြန်ခဲ့ချိန်ကတည်းက ကမ္ဘာလုံးဆိုင်ရာကစဉ့်ကလျားဖြစ်မှုများသည် သိသိသာသာ များပြားလာခဲ့သလို ကျွန်ုပ်တို့၏ပြိုင်ဘက်များသည် စစ်ဘက်ရေးရာတွင် အရေးသာပြီး တရွေ့ရွေ့တိုက်စားနေခဲ့ပြီးဖြစ်**



## ကင်တတ်ကီ၌ ရေကြီးမှုဖြစ်ပွား လူများစွာပျောက်ဆုံး

**နယူးယောက် ဇူလိုင် ၁၄**

ကင်တတ်ကီ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပွားသောကြောင့် တနင်္လာနေ့နှောင်းပိုင်းက လူတစ်ဦးသေဆုံးပြီး ဒါဇင်ဝက်ခန့်မှာ ပျောက်ဆုံးနေကြောင်း ဒေသမီဒီယာများတွင် ဖော်ပြသည်။

လက်ဆင်တန်ရှေ့ဘက် ၁၂၅ မိုင်ခန့်အကွာ ဂျွန်ဆင်စီရင်စုရှိ ရေလွှမ်းမိုးနေသော လမ်းမကြီးပေါ်တွင် အမျိုးသားတစ်ဦးကားအတွင်းမှ လွင့်စဉ်နစ်မြုပ်သေဆုံးခဲ့သည်ဟု သိရသည်။

ကလေးငယ်တစ်ဦး အပါအဝင် အခြားခြောက်ဦးမှာ ရေကြီးမှုဖြစ်ပွားပြီး ပျောက်ဆုံးနေကြောင်း ဒေသတွင်း သတင်းစာတစ်စောင်က ဖော်ပြသည်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းလုပ်ဆောင်မည်ဖြစ်ကြောင်း စီရင်စုရှိ အရေးပေါ်စီမံရေးရာဌာန လုပ်သားတစ်ဦးက ပြောသည်။ ပျောက်ဆုံးအရေအတွက်ကို အတည်မပြုနိုင်သေးကြောင်း ၎င်းက ပြောသည်။ အင်္ဂါနေ့အစောပိုင်းနှင့် ယမန်နေ့ညက တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းနှင့် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောသည်။

အီလီနွိုက်ပြည်နယ်၊ အင်ဒီးယားနာနှင့် အိုဟိုင်းယိုးအနောက်တောင်ပိုင်း၌ အင်္ဂါနေ့အစောပိုင်းက မုန်တိုင်းများ တိုက်ခတ်ခဲ့ကြောင်း သိရသည်။ မုန်တိုင်းများ တိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး သစ်ပင်များပြိုလဲကာ လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း ကင်တတ်ကီ အရေးပေါ်စီမံရေးရာ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ရေကြီးမှုကြောင့် အိမ်အလုံးပေါင်း ၆၀ခန့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# အခွန်ထမ်းတာဝန် ကျေပွန်ကြပါစို့

**မောင်သော်ဇ (အုပ်ချုပ်ရေး)**

၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်သည်ဟု ဆိုချင်ပါသည်။ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ လွှတ်တော်အရပ်ရပ်ပေါ်ပေါက်ခဲ့သလို ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။ ယင်းသို့ဖြစ်တည်မှုများနှင့်အတူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည်လည်း အရှိန်အဟုန်ဖြင့်ပေါ်ထွန်းခဲ့သည်ကို တွေ့ရသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ်သို့ ပြုပြင်ပြောင်းလဲတည်ဆောက်နေသော အချိန်အခါဖြစ်သည်။ ယင်းသို့တည်ဆောက်ရာတွင် အစိုးရတစ်ဖွဲ့တည်းမှ တည်ဆောက်၍မရပေ။ နိုင်ငံသားအားလုံး ဝိုင်းဝန်းကူညီကြမှသာလျှင် အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များ"ကို အသေးစိတ်အတိအလင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့် နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်များကို ရယူခံစားပိုင်ခွင့်ရှိသလို နိုင်ငံသားတစ်ဦးချင်း၏ ထမ်းဆောင်ရမည့်တာဝန်များကိုလည်း သတ်မှတ်ထားပြီးဖြစ်သည်။

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံ၏အသက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အသုံးပြုသောဥပဒေသည် လူအများက ရွေးကောက်တင်မြှောက်လိုက်သော၊ ဥပဒေပြုအဖွဲ့ဝင်များက ပြဋ္ဌာန်းလိုက်သောဥပဒေဖြစ်သဖြင့် ၎င်းဥပဒေကို လူအများက ကောင်းစွာလိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ မိမိတို့တင်မြှောက်လိုက်သော ကိုယ်စားလှယ်များက ပြဋ္ဌာန်းသည့်ဥပဒေကို မိမိတို့မှမရိုသေလျှင် မိမိတို့ပြဋ္ဌာန်းသော ဥပဒေကို မရိုသေရာကျပေသည်။ ထို့ကြောင့် ဥပဒေကို လူတိုင်းရိုသေကြရန်၊ စည်းကမ်းကို လိုက်နာကြရန်လိုပေသည်။ စာရေးသူအနေဖြင့် ယခုကဲ့သို့ နိဒါန်းချီနေရသည်မှာ အကြောင်းရှိပါသည်။ ဥပဒေများ၊ စည်းကမ်းများ၊ မည်သို့ပင် ရေးဆွဲချမှတ်ထားသော်လည်း လက်တစ်လုံးခြား လှည့်ပတ်ချိုးဖောက်နေကြသူများအား တွေ့မြင်နေရသောကြောင့် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအားလုံး၌ တာဝန်ရှိပါသည်။ ယင်းသို့ ကဏ္ဍအသီးသီးတွင် တာဝန်ရှိသည့်အနက် နိုင်ငံတော်မှကောက်ခံသော အခွန်အခများမှာလည်း အရေးကြီးသော ကဏ္ဍမှပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ရသင့်ရထိုက်သော အခွန်အခများကို ပြည့်ဝစွာကောက်ခံရရှိပါမှ ပြည်သူလူထုများအတွက် လိုအပ်သောပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လူမှုရေး၊ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်ရေးစသော လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၎င်းနေရာတွင် အခွန်စနစ် စတင်ပေါ်ပေါက်လာပုံကို အနည်းငယ်ရှင်းပြလိုပါသည်။ ကမ္ဘာပေါ်တွင် အခွန်စနစ် ပေါ်ပေါက်လာမှုသည် အတော်ပင် ရှေးကျသည့်ကာလက စတင်ပေါ်ပေါက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မည်မျှရှေးကျသည်ဆိုပါမူ အဆိုပါအခွန်စနစ် ပေါ်ပေါက်ချိန်သည် ကမ္ဘာပေါ်တွင် တိုင်းပြည်၊ နိုင်ငံ၊ မြို့ပြများနှင့် ဘုရင်၊ မင်း၊ သမ္မတ၊ အစိုးရ စသည့်အုပ်ချုပ်သူများပင် ပီပြင်စွာမပေါ်ပေါက်သေးသော ကာလကပင် စတင်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းအပြင် ငွေစ၊ ကြေးစ၊ ဒင်္ဂါး စသည့် ငွေကြေးသုံးစွဲသည့်စနစ်ပင် မပေါ်ပေါက်သေးသည့် ရောင်းသူဝယ်သူနှစ်ဦးတို့မှ ပစ္စည်းချင်းဖလှယ်ကြ၍ ရောင်းဝယ်ကြရသည့် အချိန်ကာလမျိုးဖြစ်သည်။

အခွန်သမိုင်း၏ စတင်ပေါ်ပေါက်လာခဲ့ရပုံမှာ ရှေးအခါက ကမ္ဘာကြီးတွင် ကျေးရွာဆန်ဆန် လူများ အုပ်စုလိုက်စုဖွဲ့၍နေကြချိန်တွင် အုပ်ချုပ်သူလူတန်းစား မပေါ်ပေါက်သေးဘဲ အဆိုပါ လူအုပ်စုများအတွင်းတွင် သူတို့သည် မိမိတို့ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်၍ရသော ပစ္စည်းများအား နေထိုင်ရာအိမ်စုများအလယ်ရှိ မြေကွက်လပ် (Market Place) ကဲ့သို့ နေရာမျိုးတွင် ဆုံကြ၍ ပစ္စည်းများဖလှယ်ကြရသည့် အချိန်မျိုးဖြစ်ပါသည်။ အဆိုပါနေရာများသို့ တစ်အုပ်စုနှင့်တစ်အုပ်စု လူများသည် ပစ္စည်းများသယ်လာကြ၍ ဖလှယ်ခဲ့ကြပါသည်။ ထိုသို့ တစ်အုပ်စုနှင့် တစ်အုပ်စုကူးသန်းသွားလာကြရာတွင် လူဆိုး၊ ဓားပြများမှ လုယက်မှုကိုခံကြရခြင်း၊ စုပေါင်းနေထိုင်သည့် အုပ်စုလိုက်အိမ်များတွင်လည်း ညအချိန်လုယက်ခံရခြင်းတို့ကြောင့် လူအများစုမှ စုပေါင်းစည်းဝေးတိုင်ပင်ကြပြီး ၎င်းလူဆိုး၊ ဓားပြများ၏ အန္တရာယ်ကိုကာကွယ်ရန် နည်းလမ်းရှာခဲ့ကြပါသည်။ ထိုအခါ အုပ်စုအတွင်းတွင် တည်ကြည်၍ သမာဓိရှိပြီး ယုံကြည်ရမည့်သူတစ်ဦးအား ရွေးချယ်ကာ ၎င်းအား အုပ်စုနေလူထု၏ အန္တရာယ်ကို ကာကွယ်ရေးတွင် ဦးဆောင်ပေးပါရန် တာဝန်ပေးကြပါသည်။ အဆိုပါခေါင်းဆောင်များမှ အုပ်စုလူထုအား ကာကွယ်ရန်လူများ ရွေးချယ်ဖွဲ့စည်း၍ တုတ်၊ ဓား၊ လက်နက်များတပ်ဆင်ပြီး ကာကွယ်ရေးအဖွဲ့ဖွဲ့စည်းကာ လူဆိုး၊ ဓားပြများအား တွန်းလှန်ကာကွယ်စေခဲ့ကြကြောင်း သိရှိရပါသည်။ ထိုခေါင်းဆောင်အား လူထုမှနှစ်စဉ် ၎င်းတို့ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်၍ရသည့်ပစ္စည်းများထဲမှ ဆယ်ဖို့တစ်ဖို့၊ ဆယ်ပွင့်တစ်ပွင့်၊ ဆယ်ခိုင်တစ်ခိုင်၊ ဆယ်လုံးတစ်လုံးပေးအပ်ကြရန် သဘောတူဆုံးဖြတ်ခဲ့ရာမှ ဦးစီးဦးဆောင်ပြု၍ အန္တရာယ်ကာကွယ်ပေးသူတို့ အဆိုပါ ဆယ်ဖို့တစ်ဖို့ပေးအပ်ခြင်းမှသည် အခွန်ပေးဆောင်သည့်စနစ် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုအချိန်မှစ၍ တစ်စထက်တစ်စ တိုးတက်လာပြီး နိုင်ငံ၊ တိုင်းပြည်၊ အစိုးရမင်းများ၊ သမ္မတများနှင့် ပြည်သူလူထုအကြား အခွန်စနစ်သည် တဖြည်းဖြည်း ပိုမိုထွန်းကား ကျယ်ပြန့်လာခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အခွန်စနစ်ကို မလွဲမသွေကျင့်သုံးရပါသည်။ ယင်းသို့ အခွန်ကောက်ခံရာတွင် နိုင်ငံတော်မှ ကောက်ခံသောအခွန် (၁၄)မျိုးခန့်ရှိပြီး ဌာန(၇)ခုမှ တာဝန်ယူကောက်ခံလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယင်းသို့ကောက်ခံလျက်ရှိသော အခွန်(၁၄)မျိုးခန့်တွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်လေးမျိုးရှိရာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဝင်ငွေခွန်
(၂) ကုန်သွယ်လုပ်ငန်းခွန်
(၃) အောင်ဘာလေသိန်းဆုခွန်
(၄) တံဆိပ်ခေါင်းခွန်

စာရေးသူအနေဖြင့် အခွန်ကိစ္စများကို အသေးစိတ်ချပြလိုခြင်းမဟုတ်ပါ။ စာရေးသူမှာ ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းမဟုတ်သဖြင့်လည်း အခွန်ဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်နှံ့စပ်ခြင်းမရှိပါ။ စာရေးသူအဓိကထောက်ပြလိုသည်မှာ အထက်ဖော်ပြပါ အခွန်လေးမျိုးထဲမှ အချို့သော စားသောက်ဆိုင်လုပ်ငန်းရှင်အချို့၏ အနည်းငယ်သော ငွေကြေးလေးအပေါ်တွင်ပင် မရိုးမသားဆောင်ရွက်နေကြခြင်းကို တွေ့မြင်နေရသဖြင့် ထောက်ပြလိုခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၉၈)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားရာအခွန်ဆိုသည်မှာ နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့်တာဝန်ဖြစ်ပါသည်။ ယင်းသို့အခွန်ထမ်းဆောင်ရာတွင် ပြည်သူလူထုအများစုမှာ ဝင်ငွေများပြားစွာရရှိကြသည့် လုပ်ငန်းရှင်ကြီးများမဟုတ်ကြသဖြင့် ဝင်ငွေခွန်အားထမ်းဆောင်ရခြင်းမရှိကြပါ။ သို့သော်လည်း ပြည်သူလူထုအများစုမှာ မိမိတို့ထမ်းဆောင်နေကြရမှန်းပင် မသိကြသော (Commercial Tax)ခေါ် ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်နေကြရသည့် အခွန်ထမ်းများဖြစ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကုန်သွယ်လုပ်ငန်းခွန်ဆိုသည်မှာ ဝယ်ယူစားသုံးသူတို့မှ တိုက်ရိုက်ပေးဆောင်ရခြင်းမရှိသည့် ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်ရောင်းချသူ၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများက တစ်ဆင့် ကောက်ခံသည့် သွယ်ဝိုက်ခွန်အမျိုးစားဖြစ်ပါသည်။ အဆိုပါကုန်သွယ်လုပ်ငန်းခွန်တွင် အခွန်ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်အမျိုးအစားများကို လည်းကောင်း၊ ငါးရာခိုင်နှုန်း အခွန်ပေးဆောင်ရသော ကုန်စည်အမျိုးအစားများကို လည်းကောင်း ပြဋ္ဌာန်းထားရာ အကျယ်ချဲ့ပြီး မရှင်းလိုပါ။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ(၃၉၈)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားရာ အခွန်ဆိုသည်မှာ နိုင်ငံသားတိုင်းထမ်းဆောင်ရမည့် တာဝန်ဖြစ်ပါသည်**

၎င်းနေရာတွင်တင်ပြလိုသည်မှာ စားသုံးသူများက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်နေကြရသော်လည်း နိုင်ငံတော်မှ ရရှိခြင်းမရှိသည့် တချို့သောစီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ရပ်အကြောင်းဖြစ်ပါသည်။ စာရေးသူ၏မိတ်ဆွေတစ်ဦးမှာ အပေါင်းအသင်းများနှင့် မန္တလေးမြို့ရှိ နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်၌ သွားရောက်စားသောက်ခဲ့ကြပါသည်။ စားသောက်အပြီးတွင် ကျသင့်ငွေရှင်းရန်ပြေစာတောင်းရာ ပြေစာတွင် ကုန်ကျငွေစုစုပေါင်း၏ ငါးရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ထည့်ပေါင်းတွက်ချက်ထားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကောက်ခံသော ကုန်သွယ်လုပ်ငန်းခွန်အတွက် အခွန်တံဆိပ်ခေါင်းများအား ကပ်ထားခြင်းမရှိပါ။ စာရေးသူ၏ မိတ်ဆွေမှ တံဆိပ်ခေါင်းမကပ်သလဲဟု မေးမြန်းရာ ဆိုင်မှာ တံဆိပ်ခေါင်းကုန်နေကြောင်း ဖြေရှင်းပါသည်။ စာရေးသူ၏ မိတ်ဆွေလည်း တံဆိပ်ခေါင်းမကပ်ထားလျှင် ၎င်းအခွန်ငွေအား မပေးနိုင်ကြောင်း၊ တံဆိပ်ခေါင်းကုန်နေလျှင် ၎င်းအခွန်ငွေအား ထည့်သွင်းမတွက်သင့်ကြောင်းပြောပြီး ကျသင့်ငွေအား ရှင်းပေးခဲ့သည်။ အကယ်၍ အဆိုပါ ကုန်သွယ်လုပ်ငန်းခွန်အား ထည့်သွင်းပေးချေခဲ့လျှင်လည်း နိုင်ငံတော်မှ ရရှိမည်မဟုတ်ပါ။ အဆိုပါ ဆိုင်ပိုင်ရှင်သာ ရရှိသွားမည်ဖြစ်ပါသည်။

စာရေးသူ၏ နောက်ထပ်မိတ်ဆွေတစ်ဦး ကြုံရသည်မှာ တစ်မျိုးဖြစ်ပါသည်။ စားသောက်ဆိုင်တွင် ငွေရှင်းရန်ပြေစာတောင်းသောအခါ ပြေစာတွင် ကုန်သွယ်လုပ်ငန်းခွန်အား တစ်ပါတည်းတွက်ချက်၍ ထည့်သွင်းတောင်းခံပါသည်။ တွက်ချက်သည့်အတိုင်း တံဆိပ်ခေါင်းများလည်း ကပ်ထားပါသည်။ သို့ရာတွင် ပြေစာအား သေချာစွာစစ်ကြည့်သောအခါ တံဆိပ်ခေါင်းများမှာ အခြားသောပြေစာတစ်စောင်မှ ခွာယူ၍ ပြန်ကပ်ထားခြင်းဖြစ်ပါသည်။ ဆိုင်ရှင်အနေဖြင့် ၎င်းအခြားတစ်ဆိုင်ဆိုင်တွင် သုံးထားသောပြေစာမှ တံဆိပ်ခေါင်းများပြန်ခွာပြီး သုံးထားခြင်းဖြစ်နိုင်သလို ငွေရှင်းပြီး ပြေစာယူသွားခြင်းမရှိသော စားသုံးသူတစ်ဦးဦး၏ပြေစာမှ တံဆိပ်ခေါင်းများကိုခွာ၍ ပြန်လည် အသုံးပြုထားခြင်းလည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ အထက်ဖော်ပြပါ ဖြစ်ရပ်နှစ်ခုလုံးတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ငွေများဆုံးရှုံးရသည်သာ ဖြစ်ပါသည်။

ယခုတင်ပြခဲ့သည်မှာ စာရေးသူတွေ့ရှိသမျှလေးပေါ်တွင်အခြေခံ၍ တင်ပြရခြင်းဖြစ်ပါသည်။ အခြားသော အလားတူကိစ္စရပ်များလည်း ရှိနိုင်ပါသေးသည်။ သို့ဖြစ်ပါ၍ စာဖတ်သူတို့အနေဖြင့် အလားတူကိစ္စရပ်မျိုးကြုံတွေ့ပါက ပြေစာများအား သေချာစွာစိစစ်စေလိုပါသည်။ အချို့သောဆိုင်များက ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)ဟု ဖော်ပြနိုင်သလို အချို့သောဆိုင်များက (Government Tax)ဟု ဖော်ပြနိုင်ပါသည်။ မည်သို့မျှ ဖော်ပြခြင်းမရှိဘဲ ကျသင့်သည့်တန်ဖိုးအား အခွန်တံဆိပ်ခေါင်းကပ်၍လည်း ကောက်ခံနိုင်ပါသည်။ စိစစ်မှန်ကန်၍ ငွေပေးချေမည်ဆိုပါက သင်နိုင်ငံသားတစ်ဦး၏တာဝန် ကျေပွန်ပြီဖြစ်ပါသည်။ ငွေပေးချေပြီးသော ပြေစာအား တစ်ပါတည်း ယူခဲ့ရန်လိုပါသည်။

ယခုကဲ့သို့ကိစ္စရပ်များ ဖြစ်ပေါ်နေရသည်မှာ မပြောပလောက်သော ငွေကြေးလေးအပေါ်တွင် လုပ်ငန်းရှင်အချို့မှ မတော်လောဘကြောင့်ဖြစ်ပြီး စားသုံးသူအချို့မှလည်း သေချာစွာစိစစ်မှုမရှိခြင်း၊ ငွေပေးပြေစာအား မယူခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေပေးပြေစာအား သေချာစွာစိစစ်ပြီး မိမိနှင့်တစ်ပါတည်းယူခဲ့ခြင်းအားဖြင့် အခွန်ထမ်းတာဝန်ကျေပွန်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## သက်မွေးပညာသင်တန်းကျောင်း ၈၀ ရာခိုင်နှုန်းပြီးစီး

**စဉ့်ကူး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ညောင်ပင်ကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှဦးစီး၍ ရွာ၏အရှေ့ဘက်အလျားပေ ၄၀၀၊ အနံပေ ၂၇၀ (၃ဒသမ ၅၆)ဧကရှိ တည်ဆောက်လျက်ရှိသော အမျိုးသမီးသက်မွေးပညာ အိမ်တွင်းမှုသင်တန်းကျောင်း (ညောင်ပင်ရွာ)မှာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မကြာတော့သည့်ကာလတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းကို ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသအရှင်မြတ်၏ ဩဝါဒကိုခံယူပြီး မတ် ၃၀ ရက်မှာ ပန္နက်တင်ခဲ့ပါတယ်။ လုပ်ငန်းများကို ဧပြီလမှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အခု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီး အချောကိုင်ဆေးသုတ်လုပ်ငန်းနဲ့ တံခါးပေါက်တွေတပ်ရုံသာ ကျန်ရှိပါတော့တယ်။ ဩဂုတ်လမှာပြီးမယ်လို့ ခန့်မှန်းထားပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးအောင်တင်က ပြောသည်။ **ဝင်းမောင်**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော်နာယက ကုလအတွင်းရေးမှူးချုပ်ထံမှ လူကုန်ကူးမှုနှင့် လှေစီးသွားလာသူများဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် ပြန်ကြားလွှာအားဖတ်ကြား

## ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ယခုကိစ္စအပြင် အခြားကိစ္စရပ်များတွင်လည်း အပြုသဘောဆောင်သော ထိတွေ့ဆွေးနွေးမှုများဆက်လက်ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါကြောင်းပါရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ လူကုန်ကူးမှုနှင့် လှေစီးသွားလာသူများဆိုင်ရာ ကိစ္စနှင့် စပ်လျဉ်းသည့် ပြန်ကြားလွှာအား ဖတ်ကြားတင်ပြပြီး လွှတ်တော်တွင် မှတ်တမ်းတင်ခြင်း၊ "အကျိုးခံစားခွင့်"တွင် ငှားရမ်းခလွှတ် နေထိုင်ခွင့်တန်ဖိုး ထည့်သွင်းတွက်ချက်ခြင်းမပြုရန် ညွှန်ကြားချက်၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လပတ်အတွက် အခွန်ကောက်ခံရရှိမှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာ ရေးနှစ် ဒုတိယ(၆)လပတ်နှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝင်များက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယကက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ (၄၃၆)၊ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်ချက်များနှင့် စပ်လျဉ်းပြီး ၂၀၁၅ ခုနှစ် ဇူလိုင်(၈) ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူခဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)အတွက် ဖြည့်စွက်သည့်အပိုဒ်ခွဲ(၃၄)ခုနှင့် ဇယား(၅)အတွက် ဖြည့်စွက်သည့် အပိုဒ်(၂၀)ခုတို့ကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်ရန် အတည်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆၊ ပုဒ်မခွဲ (ခ)နှင့်အညီ လွှတ်တော်က ပြင်ဆင်ရန် အတည်ပြုပြီး ဖြစ်သည့် ပြင်ဆင်ချက်များဖော်ပြပါဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၄၃)နှင့်အညီ နိုင်ငံတော်သမ္မတ ထံသို့ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၀ ရက် ရက်စွဲပါ စာဖြင့် ပေးပို့ထားပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း မိတ္တူဖြန့်ဝေထားပါကြောင်းဖြင့် တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ကုလသမဂ္ဂအတွင်းရေး မှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ ပြန်ကြားလာသည့် လူကုန်ကူးမှုနှင့် လှေစီး သွားလာသူများဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

အဆိုပါ ပြန်ကြားလွှာတွင် လူကုန်ကူးမှုနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇွန် ၃ ရက် ရက်စွဲပါစာပေးပို့လာသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်အတွင်း ပုံမှန်မဟုတ်သည့် ရေကြောင်းသွားလာမှုနှင့် ပတ်သက်သည့် ခက်ခဲရှုပ်ထွေးသည့်အခြေအနေကို သတိပြုနားလည်ပါကြောင်း ၊ ရွှေ့ပြောင်း



သွားလာသူများနှင့် ဒုက္ခသည်များ၏ ဆင်းရဲဒုက္ခများအပေါ် စိုးရိမ်ပူပန်မှု ရှိသည့်အတွက် အသက်ကယ်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ကြရန် ဒေသတွင်းရှိခေါင်းဆောင်များအား တိုက်တွန်းခဲ့ခြင်းဖြစ်ပါကြောင်း ၊ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်တွင် ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဒေသအတွင်း အထူးအစည်းအဝေးအတွင်း မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများမှ အသိအမှတ်ပြုထားကြသည့်အတိုင်း ယင်းပြဿနာ၏ အခြေခံအရင်းအမြစ်အား ဘက်စုံထောင့်စုံမှ ရေရှည်တည်တံ့ နိုင်မည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းအဆင့်တွင် တုံ့ပြန် ဆောင်ရွက်မှုတစ်ရပ် ချက်ချင်းဆောင်ရွက်ပေးရန် အရေးကြီးလိုအပ်လျက် ရှိပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံနှင့် ယခုကိစ္စအပြင် အခြား ကိစ္စရပ်များတွင်လည်း အပြုသဘောဆောင်သော ထိတွေ့ဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါကြောင်းဖြင့် ပါရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးတင်ပြသည့် **"အကျိုးခံစားခွင့်"**တွင် **"ငှားရမ်းခလွှတ် နေထိုင်ခွင့်တန်ဖိုး"**ကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာ နှစ်မှစတင်၍ လစဉ်ဝင်ငွေတွင် ထည့်သွင်းတွက်ချက်ခြင်းမပြုရန် ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘာသာရပ်ဆိုင်ရာ၊ ဥပဒေဆိုင်ရာ အကြောင်းအရာများနှင့်တကွ အသေးစိတ် ရှင်းလင်းတင်ပြမှုအပေါ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ပြန်လည် ဆွေးနွေးရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွက် အခွန်ကောက်ခံရရှိမှု အခြေအနေ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သော ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်နှင့် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးစာရင်းများ အပေါ် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၆/၂၀၁၅)ကို ပဲခူးတိုင်းဒေသကြီး မင်းလှ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက ဖတ်ကြားတင်ပြပြီး လွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကိုရယူပြီး အတည်ပြု

**နေပြည်တော် ဇူလိုင် ၁၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း တို့ ဆောင်ရွက်ကြသည်။

သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၏ **"ပင်လယ် ဒီရေအတက်အကျနှင့် ပင်လယ်လှိုင်းစွမ်းအင်ကို အသုံးပြု၍ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် သင့်တော်သည့်နေရာ၊ ဒေသရှိပါသလား၊ ရှိပါက မည်သည့်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပင်လယ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် နည်းစနစ်များသည် အခြားနည်းဖြင့် ဓာတ်အားရရှိရန် အခက်အခဲရှိသော



ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦး ဖြေကြားစဉ်။

ဒေသများ (သို့မဟုတ်) ဓာတ်အား လိုင်းသွယ်တန်းမှုပြုလုပ်ရန် အလွန်ခက်ခဲသော ဒေသများတွင် အသုံးဝင်သည့်စနစ်များဖြစ်ပါကြောင်း၊ ၎င်းစနစ်များမှာ ရင်းနှီးမြှုပ်နှံမှု အရင်းအနှီးကြီးမားပြီး ထွက်ရှိမည့်ဓာတ်အား ပမာဏနှင့် တွက်ခြေမကိုက်သဖြင့် ထူးခြားသည့် အခြေအနေရှိမည့် ဒေသများတွင်သာ ဆောင်ရွက်လေ့



ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင် မေးမြန်းစဉ်။

ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လတ်တလောအခြေအနေတွင် အသေးစားရေအားလျှပ်စစ်၊ နေစွမ်းအင်နှင့်လေစွမ်းအင်အပါအဝင် အခြားသောစွမ်းအင်များဖြင့် လျှပ်စစ်ထုတ်ယူမှုသည် ပိုမိုသင့်လျော်မှုရှိသဖြင့် ၎င်းနည်းစနစ်အား ဆောင်ရွက်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ထို့နောက် ကြို့ပင်ကောက် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၏ **"ကြို့ပင်ကောက်မြို့နယ် အနောက်ဘက်ခြမ်းနယ်မြေဒေသရှိကျေးရွာများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော တောင်ရိုးကွင်း-လယ်တီလမ်းအား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ပေးပါရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦးက အဆိုပါလမ်းသည် အရှည် ၃ မိုင် ၄ ဖာလုံရှိသည့် မြေသားလမ်းဖြစ်ပြီး ကျေးရွာ ၃၀ ၊ အိမ်ခြေ ၂၁၂၅၊ ပြည်သူလူထု ၁၀၁၄၇ ဦးတို့အား အကျိုးပြုပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၅၃၉၃ ဒသမ ၇၇၃ သန်းဖြင့် ကွန်ကရစ်လမ်း ၁ မိုင် ၄ ဖာလုံ ၊ ကတ္တရာလမ်း ၆ မိုင် ၃ ဖာလုံ ၊ ကျောက်ချောလမ်း ၃၂ မိုင်၊ မြေသားလမ်း ၃၉ မိုင်၊ သစ်သားတံတား ၁၇၃၇ ပေ၊ ကွန်ကရစ်ရေကျော် ၁၅၉ ပေနှင့် Box Culvert ၁၂၅ ပေတို့အား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၀၃ ဒသမ ၅၆ သန်းဖြင့် ကျောက်ချောလမ်း နှစ်မိုင်နှင့် သစ်သားတံတား ၁၈ ပေတို့အား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ အဆိုပါမေးမြန်းလာသည့် လမ်းအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားတင်ပြခြင်း မရှိပါကြောင်းနှင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို ရယူပြီး အတည်ပြုသည်။

ထို့နောက် **"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**ကို ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာ စိုးရင်က တင်သွင်းသည်။

အဆိုပါဥပဒေနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေက ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ် စားလှယ်၏ အမည်စာရင်းကို တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ကြေညာသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျီအီးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျီအီးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦးနှင့် ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာဝင်းမြင့်နှင့် ဦးဝင်းသန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေး မိတ်ဖက်များ(မြန်မာပြည်)အဖွဲ့ လာရောက်လေ့လာ




**နေပြည်တော် ဇူလိုင် ၁၄**

ရွေးကောက်ပွဲပညာပေးရေးနှင့် လေ့လာစောင့်ကြည့်ရေးမိတ်ဖက်များ (မြန်မာပြည်)အဖွဲ့မှ တာဝန်ရှိသူ ၂၅ ဦးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရွေးကောက်ပွဲအရေးကြီးမှု၊ ရွေးကောက်ပွဲအနှစ်သာရ၊ နိုင်ငံ့အကျိုးအတွက် အရည်အချင်းပြည့်ဝသော လူထုကိုယ်စားလှယ်များ ရွေးချယ်ရန်လိုအပ်မှုတို့ကို လည်းကောင်း၊ ရွေးကောက်ပွဲအသိပညာရရှိရေး ဆောင်ရွက်ခဲ့မှုကို လည်းကောင်း၊ နည်းဥပဒေများ ပြင်ဆင်ရာတွင် အထူးသဖြင့် ကြိုတင်မဲနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ပြင်ဆင်ခဲ့မှု၊ ပယ်မဲမဖြစ်စေရေးနှင့် နှစ်ကြိမ်မဲ မပေးနိုင်ရေးအတွက် ပြင်ဆင်ထားမှုတို့ကိုလည်းကောင်း၊ လူမှုအဖွဲ့အစည်းများ အနေဖြင့် လူထုကို ပညာပေးရမည့် အကြောင်းအရာများကို လည်းကောင်း၊ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုအဖွဲ့အစည်းများက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သံဖြူဇရပ်မြို့နယ်နှင့် ကမာဝက်မြို့အကြား ရထားလမ်းရေကျော်

**မုဒုံ ဇူလိုင် ၁၄**

မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ သံဖြူဇရပ်ဘူတာနှင့် ကမာဝက်ဘူတာအကြား ရထားလမ်း ရေကျော်နေကြောင်း သိရသဖြင့် မော်လမြိုင်မြို့မှ သံဖြူဇရပ်ဘူတာသို့ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီခွဲက ရောက်ရှိပြီး ရေကျော်သည့်နေရာများကို စက်ခေါင်းအသေးဖြင့် သွားရောက်ကြည့်ရှု တိုင်းတာခဲ့သည်။ **(ယာပုံ)**

ရေကျော်နေသည့် မိုင်တိုင်အမှတ် ၂၁၃/၉-၁၀ တွင် အလျားပေ ၁၁၀ နှင့် ရေကျော်သည့်အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် ၂၁၂/၉-၁၀ တွင် ရေကျော်သည့် အလျားပေ ၄၄၀၊ ရေကျော်သည့်အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် ၂၁၂/၄-၁၀ တွင် ရေကျော်သည့် အလျားပေ ၁၃၀၀ နှင့် ရေကျော်အမြင့် လေးလက်မ၊ မိုင်တိုင်အမှတ် ၂၁၁/၁၈-၂၀ တွင် ရေကျော် အလျားပေ ၄၄၀ နှင့် ရေကျော်အမြင့် ခြောက်လက်မဖြစ်ကြောင်း တိုင်းတာသိရသည်။

ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဇူလိုင် ၁၂ ရက် ည ၁၁ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး ဇူလိုင် ၁၃ ရက် တွင်လည်း မိုးရွာသွန်းမှုကြောင့် ယင်းနေရာများတွင် ရေကျော်ခြင်းဖြစ်ကြောင်းသိရသည်။ ဇူလိုင် ၁၂ ရက် ည ၁၂ နာရီခွဲမှစ၍ အဆိုပါ ရထားလမ်းကို ပိတ်ထားခဲ့သည်။



ပြည်နယ်ဝန်ကြီးက ရေကျသွားသည့်အချိန်တွင် သံလမ်းအတွင်း လျှောကျသွားသော ကျောက်များကို အမြန်ဖြည့်ပေးရန်နှင့် ပေါင်းကူးတံတားများတွင် အမှိုက်များ တင်နေခြင်းကို ရေကျသည်နှင့် အမြန်ဖယ်ရှားရန် မှာကြားခဲ့သည်။

ရေကျသွားသည်နှင့် ရထားလမ်းကို ပြန်လည်ဖွင့်ပေးခဲ့ကာ ရထားအမှတ်(၁၇၃)အဆန် ပထမဆုံး ထွက်ခွာပြီး ရထားအမှတ်(၁၇၂) အစုန် ထွက်ခွာသွားကြောင်း သိရသည်။

မိုးရာသီ မိုးကြီးချိန်တွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရထားလမ်း ရေကျော်နေမှုများကို နောင်တွင်လည်း ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ စိစစ်ကြပ်မတ်၍ ဆောင်ရွက်သွားကြရန် မြန်မာ့မီးရထားမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**(၁၀၈)**

# ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲ ပြိုင်ပွဲဝင်များ စတင်လက်ခံ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့၏ အထင်ကရ မြို့မအသင်းကြီး၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် ရင်ထဲကမန္တလေးမြို့ တေးသီချင်း ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်များကို ဇူလိုင် ၁၄ ရက်မှ စတင်ကာ လက်ခံသွားမည်ဖြစ်ပြီး မြို့မအသင်း၏ တေးသီချင်းပေါင်း ၁၅၅ ပုဒ်ကို သုံးမျိုးခွဲကာ ပြိုင်ပွဲဝင်သီချင်းအဖြစ် သတ်မှတ်ကြောင်းနှင့် ပြိုင်ပွဲကို လည်း ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ဇူလိုင် ၁၄ ရက်တွင် မြို့မအသင်းတိုက်၌ ကျင်းပသော တေးသီချင်းပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ ဝါသနာရှင်တိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပြိုင်ပွဲသုံးမျိုးတွင် ပြိုင်ပွဲဝင် တစ်ဦးလျှင် တေးသီချင်း သုံးပုဒ်အထိ ရွေးချယ်နိုင်ပြီး ပြိုင်ပွဲဝင်အမျိုးအစား သုံးမျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များထဲမှ မြို့မအသင်းတိုက်တွင် အသံစစ်ဆေးခြင်းများ ဆောင်ရွက်ကာ ပြိုင်ပွဲအမျိုးအစား တစ်ခုလျှင် ငါးဦးအထိသာ ရွေးချယ်ပြီး နောက်ဆုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ရင်ထဲက မန္တလေးမြို့မ တေးသီချင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့်သူများအနေဖြင့် "မြို့မတူရိယာ အသင်း-မန္တလေး" Facebook dhkmyoma@gmail.com သို့ လည်းကောင်း၊ Viber ၉၁၀၀၁၆၆၁၊ ၃၃၃၀၀၃၀၀ သို့ အမည်၊ နေရပ်၊ ပြိုင်ပွဲဝင်သီချင်းအမည်များ၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်တို့ကိုရေးသား၍ လည်းကောင်း ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၁၄ ရက်အထိ လျှောက်ထားနိုင်ပြီး မြို့မအသင်းတိုက်သို့ လူကိုယ်တိုင်လည်း လာရောက်လျှောက်ထားနိုင်ကြောင်းနှင့် ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြို့မအသင်း Facebook နှင့် လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ဘွိုင်လာဥပဒေပြဋ္ဌာန်း

## ဘွိုင်လာဥပဒေ

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃၉။)**
**၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၅ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ဘွိုင်လာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဘွိုင်လာ**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကို ပြင်ပ၌အသုံးပြုရန် အပူရှိန်ဖြင့် ရေနွေးငွေ့ထုတ်လုပ်ပေးသည့် အလုံပိတ်ဖိအားခံအိုးနှင့် ယင်းဖိအားခံအိုးတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ၂၅ လီတာ သို့မဟုတ် ၅. ၅ ဂါလန်အောက်လျော့နည်း၍ ဝင်ဆံ့သောဖိအားခံအိုး၊ တစ်စတုရန်းစင်တီမီတာပေါ်တွင် တစ်ကီလိုဂရမ်ဖိအား သို့မဟုတ် တစ်စတုရန်းလက်မပေါ်တွင် ၁၄. ၂ ပေါင်ဖိအား အောက်လျော့နည်းသော ဖိအားခံအိုးနှင့်ယင်းဖိအားခံအိုးတွင်တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းများမပါဝင်။

(ခ) **ရေနွေးငွေ့ပိုက်**ဆိုသည်မှာ ရေနွေးငွေ့စွမ်းအင်ကိုအသုံးပြုမည့်နေရာသို့ ရေနွေးငွေ့ပို့လွှတ်ရန် ဘွိုင်လာမှသွယ်တန်းထားသော ပင်မပိုက်နှင့်ယင်းပင်မပိုက်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဂ) **ရေသွင်းပိုက်**ဆိုသည်မှာ ဘွိုင်လာအတွင်းသို့ ဘွိုင်လာသုံးရေဖြတ်သန်းသွားသည့် ဖိအားခံရသောပိုက်နှင့် ယင်းပိုက်တွင် တပ်ဆင်ထားသောပစ္စည်းကိရိယာတို့ကို ဆိုသည်။

(ဃ) **ဖိအား**ဆိုသည်မှာ ဤဥပဒေအလို့ငှာ ရေနွေးငွေ့စွမ်းအင်ကိုအသုံးပြုရန် အပူရှိန်ဖြင့် ထုတ်လုပ်ပေးသည့် ရေနွေးငွေ့ဖိအားကို ဆိုသည်။

(င) **ခွင့်ပြုဖိအား**ဆိုသည်မှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးတွက်ချက်၍ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်နှင့် ရေသွင်းပိုက်တို့တွင်အသုံးပြုရန် ခွင့်ပြုသောဖိအားကိုဆိုသည်။

(စ) **မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း**ဆိုသည်မှာ ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုပေါက်ကွဲခြင်း သို့မဟုတ် ခိုင်မာမှုဆုတ်ယုတ်ခြင်းကြောင့် ပေါက်ကွဲစေနိုင်သောယိုယွင်းမှုဖြစ်ပေါ်ခြင်းကို ဆိုသည်။

(ဆ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရစက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကို ဆို သည်။

(ဈ) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူးချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ည) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဤဥပဒေပါ ဘွိုင်လာစစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ဝန်ကြီးဌာနက ခန့်အပ်ထားသော ပုဂ္ဂိုလ်ကိုဆိုသည်။

(ဋ) **အသုံးပြုခွင့်လက်မှတ်**ဆိုသည်မှာ သတ်မှတ်သောခွင့်ပြုဖိအားဖြင့် တစ်နှစ်ထက်မကျော်သည့် ကာလအတွက် ဘွိုင်လာကိုအသုံးပြုရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဌ) **ယာယီအသုံးပြုခွင့်လက်မှတ်**ဆိုသည်မှာ အသုံးပြုခွင့်လက်မှတ်မရရှိမီ သင့်လျော်သောခွင့်ပြုဖိအားဖြင့် ခြောက်လထက်မကျော်သည့်ကာလအတွက် ဘွိုင်လာကိုအသုံးပြုရန် စစ်ဆေးရေးမှူးက ထုတ်ပေးသည့်လက်မှတ်ကိုဆိုသည်။

(ဍ) **ပိုင်ရှင်**ဆိုသည်မှာ ဘွိုင်လာကိုပိုင်ဆိုင်သူ၊ ၎င်း၏ကိုယ်စားလှယ်အဖြစ်ဖြင့်ဘွိုင်လာကိုအသုံးပြုသူ၊ ဘွိုင်လာကိုအခကြေးငွေဖြင့် ဖြစ်စေ၊ အခကြေးငွေမပါဘဲဖြစ်စေ ငှားရမ်း၍အသုံးပြုသူနှင့် ဘွိုင်လာအသုံးပြုခြင်းကို ကြီးကြပ်ကွပ်ကဲသူတို့ကိုဆိုသည်။

(ဎ) **ဘွိုင်လာထုတ်လုပ်သူ**ဆိုသည်မှာ ဘွိုင်လာ၊ ဘွိုင်လာနှင့် ဆက်စပ်သည့် ဖိအားခံအစိတ်အပိုင်းများကို မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

(ဏ) **ဘွိုင်လာပြုပြင်သူလက်မှတ်**ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီ၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သူအား စစ်ဆေးရေးမှူးချုပ်က နှစ်နှစ်ထက်မကျော်သည့်ကာလအတွက် ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(တ) **ဘွိုင်လာပြုပြင်သူ**ဆိုသည်မှာ ဘွိုင်လာပြုပြင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိထားသူကို ဆိုသည်။

(ထ) **ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်**ဆိုသည်မှာ ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းတွင် သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီသူအား စစ်ဆေးရေးမှူးချုပ်ကထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဒ) ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူဆိုသည်မှာ ဘွိုင်လာကိုင်တွယ် ထိန်းသိမ်းခြင်းလုပ်ငန်းတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူလက်မှတ်ရရှိထားသူကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများရရှိစေရန်၊

(ခ) ဘွိုင်လာမတော်တဆထိခိုက်မှုဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်းဖြင့် နိုင်ငံတော်နှင့် အများပြည်သူတို့ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း ဘွိုင်လာများအား မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အသုံးပြုစေရန်၊

(ဃ) ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘွိုင်လာများထုတ်လုပ်၊ ပြုပြင်၊ ကိုယ်တွယ်ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သူများ တိုးတက်ပေါ်ပေါက်စေရန်၊

(င) လောင်စာစွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ဘွိုင်လာများ စွမ်းရည်ပြည့်အသုံးပြုနိုင်စေရန်၊

(စ) ဘွိုင်လာများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်စေရန်နှင့် ယင်းတို့ကြောင့် သဘာဝ လူမှုကျန်းမာရေးဆိုင်ရာ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့ချနိုင်စေရန်။

**အခန်း(၃)**
**ဘွိုင်လာစံချိန်စံညွှန်းများနှင့် ဘွိုင်လာစစ်ဆေးမှုနည်းစနစ်များ**

၄။ စစ်ဆေးရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့်-

(က) ဤဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များအရ ဘွိုင်လာအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးမှုနည်းစနစ်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

(ခ) အတည်ပြုသတ်မှတ်ထားသော ဘွိုင်လာစံချိန်စံညွှန်းများနှင့်စစ်ဆေးမှုနည်းစနစ်များအရ စစ်ဆေးရရှိသည့် ရလဒ်များသည်သာ အတည်ဖြစ်သည်။

**အခန်း(၄)**
**ဘွိုင်လာမှတ်ပုံတင်ခြင်း**

၅။ လုပ်ငန်းတစ်ရပ်ရပ်အတွက် ဘွိုင်လာကိုအသုံးပြုလိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၆။ မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားသောဘွိုင်လာဖြစ်ရမည်။

၇။ ပုဒ်မ ၅ အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ ဘွိုင်လာနှင့် သက်ဆိုင်သည့်အထောက်အထားများ၊ သက်သေခံလက်မှတ်များ ပူးတွဲ၍ စစ်ဆေးရေးမှူးထံ တင်ပြရမည်။

၈။ ပုဒ်မ ၇ အရ ဘွိုင်လာမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကိုလက်ခံရရှိသည့်အခါ သက်ဆိုင်ရာ စစ်ဆေးရေးမှူးသည် ဘွိုင်လာကို လိုအပ်သောစိစစ်မှု၊ စစ်ဆေးမှုများ ပြုလုပ်ပြီး စစ်ဆေးတွေ့ရှိချက်ကို စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည်။

၉။ စစ်ဆေးရေးမှူးချုပ်သည် ပုဒ်မ ၈ အရ စစ်ဆေးရေးမှူး၏တင်ပြချက်ကို လိုအပ်သလို စိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာမှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၀။ စစ်ဆေးရေးမှူးချုပ်သည် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဘွိုင်လာအရွယ်အစားကို မီးရှိန်ရမျက်နှာပြင် ဧရိယာအလိုက် သတ်မှတ်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မီးရှိန်ရမျက်နှာပြင်ဧရိယာအလိုက် ဘွိုင်လာမှတ်ပုံတင်ကြေးနှင့် စစ်ဆေးခနှုန်းထားတို့ကို သတ်မှတ်ပေးရမည်။

**အခန်း(၅)**
**ပိုင်ရှင်၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ**

၁၂။ ပိုင်ရှင်သည် မှတ်ပုံမတင်ရသေးသောဘွိုင်လာကို-

(က) အသုံးပြုခွင့်လက်မှတ်ရရှိရေးအတွက် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ထားသည့် ဘွိုင်လာကိုသာ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

(ဂ) ပုဒ်မခွဲ(က)အရ လျှောက်ထားသည့်အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၃။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာကို -

(က) ဆက်လက်အသုံးပြုနိုင်ရေးအတွက် အသုံးပြုခွင့်လက်မှတ်အသစ်ကို ထုတ်ပေးရန်သတ်မှတ်သည့်နည်းလမ်းနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်ထားသည့်အခါ သတ်မှတ်သောအခကြေးငွေကို ပေးဆောင်ရမည်။

၁၄။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို ရရှိထားစေကာမူ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ ကြိုတင်လျှောက်ထားရမည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက်ပိုမိုသုံးစွဲခြင်း၊

(ခ) ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကို ဖြစ်စေ၊ ယင်းရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ၊ ဘွိုင်လာတွင် တပ်ဆင်ထားသော ဖိအားခံအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်လဲလှယ်ခြင်း။

၁၅။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းက လိုအပ်၍တောင်းဆိုသည့်အခါ တင်ပြရမည်။

၁၆။ ပိုင်ရှင်သည် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ရပ်ရပ်ကြောင့် ပျက်ပြယ်ပါက အဆိုပါလက်မှတ်ကို သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ ၁၅ ရက်အတွင်း ပြန်လည်အပ်နှံရမည်။

၁၇။ ဘွိုင်လာကို ပိုင်ရှင်တစ်ဦးမှတစ်ဦးသို့ လွှဲပြောင်းပေးအပ်သည့်အခါ မူလပိုင်ရှင်သည် မိမိ၏အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို လွှဲပြောင်းပေးအပ်ရမည်။ ထိုသို့လွှဲပြောင်းပေးအပ်ပြီးကြောင်းကို လွှဲပြောင်းပေးအပ်သည့် နေ့ရက်မှစ၍ ၁၅ ရက်အတွင်း စစ်ဆေးရေးမှူးထံစာဖြင့် အကြောင်းကြားရမည်။

၁၈။ ပိုင်ရှင်သည် မတော်တဆထိခိုက်မှုဖြစ်ပွားပါက သက်ဆိုင်ရာစစ်ဆေးရေးမှူးထံ အမြန်ဆုံးအကြောင်းကြားရမည်။

၁၉။ ပိုင်ရှင်သည်-

(က) ဘွိုင်လာကို ခွင့်ပြုဖိအားထက်ကျော်လွန်၍ မသုံးရ၊

(ခ) ခွင့်ပြုဖိအားထက်ကျော်လွန်စေရန် အန္တရာယ်ကင်းဖိအားထိန်းအဆို့ရှင်ကို ပြုပြင်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲရန် စေခိုင်းခြင်းမပြုလုပ်ရ၊

(ဂ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)ပါကိစ္စကို ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ။

၂၀။ ပိုင်ရှင်သည်အောက်ဖော်ပြပါဘွိုင်လာကိုအသုံးမပြုရ-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်မရှိသော ဘွိုင်လာ၊

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည့်ဘွိုင်လာ၊

(ဂ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ရုပ်သိမ်းခံရသည့် ဘွိုင်လာ။

၂၁။ ပိုင်ရှင်သည် စစ်ဆေးရေးမှူးချုပ်သတ်မှတ်ပေးသည့် မှတ်ပုံတင်အမှတ်ကို သတ်မှတ်သော နည်းလမ်းနှင့်အညီ ဘွိုင်လာတွင်ထွင်းထားရမည်။

၂၂။ ပိုင်ရှင်သည်-

(က) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ရရှိပါက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဘွိုင်လာကို အသုံးပြုခွင့်ရှိသည်။

(ခ) အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်၏ သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေးခြင်းကိုခံယူလိုပါက ယင်းလက်မှတ်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ စစ်ဆေးခံရန် လျှောက်ထားနိုင်သည်။

၂၃။ ပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မကျေနပ်ပါက စစ်ဆေးရေးမှူးထံမှ အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စစ်ဆေးရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်-

(က) စစ်ဆေးရေးမှူး၏ဆုံးဖြတ်ချက်၊

(ခ) စစ်ဆေးရေးမှူးက အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ ထောက်ခံရန်ငြင်းပယ်ခြင်း သို့မဟုတ် ယာယီအသုံးပြုခွင့် လက်မှတ်ကို ထုတ်ပေးရန်ငြင်းပယ်ခြင်း။

၂၄။ ပိုင်ရှင်သည်-

(က) ဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုကို ဖြစ်စေ၊ ယင်းဘွိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တစ်ခုခုတွင် တပ်ဆင်ထားသည့် ဖိအားခံအစိတ်အပိုင်းတစ်ခုခုကို ဖြစ်စေ ပြုပြင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန် သို့မဟုတ် အသစ်လဲရန် ညွှန်ကြားချက်ရရှိပါက ယင်းလုပ်ငန်းများကို ဘွိုင်လာပြုပြင်သူလက်မှတ်မရှိသူများနှင့် မပြုလုပ်ရ၊

(ခ) မိမိလုပ်ငန်းသုံးဘွိုင်လာကို ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများမှတစ်ပါး အခြားသူများကို တာဝန်ပေးမောင်းနှင်ခြင်းမပြုရ။

**အခန်း(၆)**
**ဘွိုင်လာထုတ်လုပ်သူနှင့် တင်သွင်းသူများ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ**

၂၅။ ဘွိုင်လာထုတ်လုပ်သူသည်-

(က) ဝန်ကြီးဌာနသို့ လျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ ထုတ်လုပ်မှုကို ဆောင်ရွက်ရမည်။

(ခ) ထုတ်လုပ်ခွင့်ရရှိပါက မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်ညီညွတ်သော ဘွိုင်လာများသာ ထုတ်လုပ်ရမည်။

(ဂ) ဘွိုင်လာထုတ်လုပ်ခြင်းနှင့်သက်ဆိုင်သည့် နည်းပညာနှင့်သွင်းအားစုများကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများထံ လျှောက်ထားခွင့်ရှိသည်။

၂၆။ ဘွိုင်လာတင်သွင်းသူသည် ပြည်ပမှ ဘွိုင်လာများကို တင်သွင်းရာတွင် မြန်မာနိုင်ငံစံချိန်စံညွှန်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သော ဘွိုင်လာများကိုသာ တင်သွင်းရမည်။

**အခန်း(၇)**
**ဘွိုင်လာပြုပြင်သူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ**

၂၇။ (က) ဘွိုင်လာပြုပြင်သူလက်မှတ်ရရှိလိုသူသည် သက်ဆိုင်ရာ စစ်ဆေးရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဘွိုင်လာပြုပြင်သူသည် ဘွိုင်လာပြုပြင်သူလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၂၈။ ဘွိုင်လာပြုပြင်သူသည်-

(က) စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာ ထုတ်ပေးထားသည့် ဘွိုင်လာကို ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ပြုပြင်ခွင့်ရှိသည်။

(ခ) စစ်ဆေးရေးမှူးက ပြုပြင်ရန်ညွှန်ကြားစာထုတ်ပေးထားခြင်းမရှိသော ဘွိုင်လာကို မိမိ၏ဆန္ဒအလျောက် ဖြစ်စေ၊ ပိုင်ရှင်၏အပ်နှံချက်အရ ဖြစ်စေ ပြုပြင်ခြင်းမပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရင် အမြန်ဆုံး မူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိ

**ရခိုင်ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုအတွင်း ထူးကဲစွာ မိုးရေချိန်များပြားခဲ့သည့်အတွက် ပြီးခဲ့သည့်ဇွန်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ စိုက်ပျိုးမြေများနှင့် လမ်းတံတားပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။**

**ထိုသို့ သဘာဝဘေးအန္တရာယ်ကြောင့် ရခိုင်ပြည်နယ်အတွင်း လမ်းတံတားပျက်စီးမှုများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ဆောင်ရွက်ခဲ့မှုများကို ဒုတိယ ဝန်ကြီး ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးတို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

**ဦးစိုးတင့်**
**ဒုတိယဝန်ကြီး၊**
**ဆောက်လုပ်ရေး**
**ဝန်ကြီးဌာန**



ပြီးခဲ့တဲ့ ဇွန်လအတွင်း ရခိုင်ပြည်နယ်ထဲမှာ မိုးသည်းထန်စွာ ရွာခဲ့ပါတယ်။ မိုးရေချိန်တွေကလည်း ၁၃ လက်မ၊ ၁၄ လက်မ ဆက်တိုက် ရက်ပေါင်းများစွာ ရွာခဲ့ပါတယ်။ ဒီလိုမိုးကြီးခဲ့တဲ့အတွက် ရခိုင်ပြည်နယ်ထဲက ဒေသအချို့မှာ လမ်းတွေ၊ တံတားတွေ ပျက်စီးခဲ့ပါတယ်။ အမ်း၊ သံတွဲ၊ မအီစတဲ့ ပြည်နယ်ထဲက မြို့တွေလည်း ရေမြုပ်သွားတယ်လို့ သိရပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ကျေးရွာတွေလည်း ရေမြုပ်သွားတယ်လို့ သိရပါတယ်။

ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတဲ့ လမ်း၊ တံတားတွေလည်း အဆက်ပြတ်သွားတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီသတင်းတွေရရချင်း လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနက တာဝန်ရှိသူတွေဟာ ရခိုင်ပြည်နယ်ကိုသွားပြီး ပျက်စီးသွားခဲ့တဲ့ လမ်းတံတားတွေကို ပြင်ဆင်ခဲ့ပါတယ်။

ပြင်ဆင်ခဲ့တဲ့အပိုင်းမှာ ပျက်စီးသွားတဲ့ တံတားတွေနေရာမှာ အမြန်ဆုံး ယာယီဘေလီတံတားထိုးပြီး ပြင်ဆင်ဖို့ဆောင်ရွက်ပါတယ်။ လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ချက်ချင်းဆောင်ရွက်ပါတယ်။ ဒါကတံတားအပိုင်းပါ။ ပြီးတော့ လမ်းပျက်တဲ့ အပိုင်းမှာလည်း အမြန်ဆုံးဆောင်ရွက်နိုင်ဖို့ စက်ယာဉ်ယန္တရားများစွာ လိုအပ်ပါတယ်။ ဒါကြောင့်မို့ ပြည်နယ်မှာရှိတဲ့ စက်ယာဉ်ယန္တရားတွေအပြင် ကျွန်တော်တို့ ဝန်ကြီးဌာနက စက်ယာဉ်ယန္တရားတွေကို ထပ်မံပို့ဆောင်ခဲ့ပါတယ်။

ပြီးတော့ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဇူလိုင် ၂ ရက်မှာ စတင်ကွင်းဆင်းဆောင်ရွက်ခဲ့တယ်။ ရန်ကုန်-စစ်တွေလမ်း မိုင်တိုင် ၆၂ အနီးမှာ တောင်ပေါ်ကနေ မြေတွေပြိုကျတယ်။ လမ်းသားက မြေတွေလည်း ပြိုကျပျက်စီးတယ်။ ဒီလို ပျက်စီးသွားတဲ့အတွက် လမ်းတစ်ဖက်တစ်ချက်စီမှာ ယာဉ်အစီးရေ ၁၅၀ လောက်နဲ့ ပိတ်ဆို့ သွားပါတယ်။ ဒါ့ကြောင့် ကားလေးတွေကစပြီး ကားကြီးတွေအထိ အမြန်ဆုံး ဆောင်ရွက်ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိတော့ပါဘူး။

ပြီးတော့ မအီ-တောင်ကုတ်လမ်း မိုင်တိုင် ၁၄/၅ နဲ့ ၁၄/၆ ကြားက ငှက်ပျောချောင်းကွန်ကရစ်တံတားဟာ ရေထဲမှာ ပြုတ်ပါသွားပါတယ်။ ဒါကြောင့် ယာယီဘေလီတံတားထိုးဖို့ ဆောင်ရွက်ပါတယ်။ ချဉ်းကပ်လမ်းအတွက်လည်း ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ တံတားလုံးဝပြုတ်သွားတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး လုံးဝပြတ်တောက်သွားပါတယ်။ ဒါကြောင့် ကားနဲ့ ဟိုဘက်ဒီဘက်ပြောင်းသယ်ပြီး ဆောင်ရွက်နေရပါတယ်။ ဒီအပိုင်းက ဇူလိုင် ၅ ရက်မှာ ပြန်လည်ကောင်းမွန်သွားပါတယ်။

နောက် တောင်ကုတ်-သံတွဲလမ်း မိုင်တိုင် ၂၆/၆ နဲ့ ၂၆/၇ ကြားမှာ လမ်းဟာ ပေ ၃၀၀ လောက် ပြတ်ပြီးပျက်စီးသွားပါတယ်။ ကွန်ကရစ်တံတားလည်း ပျက်စီးသွားတယ်။ တာပေါင်တွေ ပျက်စီးသွားတယ်။ ဒီနေရာမှာ ဘေလီတံတား နှစ်စင်းပြန်လည် တည်ဆောက်ထားပါတယ်။ ပျက်စီးသွားတဲ့ လမ်းနေရာမှာ ရေကျော်ထားရင် ရွာထဲကို ရေတွေဝင်နိုင်တဲ့အတွက် တာပေါင်ဆောင်ရွက်ထားပါတယ်။ နေ့ရော ညပါ အမြန်ဆုံး ဆောင်ရွက်ပါတယ်။ ဒါကြောင့် ဇူလိုင် ၆ ရက်ညကစပြီး လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်ခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်အတွက် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေသလို အခုလို သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရင် အမြန်ဆုံး မူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**ဦးဟန်စိုး**
**ညွှန်ကြား**
**ရေးမှူးချုပ်၊**
**တံတား**
**ဦးစီးဌာန**



ပြီးခဲ့တဲ့ဇွန်လ ၂၆ ရက်လောက်က စပြီး ပြည်နယ်မှာ မိုးရေချိန်များပြီး ရေကြီးရေလျှံဖြစ်ပေါ်မှုတွေ ဖြစ်ခဲ့ပါတယ်။ လမ်းတံတားပျက်စီးမှုတွေလည်း ရှိပါတယ်။ ဒါ့အတွက်ကြောင့် ပြည်သူတွေ သွားလာမှုမပြတ်တောက်အောင်၊ အခက်အခဲမရှိအောင် ရှောင်ကွင်းလမ်းတွေ၊ လမ်းတွေ၊ ယာယီတံတားတွေ အမြန်ဆုံး ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ ဇူလိုင် ၆ ရက်မှာ ပြီးစီးခဲ့ပါတယ်။ အခုက ပြည်သူတွေ သွားလာရလွယ်ကူအောင် ယာယီတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ယာယီတံတားတွေကို အမြဲတမ်းတံတားအဖြစ်ပြန်ပြီး အသစ်ပြန်လည် တည်ဆောက်ရဦးမှာဖြစ်ပါတယ်။

ဒီလို ပြန်လည်တည်ဆောက်တဲ့နေရာမှာ ဒေသခံပြည်သူတွေကလည်း ဝိုင်းဝန်းကူညီပေးပါတယ်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားရင် ပြည်သူတွေအတွက် တစ်ရက်ဆိုလည်း တစ်ရက်သိသာပါတယ်။ ကျွန်တော်တို့အဖွဲ့တွေဟာလည်း မိုးထဲရေထဲမှာ နေ့မနား ညမနား အားစိုက်ပြီး အမြန်ဆုံးပြန်လည် လုပ်ဆောင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လက မိုးရွာသွန်းမှုများတဲ့အတွက် ပျက်စီးမှုအများဆုံးကတော့ ရခိုင်ပြည်နယ် ဖြစ်ပါတယ်။ ကျန်တဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း ပျက်စီးမှုတွေ ရှိပါတယ်။ ဒါပေမယ့် လမ်းပန်းဆက်သွယ်ရေးကအစ ပြတ်တောက်သွားတယ်ဆိုတာတော့ မရှိပါဘူး။ ကျန်တဲ့ ပြည်နယ်တွေ တိုင်းဒေသကြီးတွေကလမ်းတံတား ပျက်စီးမှုတွေကို ကျွန်တော်တို့ တံတားအထူးအဖွဲ့တွေ လမ်းအထူးအဖွဲ့တွေက အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၅ခုနှစ် ဇွန်လနောက်ဆုံးပတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ဖြစ်ပေါ်ခဲ့သည့် ဒေသများမှ ဒေသခံပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိရေးအတွက် ပြည်ထောင်စုအစိုးရမှအထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကူညီထောက်ပံ့မှုများ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း အဆိုတစ်ရပ်ကို ပြည်ထောင်စု လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အမေး/အရေး- ဟန်နီဝင်း**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြော

**တောင်ငူ ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် မှုခင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်းနှင့် ကျောင်းသားကျောင်းသူ ၈၀၀ ကျော်တို့ တက်ရောက်ကြပြီး တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အမှာစကား ပြောကြားသည်။



ဆက်လက်၍ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သန်းထွန်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးမှ ဒုရဲအုပ် အောင်ဇေမျိုး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ဒုရဲမှူး ဆန်းဦး၊အမှတ် (၁၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအုန်းကျော်၊ တောင်ငူခရိုင် ဥပဒေအရာရှိ ဦးစောဒိုနိုးတို့က မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(၁၁၅)**

# ဆိုင်ကယ်ထိုင်ခုံအံ့ခွက်အတွင်းမှ ဆေးခြောက်များ ဖမ်းဆီးရမိ



**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၇) ရပ်ကွက်၌ ဆိုင်ကယ် ထိုင်ခုံအံ့ခွက်အတွင်း၌ ဆေးခြောက်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂နာရီခန့်က အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ်အောင်ကိုကိုနိုင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ ပူးပေါင်း အဖွဲ့ဝင်များသည် သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၆၇) ရပ်ကွက်၊ ချင်းတွင်း(၃) လမ်း၊ လမ်းမပေါ်တွင်၊ အောင်ထူး (၂၆ နှစ်) ဆိုသူအား ၄၃ ယ/ . . . . ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ထိုင်ခုံ အံ့ခွက်အတွင်းမှ အရိုးနှင့်အရွက်များပါသည့် ဆေးခြောက် အလေးချိန် ၆၅ ဒသမ ၃၂ ဂရမ်ခန့်ကိုလည်းကောင်း၊ ၎င်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီအတွင်းမှ SAMSUNG အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံးနှင့် ဆေးခြောက်များရောင်းချရရှိသည့် ငွေစက္ကူရောရာ ၃၃၀၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

၎င်းအား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(၀၈၁)**

# ဘင်္ဂါလီလူမျိုးနှစ်ဦးအား သယ်ဆောင်ဝှက်ထားသူများဖမ်းဆီး

**ပန်းတောင်း ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ဘင်္ဂါလီလူမျိုးများ ဝှက်ထားကြောင်း သတင်းရရှိသဖြင့် ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခွဲက ဝင်ရောက်ရှာဖွေအရေးယူခဲ့သော အမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဒေါင်းမြတ်နားကျေးရွာအုပ်စု ရွာသစ်ကျေးရွာနေ ဦးစိုးမြင့် (၅၅ နှစ်) နေအိမ်၌ ဘင်္ဂါလီလူမျိုးများ ဝှက်ထားကြောင်း သတင်းရရှိသဖြင့် ပန်းတောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်စစ်ဆေးရာ ဦးစိုးမြင့်နေအိမ်အနောက်ဘက် နွားတင်းကုပ်ထဲ၌ ဘင်္ဂါလီလူမျိုး မာမက်အာလာ(ခ)ရွှေမောင်သိန်း (၁၅ နှစ်) စကြာကျေးရွာအုပ်စု မင်းပြားမြို့နယ် ရခိုင်ပြည်နယ်နှင့် မွန်ကီ(ခ) ကျော်နိုင်စိုး(ခ) ဖာဗုလ်အီဆောင်လာမ် (၁၇ နှစ်)တို့ နှစ်ဦးကို တွေ့ရှိခဲ့သည်။

၎င်းတို့အားစစ်မေးရာ မင်းပြားမြို့နယ် စကြာကျေးရွာမှ မောခ်ဂျာအာလီးသည် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်ရန် စည်းရုံးပြီး ယာဉ်မောင်း ဝင်းလွင်(၃၇ နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် 6F/----- ဟွန်ဒါဖစ်အမျိုးအစား ခဲရောင်ယာဉ်နှင့်လိုက်ပါလာပြီး ဝင်းလွင်၏ မိဘများဖြစ်သော ဦးစိုးမြင့်၏နေအိမ်၌ဝှက်ထားခဲ့ကြောင်း သိရသဖြင့် ဘင်္ဂါလီလူမျိုးနှစ်ဦးအား တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် ငွေကြေးရယူပြီး စီစဉ်ဆောင်ရွက်သူ မောခ်ဂျာအာလီး၊ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသူ ဝင်းလွင်နှင့် လက်ခံကူညီဝှက်ထားပေးသူ ဦးစိုးမြင့်တို့အား ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၀၈)**



# မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်တက်ခြင်းကြောင့် တောင်သူများ အခက်တွေ့နေ

**ရေတာရှည်  ဇူလိုင်  ၁၄**

တစ်ပတ်ကျော်ကြာ မိုးရွာသွန်းခြင်းမရှိဘဲ နေ့အပူချိန်သိသာစွာ မြင့်တက်လာခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးပြီးသော တောင်သူများ ရေခန်းခြောက်မှုနှင့် ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

အနိမ့်ပိုင်းကွင်းများတွင် စိုက်ပျိုးရေများလုံလောက်စွာ ရရှိသော်လည်း ကုန်းအနည်းငယ်မြင့်သော စိုက်ခင်းများ၌ မြေများခြောက်သွေ့ကာ စက်များငှားရမ်း၍ ရေသွင်းနေရသည်ကို တွေ့ရှိရသည်။ "စက်နဲ့ ရေသွင်းရင် ကိုယ့်ဆီနဲ့ဆိုရင် တစ်နာရီကို ငွေကျပ် ၁၀၀၀ ကျတယ်။ သူတို့ ဆီနဲ့ဆို တစ်နာရီကို ငွေကျပ် ၁၈၀၀ ပေးရတယ်" ဟု အေးသာကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

အဓိကအားဖြင့် လက်ရှိ နှမ်းရိတ်သိမ်းပြီးသွားသော မြေနေရာများမှာ ရေလိုအပ်လျက်ရှိပြီး စိုက်ပျိုးရာတွင်လည်း လယ်ယာလုပ်သားအခက်အခဲနှင့် ငွေကုန်ကြေးကျသက်သာသော အစေ့ချစိုက်ပျိုးခြင်းများကို ဒေသအနှံ့အပြား၌ တွေ့ရှိရသည်။ မိုးစပါးစိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးခြင်းထက် အစေ့ချစိုက်ပျိုးခြင်းသည် အချိန်တိုအတွင်း ပြီးစီးနိုင်ကာ ငွေကုန်ကြေးကျလည်း သက်သာကြောင်း တောင်သူများက ပြောသည်။

**ကိုလွင်(ဆွာ)**



■ **ကျောဖုံးမှ**

ဖုံးသီးကျရောက်ပေါက်ကွဲခြင်းကြောင့် ရှိဘုတ်ကျေးရွာနေ ဦးခွန်ကျင်းလျန်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မာကိုင်တို့မှာလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြသဖြင့် ကြူကုတ်(ပန်ဆိုင်း)ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း **(အောက်ပုံ)** နှင့် နယ်မြေလုံခြုံရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





## ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း မုတ်သုံလေအားကောင်းနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေပါသည်။

**မိုး/ဇလ**

## ပုလောမြို့နယ်တွင် မိုးစပါး ပျိုးထောင်ပွဲ ကျင်းပ

**မြိတ်  ဇူလိုင်  ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၂၈-က) ဦးပိုင်အမှတ်(၅/၂) တောင်သူ ဦးဟံဝင်း၏ လယ်မြေ၌ ဇူလိုင် ၁၄ ရက် နံနက်က GW1 စပ်မျိုးစပါး ပျိုးထောင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအေးဝင်းက ဒေသခံတောင်သူများကို စပါးအထွက်နှုန်းပိုမိုထွက်ရှိရေးရည်ရွယ်၍ သိပ္ပံနည်းကျ GAP စနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းတိုးကာ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း ပညာပေးပြောကြား၍ လက်တွေ့စိုက်ပျိုးသရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## နမ့်ခမ်းမြို့၌ စည်းကမ်းပျက်ယာဉ်အရေးယူဆောင်ရွက်

**နမ့်ခမ်း  ဇူလိုင်  ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက စည်းကမ်းပျက်ယာဉ်များ အရေးယူမှုကို ဇူလိုင် ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန မြို့နယ်မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လမ်းဆုံမီးပွိုင့်တွင် ကား၊ ထော်လာဂျီ၊ သုံးဘီး၊ ဆိုင်ကယ်များဖြင့် မီးနီဖြတ်မောင်း စီးနင်းသူများ၊ လမ်းညွှန်အမှတ်အသားမလိုက်နာဘဲ လမ်းပြောင်းပြန်စီးနင်းသူများ၊ ဆိုင်ကယ်ကိုနှစ်ယောက်ထက် ပိုစီးသူများ၊ အသံဆူညံစွာ စီးနင်းမောင်းနှင်သူများကို အရေးယူဆောင်ရွက်ခဲ့ရာ ဆိုင်ကယ် ၁၆ စီးနှင့် ကားတစ်စီးတို့ကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# ဇူလိုင် ၁၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၇၁၀၀၀ |
| ၈ | နှမ်းနက်စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၈၀၀၀ မှ ၂၀၀၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၀ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၅၅၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၁၅ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၅၅၀ |
| ၁၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၅၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

## စကားများ ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**နေပြည်တော်  ဇူလိုင်  ၁၄**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် မုန်းဒါးကျေးရွာအုပ်စု ရေပုတ်တဲတိုက်နေ ဆယ်အိမ်မှူး ဦးမိုးဝင်း (၃၀ နှစ်) သည် ဇူလိုင် ၁၂ ရက် ည ၁၀ နာရီက နေအိမ်၌ ရှိနေစဉ် ဒေါ်ထားထားရောက်ရှိလာပြီး ၎င်း၏သားဖြစ်သူ ဇင်မျိုးဝေ (၂၁ နှစ်)အား ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကျော်ဇင်ဦး(၂၁ နှစ်)က တုတ်ဖြင့် ဝင်ရိုက်ကြောင်း လာရောက်အကြောင်းကြားသဖြင့် သွားရောက်ခဲ့ရာ ဇင်မျိုးဝေမှာ ဒဏ်ရာများရရှိသေဆုံးနေသည်ကို တွေ့ရှိရသည်။

မေးမြန်းချက်အရ သဖန်းညိုကျေးရွာအနီး လယ်ထဲတွင် ကျော်ဇင်ဦးနှင့် ဇင်မျိုးဝေတို့ အရက်အတူသောက်စဉ် ယခင်ရည်စားလုသည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာ ကျော်ဇင်ဦးက ဇင်မျိုးဝေအား နှစ်ပေခန့်ရှိ သစ်ကိုင်းတုတ်ဖြင့် ရိုက်သောကြောင့် ဇင်မျိုးဝေတွင် ဒဏ်ရာများရရှိသေဆုံးသွားသဖြင့် ကျော်ဇင်ဦးအား ကံမမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**ကိုရဲ**




# မဲခေါင်မြစ်ဝှမ်းထိန်းသိမ်းခြင်းနှင့် ဒေသဆိုင်ရာဂေဟစနစ်လေ့လာခြင်းသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၄**

(၁၂)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းတစ်လျှောက် ထိန်းသိမ်းခြင်းနှင့် ဒေသဆိုင်ရာ ဂေဟစနစ်လေ့လာခြင်း သင်တန်းကို ဇူလိုင် ၆ ရက်မှ ၂၃ ရက်အထိ နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မဲခေါင်မြစ်ကြောင်းတစ်လျှောက် နိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များအပြင် မလေးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပခဲ့ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် (DAR) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မမြဆည်ရေသောက် ဧရိယာအတွင်းရှိ လယ်မြေများ မိုးရွာသွန်းမှုနည်းပါးသော်လည်း ဆည်ရေရရှိ၍ လယ်သမားများ စပါးစိုက်ပျိုးရန် အဆင်ပြေ

**မြန်အောင် ဇူလိုင် ၁၄**

မြန်အောင်မြို့နယ် တောင်ရိုးအုပ်စု မမြဆည်ရေသောက် ဧရိယာအတွင်းရှိ လယ်မြေများ မိုးရွာသွန်းမှုနည်းပါး၍ လယ်သမားများရာသီအချိန်မီစပါးစိုက်ပျိုးနိုင်ရန် ဇူလိုင် ၈ ရက်ကစ၍ မမြဆည် လက်ဝဲ၊ လက်ယာမြောင်းများမှ ဆည်ရေများ စတင်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

မမြဆည်ရေလှောင်တမံစီမံကိန်း လက်ဝဲ၊ လက်ယာမြောင်းများဖြင့် ဆည်ရေလွှတ်ပေးလျက်ရှိရာ မြင်ဝါးတောင်ကျေးရွာအုပ်စု၊ ငါးဘတ်ကျေးရွာအုပ်စုနှင့် လက်ပံကွင်းကျေးရွာအုပ်စုတို့ရှိ မိုးရွာသွန်းမှုနည်းပါး၍ စိုက်ပျိုးရေလိုအပ်သော လယ်မြေများ ယခုအခါ ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ်ရှိ မမြဆည်သည် နွေစပါးစိုက်ပျိုးချိန်တွင်သာမက မိုးစပါးစိုက်ပျိုးချိန်နှင့် အောင်ရေလိုအပ်ပါကလည်း ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်သမားများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးသော တောင်ရိုးဒေသမှ လယ်သမားများ အားကိုးရသည့် ဆည်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ဖားကန့်မြို့ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ဥတုချောင်းအတွင်းရှိ မြေစာများကို စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်းနေသည်ကို ဇူလိုင် ၁၂ ရက်က တွေ့ရစဉ်။ စိုးနိုင်ဦး(ဖားကန့်)

# ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ဦးစီးအဖွဲ့၏ လက်နက်နှင့် ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ကော့ကရိတ်-သက်န်းညီနောင်-မြဝတီလမ်းဟောင်းနှင့် အာရှလမ်းသစ်အား တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေရှင်းလင်း၍ ဖွင့်လှစ်ခဲ့ပြီး အများပြည်သူ လုံခြုံရေးအတွက် ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ဦးစီးကြွင်းကျန်အဖွဲ့အား ဆက်လက်ရှင်းလင်းလျက်ရှိသည်။

ထိုသို့ရှင်းလင်းစဉ် ဇူလိုင် ၁၂ ရက် ညနေပိုင်းက အောင်ဗလကုန်းနှင့် အနီးပတ်ဝန်းကျင်တွင် ၎င်းအဖွဲ့မှ သိမ်းဆည်းထားသော အမ်-၁၆ သေနတ် ၁၁ လက်၊ အာရ်ပီဂျီနှစ်လက်၊ အေကေ-၄၇ သေနတ်သုံးလက်၊ ပွိုင့်-၃၀ ကာဘိုင်သေနတ်တစ်လက်နှင့် အမ်-၇၉ ဗုံးပစ်လောင်ချာနှစ်လက် စုစုပေါင်းလက်နက်မျိုးစုံ ၁၉ လက်၊ ကျည်အိမ်မျိုးစုံ ၂၁ ခု၊ ကျည်မျိုးစုံ အတောင့် ၃၁၀၊ ဗုံးသီးမျိုးစုံ ၂၅ လုံး၊ စနိုက်ပါမှန်ပြောင်းတစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းကလည်း တောင်ယာတဲတစ်လုံးအတွင်းမှ ၆၀ မမ စိန်ပြောင်းတစ်လက်၊ ဗုံးသီး ၁၄ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံးနှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ကို လည်းကောင်း၊ ပွိုင့်-၃၈၂ တောင်ကုန်းတစ်ဝိုက်မှ လက်နက်မျိုးစုံ ငါးလက်၊ ကျည်မျိုးစုံ ၂၉၅၃ တောင့်၊ ကျည်အိမ်မျိုးစုံ ၅၉ ခု၊ ခဲယမ်းဆက်စပ်ပစ္စည်းများ၊ ဒေသန္တရလုပ်မိုင်းများ၊ ယာယီလူနေတဲများနှင့် မော်တော်ယာဉ်နှစ်စီးတို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိသည်။



ဆက်လက်၍ ကောင်းမှုကျေးရွာအတွင်းရှင်းလင်းခဲ့ရာ ၎င်းတို့အခြေပြုနေရာများမှ ရီမုတ်မိုင်းသုံးလုံးနှင့် ရီမုတ် တစ်ခု၊ ဒေသန္တရမိုင်းတစ်လုံး၊ အသုံးအဆောင်ပစ္စည်းများအားသိမ်းဆည်းရမိပြီး ၎င်းတို့အဖွဲ့မှ အဖွဲ့ဝင်နှစ်ဦးအား ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ နယ်မြေရှင်းလင်းမှုပြုလုပ်စဉ် ၎င်းတို့အဖွဲ့မှ ဒေသခံပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ ဇူလိုင် ၁၃ ရက် ညနေပိုင်းက ကော့ကရိတ်မြို့ လူနေရပ်ကွက်အတွင်းသို့ လက်နက်ကြီးဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့သည်။

သို့ဖြစ်၍ ဒေသခံပြည်သူများ၏ လုံခြုံရေးအတွက် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF)တို့က နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## မိုးထစ်ချုန်း၍ ရွာနေဦးမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ- မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။



# မြိတ်မြို့နှင့် နမ့်ခမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မြိတ် ဇူလိုင် ၁၄**

မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၉ ရက်က မြိတ်မြို့ ကန်ဖျားလမ်းမကြီး



ရှိ မူကြိုကျောင်းရှေ့တွင် မင်းထိုက်စိုး မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ မင်းထိုက်စိုးထံမှ အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် အရိုးအသွား ၂၆ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ မြိတ်မြို့နယ် မြိတ်ထောင်ကျေးရွာ အင်းလေးမြိုင် (၂)ရပ်ကွက် ကြာညို လမ်း ပဒုမ္မာ(၁)လမ်းသွယ်ရှိ ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇၄ ပြား သိမ်းဆည်းရမိသဖြင့် မင်းထိုက်စိုး(ခ) ကျော်ရဲအောင် (၃၅နှစ်)ကို လက်နက်ဥပဒေပုဒ်မအရ လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ လည်းကောင်း အရေးယူထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၁ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်နှင့် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် နမ့်ခမ်းကျေးရွာအဝင် နမ့်ခမ်း-မူဆယ် ကားလမ်းပေါ်တွင် နမ့်ခမ်းမြို့ဘက်မှ နမ့်စန်ဂိုဒေါင် ကျေးရွာဘက်သို့ မုန်ထွယ်မောင်းနှင်းလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ သိမ်းဆည်းရမိသဖြင့် မုန်ထွယ်(၃၀ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုရဲ**

# ဆိုင်ကယ်လုယက်ထွက်ပြေးသူများကို ဖမ်းဆီး

**စဉ့်ကိုင် ဇူလိုင် ၁၄**

မန္တလေးစက်မှုဇုန်မှ CYT အထည်စက်ရုံသို့ ညဆိုင်းအလုပ်ဆင်းရန် ဖယ်ရီကားစောင့်နေသောဇနီးနှင့် အိမ်နီးချင်းအမျိုးသမီးတို့ကို လိုက်ပါပို့ဆောင်ပေးသော အမျိုးသားအား ဓားဖြင့်ထိုး၍ ဆိုင်ကယ်လုယက်ထွက်ပြေးသူနှစ်ဦးကို ဇူလိုင် ၁၂ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စဉ့်ကိုင်ကြီးကျေးရွာမှ CYT အထည်စက်ရုံအလုပ်သမများဖြစ်သော မေဝါဆိုနှင့် ဖြူဖွေးတို့နှစ်ဦးမှာ မေဝါဆို၏ ခင်ပွန်းဖြစ်သူ ချမ်းမြေ့လင်းနှင့်အတူ ဇူလိုင် ၁၂ ရက် ည ၉ နာရီခွဲခန့်က ရန်ကုန်-မန္တလေး ကားလမ်းဘေး ပင်းချားတံတားအနီး၌ စက်ရုံဖယ်ရီကားစောင့်နေစဉ် မန္တလေးဘက်မှ လမ်းပြောင်းပြန်မောင်းနှင်လာသော ဆိုင်ကယ်ပေါ်မှ လူနှစ်ဦးအနက် တစ်ဦးသည် ချမ်းမြေ့လင်းအား ဓားဖြင့်ဝင်ထိုးပြီးလဲကျသွားစဉ် ဆိုင်ကယ်ကို လုယူစီးနင်းပြီး ဆိုင်ကယ်တစ်ယောက်တစ်စီးဖြင့် မန္တလေးဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း၊ မေဝါဆိုက စဉ့်ကိုင်မှ မိဘဆွေမျိုးများနှင့်ရဲစခန်းကို ဖုန်းဆက်အကြောင်းကြားခဲ့ရာ ပြစ်မှုကျူးလွန်သူနှစ်ဦးကို ည၁၀နာရီတွင် ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများမှာ တောင်ငူမြို့နေ ထွန်းထွန်း(ခ)ချစ်ဇော်ဦး (၂၂ နှစ်)နှင့် ရေနံချောင်းမြို့နယ်နေ ဇော်မင်းဦး (၂၄ နှစ်)တို့ နှစ်ဦးဖြစ်ကြောင်းသိရပြီး ချမ်းမြေ့လင်းမှာ ဒဏ်ရာပြင်းထန်သဖြင့် စဉ့်ကိုင်ဆေးရုံမှ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

**(၁၆၀)**

# စစ်ကိုင်းမြို့နယ်တွင် ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်သူတစ်ဦးအားအရေးယူ

**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သီဟစိုးနှင့်အဖွဲ့သည် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အတွင်း ခိုးဆိုးနှိုက်များဖမ်းဆီးရေး ဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် မီးရထားဘူတာရုံရှေ့၌ ကျော်ရှိန်း ငွေးကုန်းကျေးရွာ တံတားဦးမြို့နယ်နေသူအား ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရ၍ မေးမြန်းရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာပြောပြနိုင်ခြင်း မရှိသည့်အပြင် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ၄၃ယ/---KENBO 125 ဆိုင်ကယ်ကို သိမ်းဆည်းခဲ့သည်။

သို့ဖြစ်ပါ၍ ပိုင်ရှင်အမှန် စုံစမ်းဖော်ထုတ်နိုင်ရန်နှင့် ကျော်ရှိန်းအား စစ်ကိုင်းမြို့မရဲစခန်းမှ အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

# မိုးကြိုးပစ်ခံရ၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ညောင်လေးပင် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်းအလယ်စုကျေးရွာ ကွင်းအမှတ်(၂၀၂) တွင် ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ရာ လယ်ကွင်းအတွင်း လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦး သေဆုံးပြီး တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးပြင်းထန်စွာရွာသွန်းနေချိန်တွင် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်းအလယ်စုကျေးရွာ ကွင်းအမှတ်(၂၀၂)တွင် အောင်သူ(၄၅ နှစ်)နှင့် ရဲဝင်းစိုး(၂၈နှစ်)တို့ ကျူချောင်းအလယ်စုကျေးရွာနေသူတို့နှစ်ဦး ပျိုးနုတ်နေစဉ် မိုးကြိုးပစ်ခံခဲ့ရပြီး ရဲဝင်းစိုးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး အောင်သူမှာ (စိုးရိမ်ရ) သတိမေ့မြောသွားခဲ့ပြီး ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **ခင်အောင်လှိုင်**

# ရေတာရှည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရေတာရှည် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် ည ၉ နာရီက စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ ဇေယျသိမ်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ သုသာန်အနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူများကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ရေနီနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ဆန်းထူး ဦးစီးအဖွဲ့သည် မင်းစိုးဦး(၃၀ နှစ်) စီးလာသည့် ၁၃ယ/----- HONDA ဆိုင်ကယ်ကိုစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၊ အလေးချိန် သုံးဂရမ်ခန့်အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မင်းစိုးဦး၏ ထွက်ဆိုချက်အရ ဆေးပြားများကို လယ်ဝေးမြို့နယ် ဟေမန်ကျေးရွာနေ မခင်ဝင်းထံမှ ယူဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက အောင်ချမ်းသာ ကျေးရွာအနီး၌ မခင်ဝင်း



ကို ထပ်မံဖမ်းဆီးရမိခဲ့၍ ရေနီနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ငှက်ဖျားလူနာထွက်ပြေးရာမှသေဆုံး

**ကသာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ဖုန်ကုန်းကျေးရွာအနီး၌ ဇူလိုင် ၁၂ ရက်က လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ကသာမြို့နယ် ဖုန်ကုန်းကျေးရွာခွဲ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်က ဖုန်ကုန်းကျေးရွာအရှေ့တွင် အောင်မျိုးဝင်းဆိုသူ ကြံခင်းစပ်တွင် မှောက်လျက်သေဆုံးနေကြောင်း အကြောင်းကြားခဲ့သည်။ သေဆုံးသူ၏ အစ်ကိုဖြစ်သူ ကိုမျိုးထွန်း၏ ပြောပြချက်အရ ဇူလိုင် ၁၀ ရက်က ငှက်ဖျားရောဂါထ၍ အဖျားတက်နေသဖြင့် ဆေးရုံပို့မည့်အကြောင်း၊ ပြောဆိုစဉ် ထွက်ပြေးသွားရာမှ ပျောက်ဆုံးသွားပြီး ဇူလိုင် ၁၂ ရက် ည ၁၁ နာရီတွင် တွေ့ရှိရခြင်းဖြစ်ကြောင်း ၎င်းသေဆုံးခြင်းသည် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိနိုင်ရန် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အရှိန်မထိန်းနိုင်သော သုံးဘီးဆိုင်ကယ် တာရိုးပေါ်မှ ထိုးကျတိမ်းမှောက်

**နေပြည်တော် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချောင်းဆုံကျေးရွာတွင် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ယာဉ်တိမ်းမှောက်မှုကြောင့် မုံရွေးကျေးရွာနေ မသွယ်သွယ်စိုး(၆နှစ်)တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ မုံရွာ-အမြင့်ကားလမ်းအတိုင်း တောင်မှမြောက်သို့ မုံရွာမြို့နယ် ကူတောပလ္လင်ကျေးရွာနေ ကိုမင်း(၄၅နှစ်) မောင်းနှင်လာသည့် ၂ဟ/---- သုံးဘီးဆိုင်ကယ်သည် မျက်နှာချင်းဆိုင်မှ သုံးဘီးဆိုင်ကယ်တစ်စီးကို ရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ တာရိုးပေါ်မှ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

---

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## ပဲခူးတိုင်းဒေသကြီး

## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ပဲခူးတိုင်းဒေသကြီးမှ ဘုရားကြီး ကြက်မွေးမြူရေးခြံရှိ ဟောင်းနွမ်းပျက်စီး၍ ပြုပြင်သုံးစွဲရန် မသင့်တော်သည့် အဆောက်အအုံဟောင်းများအား ဈေးပြိုင်လေလံဖြင့် ဒေသတွင်းရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်နှင့်ပုံစံကို ၁၄-၇-၂၀၁၅ရက်မှစ၍ ရယူနိုင်မည်ဖြစ်ပြီး ၁၉-၇-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့်ရောင်းချမည့် အဆောက်အအုံဟောင်းများအား ဆက်သွယ်ပြီး သွားရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး ဖုန်း-၀၅၂-၂၂၀၀၃၃၉၊ ၀၅၂-၂၂၂၁၂၁၄တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

---

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးမြင့်တင်(ငြိမ်း)
(ကျောင်းအုပ်ကြီး၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း)-
ဒေါ်မြငွေးဝင်း(အလပြ၊ ငြိမ်း)တို့၏သား

**ဗိုလ်မင်းစိုးထက်**
**B.C.Sc.(DSA)**

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ထူး(MH အင်ဂျင်ရေတိုင်ကီလုပ်ငန်း)-
ဒေါ်ဥမ္မာခိုင်တို့၏တစ်ဦးတည်းသောသမီး

**မအေးချမ်းမြင့်**
**B.Sc(Maths)**

တို့သည် ၁၂-၇-၂၀၁၅ ရက်တွင် Royal Mingalardon Golf & Country Club (Albatross Lounge) ၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မင်းစိုးထက်-မအေးချမ်းမြင့်**

---


GOLDEN STAR Travels & Tours
☆ ပုဂံ(ဇွဲကပင်တော်လေးဆူ)-ပုပ္ပါး July - 30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း July - 30
☆ တောင်ကြီး-အင်းလေး-ပင်းတယ July - 30
☆ ကျိုက်ထီးရိုး-ချောင်းသာ - ငွေဆောင်
Ph: 209200, 544383, 430480, 703448, 705968


---

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)ဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)၏ ဟောပြောပွဲကို အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်နိုင်မောင်မောင်က "Performance Management For Business" ခေါင်းစဉ်ဖြင့် ၂၆-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းရှိ ဟောပြောပွဲခန်းမတွင် ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို မှတ်ပုံတင်ကြေးပေးသွင်း၍ တက်ရောက်နိုင်ပြီး လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအနေဖြင့် CPD နာရီထောက်ခံချက်ရရှိမည်ဖြစ်ပါသည်။ ဟောပြောပွဲတက်ရောက် လိုသူများအနေဖြင့် ၂၃-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉၊ ပထမထပ်ရှိ အသင်းရုံးခန်းသို့ လာရောက်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် နယ်မှလာရောက်မည့် သူများအနေဖြင့် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် အသင်းရုံးခန်းသို့ ကြိုတင်ဆက်သွယ်စာ ရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

## အမည်ပြောင်း

ဦးကိုကိုအောင်၏သား ရန်ကုန်မြို့ အလက(၁)ဒဂုံ၊ပထမတန်း(A)မှ မောင်သစ်နိုင်အောင်အား ယနေ့မှစ၍ မောင်ဟိန်းဇမ္ဗူထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းဇမ္ဗူထွန်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ် အထက(၁) တက္ကသိုလ်ဝင်တန်း(င)မှ မရွှန်းလဲ့အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းဝင်း ၅/တမန(နိုင်)၀၀၅၆၀၀ ဖြစ်ပါသည်။

**ဦးအောင်သန်းဝင်း**

## ဖခင်အမည်မှန်

ရွှေဘိုမြို့နယ်၊ ဘုံးဘွဲ့ကျေးရွာ အလက သတ္တမတန်းမှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမောင် ဖြစ်ပါသည်။

**ဦးမျိုးမောင်**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(င)မှ မောင်ထက်မြတ်အောင်၏ ဖခင် အမည်မှန်မှာ ဦးမင်းခိုင်ဖြစ်ပါကြောင်း။

**ဦးမင်းခိုင် ၇/ပခန(နိုင်)၀၄၆၀၉၆**

# ရန်ကုန်မြို့သစ်စီမံကိန်းနှစ်ခု အကောင်အထည်ဖော်မည်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်မြို့တွင် လူဦးရေတိုးတက်များပြားလာမှုကြောင့် မြို့သစ်များ တိုးချဲ့ရန် လိုအပ်လျက်ရှိရာ မြို့သစ်စီမံကိန်းနှစ်နေရာကို တိုးချဲ့သွားရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"ရန်ကုန်မြို့ရဲ့ လက်ရှိလူဦးရေကတိုးတက်များပြားလာတဲ့အတွက် မြို့သစ်တွေတိုးချဲ့ဖို့လိုအပ်နေတာ အမှန်ပါပဲ။ မြို့သစ်နှစ်နေရာ တိုးချဲ့သွားဖို့ စီစဉ်နေပါတယ်။ ရန်ကုန်မြို့ရဲ့ အနောက်ဘက်ပန်းလှိုင်မြစ်နဲ့ တွံတေးတူးမြောင်းကြားနေရာနဲ့ လှိုင်မြစ်နဲ့ လှိုင်သာယာ-တွံတေးကားလမ်းကြားနေရာတွေမှာ မြို့သစ်စီမံကိန်းနှစ်ခု တိုးချဲ့သွားဖို့ စီစဉ်နေတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ အတည်ပြုပြောကြားသည်။

"ဒီမြို့သစ်စီမံကိန်းတွေမှာ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေပါဝင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်ဖို့ တင်ဒါ တွေလည်း ခေါ်ယူထားပါပြီ။ မကြာမီစီမံကိန်းတွေ စတင်နိုင်မယ့် အနေအထား ရှိပါတယ်။ မြို့သစ်စီမံကိန်းတွေကို စံချိန်စံညွှန်းနဲ့အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

ရန်ကုန်မြို့၏ လက်ရှိနေထိုင်သူဦးရေသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ခုနစ်သန်းကျော်ရှိနေပြီး အများစုမှာ အိမ်ငှားနေထိုင်ကြသူများဖြစ်သည်။ မြို့နေပြည်သူအများစုအနေဖြင့် အိမ်ရာနှင့် မြေဈေးနှုန်းကြီးမြင့်မှုများကြောင့် အိုးအိမ်ပိုင်ဆိုင်ရန် ခက်ခဲနေကြပြီး မြို့သစ်စီမံကိန်းများ ပေါ်ပေါက်ကာ အဆိုပါစီမံကိန်းများတွင် တန်ဖိုးနည်း အိမ်ရာများ၊ တန်ဖိုးနည်းမြေကွက်သစ်များ ဖော်ထုတ်ပေးရန် မျှော်လင့်နေကြသည်။

ယခုကဲ့သို့ အစိုးရက မြို့သစ်စီမံကိန်းများ ဖော်ထုတ်ပေးခြင်းဖြင့် အိမ်ရာလိုအပ်ချက်ရှိနေသူ ပြည်သူများအတွက် အိုးအိမ်ပိုင်ဆိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ သို့သော် စီမံကိန်းများအပေါ်မူတည်၍ အိမ်ခြံမြေဈေးကို ကစားကြသော ပွဲစားများကြောင့် မြေဈေးများမြင့်တက်လေ့ရှိရာ ယခုမြို့သစ်စီမံကိန်း ဖော်ထုတ်မှုတွင်လည်း အိမ်ခြံမြေဈေးများ အဆမတန်မြင့်တက်လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသည်။ ပြီးခဲ့သည့် လပိုင်းအတွင်းကလည်း ပန်းဆိုးတန်း-ဒလ တံတားထိုးမည့် စီမံကိန်းနှင့်ပတ်သက်၍ အိမ်ခြံမြေပွဲစားများ၏ ဈေးကစားမှုကြောင့် ဒလဘက်ခြမ်းတွင် အိမ်ခြံမြေဈေးများ အဆမတန် ခုန်တက်ခဲ့ကြောင်း သိရသည်။

**ကြဲတိုင်းအောင်**

# ကျောင်းမုန့်ဈေးတန်း၌ ကျန်းမာရေးစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၄**

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား တစ်ကိုယ်ရေကျန်းမာရေး စစ်ဆေးခြင်းနှင့်ကျောင်းမုန့်ဈေးတန်းတွင်ရောင်းချသောအစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးခြင်းများကို ဇူလိုင် ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာဟေမာဇော်နှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းသန်းအေးတို့ ဦးဆောင်သည့်အဖွဲ့က စစ်ဆေးခဲ့ခြင်းဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချသောအစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကျောင်းကျန်းမာရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



# တယ်လီနော၏ မိုဘိုင်းဆက်သွယ်မှု ကယားပြည်နယ်တွင်ပါ ရရှိလာ

**ရန်ကုန် ဇူလိုင် ၁၄**

တယ်လီနောမြန်မာ၏ မိုဘိုင်းဆက်သွယ်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ရရှိရန် ဆက်တိုက်တိုးချဲ့လျက်ရှိရာ ကယားပြည်နယ်တွင်လည်း ဇူလိုင် ၁၃ မှစ၍ ဝန်ဆောင်မှုများ စတင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်တွင် တယ်လီနောကွန်ရက် စတင်ရရှိခြင်းသည် မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ ကရင်၊ မွန်၊ ကချင်၊ ရှမ်းနှင့် နေပြည်တော်စသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေများနောက် ၁၂ ခုမြောက်ပြည်နယ်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း စတင်ဝန်ဆောင်မှုပေးချိန်တွင် မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင် ၁၃ တိုင်ရှိပြီး ၁၀ တိုင်မှာ လွိုင်ကော်တွင်ရှိကြောင်း သိရသည်။

"လွိုင်ကော်မြို့မှာ ကျွန်တော်တို့ရဲ့ မိုဘိုင်းဝန်ဆောင်မှုတွေကို ဖြန့်ကြက်နိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ လွန်ခဲ့တဲ့ လတွေကစတင်ပြီး ကျွန်တော်တို့အနေနဲ့ ကျေးလက်ဒေသတွေမှာ မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ဖို့ တဖြည်းဖြည်း တိုးချဲ့နေပါတယ်။ ရှေ့လာမယ့်လတွေမှာလည်း နိုင်ငံနေရာအနှံ့အပြားမှာ ကွန်ရက်တွေ ဆက်လက်ဖြန့်ကြက်သွားဖို့ ရှိပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Petter Furberg က ပြောသည်။

ပြည်နယ်အတွင်း ပိုမိုကောင်းမွန်သည့် ဖုန်းပြောဆိုမှုနှင့် အင်တာနက်ကို သုံးစွဲနိုင်ရန်အတွက် တယ်လီနောအနေဖြင့် တာဝါတိုင်များနှင့် ဖိုင်ဘာလမ်းကြောင်းများကိုပါ ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ တယ်လီနောဆင်းကတ်များရောင်းချမှုကိုလည်း ပြည်နယ်အတွင်း လက်လီအရောင်းဆိုင်ပေါင်း ၄၀၀ ကျော်တွင် စတင်ရောင်းချနေပြီဖြစ်ကာ တယ်လီနော၏ ၆၅ ခုမြောက် ကိုယ်ပိုင်အရောင်းဆိုင်ကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် တယ်လီနောသည် မြန်မာနိုင်ငံ၏ လူဦးရေထူထပ်သောနေရာများ၏ ၅၀ရာခိုင်နှုန်းကျော်တွင် တာဝါတိုင်ပေါင်း ၂၃၀၀ ကျော်ကို စိုက်ထူပြီးဖြစ်ကာ ၂၀၁၅ခုနှစ်အကုန်တွင် တာဝါတိုင်ပေါင်း ၃၀၀၀ နှင့် ၄၀၀၀ ကြား ပြီးစီးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ **သွန်းဝဿန်**

# ရွေးကောက်ပွဲဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**မိုးမိတ် ဇူလိုင် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းစံဝင်းသည် ဇူလိုင် ၁၃ ရက် ညနေ ၃ နာရီက မိုးမိတ်ခရိုင် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမသို့ ရောက်ရှိပြီး မိုးမိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီငါးခုမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဒေသတွင်း နိုင်ငံရေးပါတီများ၏လုပ်ဆောင်ချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု များမရှိအောင် ဆောင်ရွက်သွားကြရန် မဲဆန္ဒရှင်စာရင်းများကို ပွင့်လင်းမြင်သာ မှုရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ခရိုင် ပြန်/ဆက်)

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၇-၇-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ် (၂)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂) မုံရွာမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီး ရန်ပုံငွေဖြင့်တည်ဆောက်မည့် ယင်းမာပင်ခရိုင်၊ ချောင်းမ-ကနီလမ်း၊ ရေဝါချောင်းတံတားအတွက် လိုအပ်သော သံချောင်းလုံး၊ ဘိလပ်မြေ၊ ဒီဇယ်ဆီစသည့် ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့်ပစ္စည်းအမျိုးအစား အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များ တံတားဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ တံတားအထူးအဖွဲ့(၂) မုံရွာမြို့၊ ဖုန်း-၀၉-၈၅၂၂၃၂၅၊ ၀၉-၅၄၀၇၃၇၁၊ လမ်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးရုံး ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ဦးစီးအရာရှိရုံး၊ ကနီမြို့နယ် ဖုန်း-၀၉-၂၆၃၀၇၀၂၁၂ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို ဒု-ညွှန်ကြားရေးမှူးရုံး တံတားအထူးအဖွဲ့(၂) မုံရွာမြို့တွင် ၁၀-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၉-၇-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီအထိ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၀-၇-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ရေဝါချောင်းတံတားစီမံကိန်း၊ ကနီမြို့၊ တံတားဦးစီးဌာန၊ မုံရွာမြို့၊ ဖုန်း-၀၉-၅၄၀၇၃၇၁

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေပေးရေးလုပ်ငန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot(4) | | |
| 1. | Logging Instrument | 1 No |
| Lot(5) | | |
| 1. | Bore Hole Camera(RCam 1000XS) | 1 No |
| Lot(6) | | |
| 1. | Air Compressor(310 CFM) ` | 2 Nos |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၄-၈-၂၀၁၅ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၄-၈-၂၀၁၅ ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဦးမြင့်ဇော်ထွန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ဖော့ကန်ကွင်း အမှတ်(၃၉၉/က)၊ ဦးပိုင်အမှတ် ၆၈၊ ဧရိယာ ၁၄ဒသမ၆၈ရှိသော မြေကွက်နှင့်ပတ်သက်၍ ဦးအေးလွင် ၁၂/စခန(နိုင်)၀၄၉၆၆၈က ဦးမြင့်ဇော်ထွန်း ၁၂/ရကန(နိုင်)၀၀၃၀၆၂အား မည်သည့်အချိန်၊ မည်သည့်ကာလမျှ အရောင်းအဝယ်ပြုလုပ် စာချုပ်ချုပ် ဆိုခြင်း၊ ရောင်းချခြင်း လုံးဝအလျှဉ်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်၏ ပိုင်ဆိုင်ခွင့်ကို ဦးမြင့်ဇော်ထွန်းမှလည်းကောင်း၊ ဆက်နွယ်ပတ်သက်သူများမှလည်းကောင်း၊ မည်သူမဆို ထိပါးနှောင့်ယှက်လာပါက ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမြင့်ဇော်ထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်လွင်**
**အထက်တန်းရှေ့နေ**
**အမှတ် ၁၁၁၊ သီဂီလမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၉၁၆၁၅**

## အိတ်ဖွင့်တင်ဒါပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်းကို အသိပေးကြေညာခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယအကြိမ်တင်ဒါခေါ်ယူခဲ့သော (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၃၅)ခုမှ ကရင်ပြည်နယ်၊ ဘားအံပြည်သူ့ဆေးရုံကြီး (၂)ထပ်လူနာဆောင်(၂)ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအား (၄)ထပ် လူနာဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝေဘာဂီကူးစက် ရောဂါကုဆေးရုံကြီး ဆေးစတိုတိုးချဲ့ ဆောက်လုပ်ခြင်းနှင့် (၂)ထပ်တိုးချဲ့ လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအား (၂) ထပ်ရောဂါပိုးသံသယရှိ လူနာဆောင်နှင့် (၃)ထပ်ရောဂါပိုးတွေ့ လူနာဆောင်အဖြစ် ဒီဇိုင်းပုံစံပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်း (၂)ခု၏ တင်ဒါပိတ်ရက်အား ယခင်ကြေညာထားသော ၁၅-၇-၂၀၁၅ရက်မှ ၂၉-၇-၂၀၁၅ရက်သို့ တိုးမြှင့်သတ်မှတ်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မှီငြမ်းပြုပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကုသရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲ၊ ရုံးအမှတ် (၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

## ဖခင်အမည်မှန်

အထက(၃)ဗဟန်း တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မသီတာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအစိုးကူးမာရ် ၁၂/ရကန(နိုင်)၀၈၂၆၄၄ ဖြစ်ပါသည်။

**ဦးအစိုးကူးမာရ်**

**တိုက်ခန်းကျယ်ရောင်းမည်**
ရန်ကင်းမြို့နယ်၊MBR 1, BR 2၊ အဆင့်မြင့်ပြင်ဆင်ပြီး (1200 sqft) သိန်း ၁၉၀၀
Ph : 09-5044926

# မားစ်ကူးစက်မြန်ရောဂါအန္တရာယ် သတိပြုဖွယ်

**မေယု-မျိုးအောင်(MANA)**

မားစ်ကူးစက်မြန်ရောဂါကို ပထမဦးဆုံးအကြိမ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံတွင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပါသည်။ အီဂျစ်နိုင်ငံမှ ဗိုင်းရပ်စ်ပိုးမွှားပညာရှင် Dr. ALi Mohamed Zaki က လူတစ်ဦး၏အဆုတ်မှ ကိုရိုနာဗိုင်းရပ်စ်တစ်မျိုးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလအတွင်း ကာတာနိုင်ငံ၌ နေထိုင်သော အသက် (၅၀)ခန့်အရွယ် အမျိုးသားတစ်ဦးတွင် အလားတူလက္ခဏာများ တွေ့ရှိခဲ့ပြီး ပထမအကြိမ် တွေ့ရှိချက်နှင့်တူညီနေကြောင်း တွေ့ရှိရပါသည်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ကာတာနှင့် ဆော်ဒီအာရေဗျနိုင်ငံတွင် အလားတူဖြစ်ရပ်များ ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်ပိုးကြောင့် အသက်ဆုံးရှုံးနိုင်သည်အထိ တွေ့ရှိခဲ့ရပြီးနောက် ဗိုင်းရပ်စ်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ခြင်း စောင့်ကြည့်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြသည်။

၂၀၁၅ခုနှစ် ဇွန်လအထိ ဆော်ဒီအာရေဗျ၊ ကာတာ၊ ဂျော်ဒန်၊ ယူအေအီး၊ အီဂျစ်၊ တူရကီ၊ ကူဝိတ်၊ အိုမန်၊ အယ်လ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အင်္ဂလန်၊ ဩစတြီးယား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဟောင်ကောင်ဒေသနှင့် တောင်ကိုရီးယား နိုင်ငံများတွင် မားစ်ကူးစက်မြန်ရောဂါကို တွေ့ရှိခဲ့ရပါသည်။

မားစ်ကူးစက်မြန်ဗိုင်းရပ်စ်သည် အခြားသော ကိုရိုနာဗိုင်းရပ်စ်များကဲ့သို့ပင် လူသားတို့၏ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်သည်။ ဥပမာ- ချောင်းဆိုးခြင်း၊ နှာချေခြင်း အစရှိသည်တို့မှ ဖြစ်နိုင်ပါသည်။ လူနာနှင့် အနီးကပ်ရှိနေသော ကျန်းမာရေးဝန်ထမ်းများနှင့် မိသားစုဝင်များကို ကူးစက်ခြင်းကဲ့သို့သော လူသားချင်းကူးစက်မှုသာ စနစ်တကျ မှတ်တမ်းတင်နိုင်သေးပါသည်။

ဆော်ဒီအာရေဗျကျွန်းဆွယ်အတွင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် သက်ဆိုင်မှုရှိနေသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူများ၊ သို့မဟုတ် နေထိုင်မကောင်းမဖြစ်မီ အရှေ့အလယ်ပိုင်းဒေသသို့ ခရီးသွားခဲ့သူများ ဖြစ်သည်ကို တွေ့ရှိရပါသည်။

ရောဂါရှိသူများကို ပြုစုစောင့်ရှောက်ပေးရသည့် ကျန်းမာရေးဝန်ထမ်းများလည်း ကူးစက်မှုရှိခဲ့ကြောင်း တွေ့ရှိသည့်အတွက် လူသားချင်းကူးစက်မှု ပျံ့နှံ့နိုင်သည့် ရောဂါတစ်ခုဖြစ်ပါသည်။ မားစ်ရောဂါကူးစက်ခံရသူများသည် အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သည့်ဝေဒနာကို ခံစားကြရပြီး သိသာသည့် ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အသက်ရှူရန်ခက်ခဲခြင်း၊ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း



များလည်း ဖြစ်တတ်ပါသည်။ နောက်ဆက်တွဲအနေဖြင့် အဆုတ်အအေးမိခြင်း၊ ကျောက်ကပ်ဝေဒနာများ ခံစားကြရပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံပြီးနောက် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ အများဆုံး တွေ့ရှိရသည့်နိုင်ငံ ဖြစ်လာပါသည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် ဗိုင်းရပ်စ်ပိုးကို စတင်တွေ့ရှိခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်၍ ယခုအချိန်အထိ ရောဂါရှိသူဦးရေ ၁၀၀၀ ကျော်ရှိသည်။ တောင်ကိုရီးယားနိုင်ငံ၏ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေသည် ဆော်ဒီအာရေဗျနိုင်ငံထက် ရောဂါပိုးတွေ့ရှိသူဦးရေ များပြားကြောင်း တွေ့ရှိရပါသည်။

မားစ်ဗိုင်းရပ်စ်ပိုးသည် ၂၀၀၃ ခုနှစ်က စတင်တွေ့ရှိခဲ့သော ကမ္ဘာတစ်ဝန်းတွင်လူပေါင်း ၈၀၀ ခန့်ကို သေဆုံးစေခဲ့သည့် ဆားစ်ရောဂါနှင့် အသွင်သဏ္ဌာန်တူပါသည်။ ၂၀၁၂ ခုနှစ်တွင် မားစ်ဗိုင်းရပ်စ်ကူးစက်မှုနှုန်း ၁၀၀၀ ကျော်ရှိကာ သေဆုံးသူဦးရေ ၄၀၀ ကျော် ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ မားစ်ရောဂါကြောင့် လူသေဆုံးမှုနှုန်းမှာ ရောဂါဖြစ်ပွားသူများတွင် ၂၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ မားစ်ဗိုင်းရပ်စ်ကို တိုက်ဖျက်မည့် ကာကွယ်ဆေးမရှိသေးပါ။

အမေရိကန်ရောဂါကာကွယ်ရေးနှင့် ကုသရေးဌာနက မားစ်ရောဂါကူးစက်ခြင်းမခံရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ရမည့် နည်းလမ်းများကို အောက်ပါအတိုင်း အကြံပြုထားပါသည်။

- လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ စက္ကန့် ၂၀ မျှကြာအောင် ဆေးကြောပါ။ ကလေးသူငယ်များကိုလည်း အလားတူ လုပ်ဆောင်ခိုင်းပါ။ ဆပ်ပြာနှင့်ရေရရှိရန် မလွယ်ကူပါက အယ်လ်ကိုဟောအခြေခံသော လက်သန့်စင်ရေကို သုံးပါ။
- ချောင်းဆိုးစဉ် သို့မဟုတ် နှာချေစဉ် ပါးစပ်နှင့် နှာခေါင်းကိုတစ်သျှူးစက္ကူဖြင့် ပိတ်ပါ။
- ဆေးကြောထားခြင်းမရှိသည့်လက်ဖြင့် မိမိ၏ မျက်လုံး၊ နှာခေါင်းနှင့်ပါးစပ်ကို ထိတွေ့ခြင်း၊ မပြုပါနှင့်။
- ဖျားနာနေသူများနှင့် ကိုယ်ခန္ဓာချင်း ထိတွေ့ခြင်း၊နမ်းခြင်း၊ ခွက်တစ်ခုတည်း၊ ပန်းကန်တစ်ချပ်တည်း စားသောက်ခြင်းကို ရှောင်ကြဉ်ပါ။

မားစ်ကူးစက်မြန်ရောဂါသည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး အရှေ့အလယ်ပိုင်း နိုင်ငံဖြစ်သော ဆော်ဒီအာရေဗျနိုင်ငံမှ ၂၀၁၂ ခုနှစ်၌ စတင်ဖြစ်ပွားခဲ့ကာ အာရှနိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့ပါသည်။ ရောဂါကူးစက်ခံရပါက ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်နိုင်ပြီး ရောဂါဖြစ်ပွားသူ၏ ၃၇ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးနိုင်ပါသည်။

အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို သိရှိနားလည်ပြီးလိုအပ်သော ကာကွယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

၁။ နာတာရှည်ရောဂါတစ်ခုခု သင်ခံစားနေရလျှင် (ဥပမာ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောဂါပိုးဝင်ခြင်း) စသည့် ယင်းရောဂါများသည် (MERS-CoV) ပိုးဝင်ရောက်ခြင်း အန္တရာယ်ကို ကြီးမားစေနိုင်သောကြောင့် ရောဂါဖြစ်ပွားနေသောဒေသသို့ ခရီးမထွက်ခွာမီ သက်ဆိုင်ရာဆရာဝန်နှင့် ထိရောက်စွာ ကုသမှုခံယူပါ။

၂။ ချောင်းဆိုး၊ နှာချေစဉ်ပါးစပ်ကို လက်ကိုင်ပဝါ၊ တစ်သျှူး၊ တံတောင်ဆစ်ဖြင့် ဖုံးအုပ်ပါ။

၃။ သင်၏လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။

၄။သေချာစွာချက်ပြုတ်ထားသော အစားအစာကိုသာစားပါ။

၅။ သစ်သီး/ဟင်းသီးဟင်းရွက်များကို အစိမ်းစားမည်ဆိုပါက သေချာစွာဆေးကြောပြီးမှ စားပါ။

၆။ ကုလားအုပ်နှင့် တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲ ထိတွေ့ခြင်းမှရှောင်ကြဉ်ပါ။

ရောဂါဖြစ်ပွားနေသော နိုင်ငံများတွင် နေထိုင်စဉ်(သို့မဟုတ်)ပြန်ရောက်ပြီး ၁၄ ရက်အတွင်း ဖျားနာခြင်းနှင့် ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း စသည့် သံသယလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ဆေးရုံဆေးခန်းသို့ ချက်ချင်းသတင်းပို့ပြီး ဆေးကုသမှုခံယူကြပါရန် ကျန်းမာရေးဝန်ကြီးဌာန၏ တိုက်တွန်းနှိုးဆော်ချက်များကို တိကျစွာလိုက်နာသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့ အခြေခံပညာ ကျောင်းများတွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို ဇူလိုင် ၁၂ ရက်က ဘားအံမြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ကျောင်းဝင်းအတွင်း အရိပ်ရပင်နှင့် ပန်းအလှပျိုးပင်များကို စုပေါင်းစိုက်ပျိုးပြီး သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။



ကျောင်းသား ကျောင်းသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်ပြီး ပလတ်စတစ်၏ဆိုးကျိုးများအကြောင်းနှင့် ပလတ်စတစ်များ မဖြစ်မနေအသုံးပြုရာတွင် (5R) နည်းစနစ်များဖြင့် အသုံးပြုရေးကို တာဝန်ရှိသူများက လာရောက်ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# မြို့နယ်တိုင်းရင်းဆေးဆရာအသင်း အခမဲ့ကုသပေး

**ပုသိမ်ကြီး ဇူလိုင် ၁၄**

မန္တလေးခရိုင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဥက္ကဌ ဦးသင်းနှင့်အဖွဲ့ဝင်များ၊ မေတ္တာရေချမ်းအဖွဲ့ ဦးကျော်ကျော်ဦးနှင့်အဖွဲ့ဝင်များ၊ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးဆရာအသင်း ဒေါ်ခင်သက်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဦးသစ်လွင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၁၃ ရက် ရေတံခွန်တောင်ခြေ မုံလယ်တောရတရားရိပ်သာရှိ ရဟန်း၊ သီလရှင်၊ ယောဂီ ၁၉၆ ဦးအား ရောဂါဝေဒနာများအခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးသစ်လွင်နှင့် ဝန်ထမ်းများသည် အမှတ်(၈၅) မူလတန်းလွန်ကျောင်း၊ အမှတ်(၂၄) မူလတန်းလွန်ကျောင်း၊ အမှတ်(၂၀) မူလတန်းလွန်ကျောင်းများသို့ ဇူလိုင်လအတွင်း ကျောင်းကျန်းမာရေးအခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ယာဉ်ပေါ်မှမီးသွေးအိတ်များ ဖမ်းဆီးရမိ

**နတ်မောက် ဇူလိုင် ၁၄**

ဇူလိုင် ၁၂ ရက် ည ၈ နာရီ၁၅ မိနစ်က မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုင်ကောင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ် အေးချမ်းအောင်နှင့်တပ်ဖွဲ့ဝင်ငါးဦးသည် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် သတင်းအရ စိုင်ကောင်းဈေးကုန်း၊ နတ်မောက်-ပျော်ဘွယ် ကားလမ်းယာဘက်ဘေးတွင် ရပ်ထားသော ယာဉ်မောင်းအောင်ကိုမင်း စိုင်ကောင်းဈေးကုန်းရပ် ကျောက်တန်းကျေးရွာအုပ်စု နတ်မောက်မြို့နယ်နေသူနှင့် ယာဉ်နောက်လိုက် အောင်မြတ်စန်း စိုင်ကောင်းဈေးကုန်းရပ် ကျောက်တန်းကျေးရွာအုပ်စု နတ်မောက်မြို့နယ်နေသူတို့ လိုက်ပါသည့် ယာဉ်အမှတ် ၂၅/-----ကောင်တာ ခြောက်ဘီးအဖြူရောင်ယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် သက်သေများနှင့်အတူ စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်မီးသွေးအိတ် အလုံး ၁၂၀ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

**သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်

**မလှိုင် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ ဇူလိုင် ၁၂ ရက်က အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် သက္ကယ်ကျင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအုပ် ဆရာကြီးက အလယ်တန်းကျောင်း ဖြစ်မြောက်အောင် အဘက်ဘက်မှ ကူညီလှူဒါန်းကြသော အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီ မြေသြဇာထုတ်လုပ်ဖြန့်ချိရေးမှ အလှူရှင်နှင့် ကျန်အလှူရှင်များကို တစ်ဦးချင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ကျော်ကျော်(မလှိုင်)**

# ကသာမြို့နယ် ကူးကာကျေးရွာတွင် သုတကြေးမုံ စာကြည့်တိုက်ဖွင့်



**ကသာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကူးကာကျေးရွာတွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်း၍ ဆောက်လုပ်ပြီးစီးခဲ့သော ကျေးရွာကိုယ်အားကိုယ်ကိုး သုတကြေးမုံစာကြည့်တိုက်ကို ဇူလိုင် ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကူးကာကျေးရွာအမှတ်(၁၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဟောပြောပွဲကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျေးရွာ ရပ်မိရပ်ဖများက သုတကြေးမုံ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များလှူဒါန်းခြင်း၊ စာကြည့်တိုက်တွင်လိုအပ်သည့် စာအုပ်၊ စာပေမျိုးစုံနှင့် လိုအပ်သော ပစ္စည်းများဝယ်ယူနိုင်ရန် ငွေပဒေသာပင်စိုက်ထူပေးခဲ့ပြီး မတည်ငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်း၍ မတည်ပေးခဲ့ကြသည်။

ယခုဖွင့်လှစ်ခဲ့သော သုတကြေးမုံ စာကြည့်တိုက်သည် ပြည်ထောင်စုလွှတ်တော်မှ ရန်ပုံငွေကျပ်သိန်း ၈၀၀၀၀၀ နှင့် ကျေးရွာအလှူရှင်များက ငွေကျပ်သိန်း ၄၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ ခန့်ကုန်ကျခဲ့ပြီး အဆောက်အအုံမှာ သွပ်မိုး၊ ထရံကာဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အခြေခံစက်ချုပ်သင်တန်းဖွင့်

**ကွတ်ခိုင် ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိစေကာ တစ်ဦးချင်းဝင်ငွေများတိုးပွားလာစေရေးအတွက် ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၃ ရက်က ပြည်ထောင်စုခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၃)အုပ်စုမှ သင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများဖြင့် တစ်နေ့စာအတွက် စားစရိတ်များ ကိုလည်း ထောက်ပံ့ပေးပြီး ကုန်ကျစရိတ်မလိုဘဲ အခမဲ့သင်ကြားပေးခဲ့သည်။

သင်တန်း၌ သင်တန်းသူများစက်ချုပ်ရာတွင် အဆင်ပြေစေရေးအတွက် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်စန်းကြည်နှင့်အဖွဲ့သည် ဇူလိုင် ၉ ရက်က သင်ထောက်ကူပစ္စည်းများဖြစ်သည့် ပိတ်စကိုက် ၅၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

# ဇွန်လအတွင်း ကုန်သွယ်လုပ်ငန်းခွန် ပိုကောက်ခံရရှိသော်လည်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းလိုက်နာဆောင်ရွက်မှု အားနည်း

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းမှ ထုတ်ပေးသည့်ငွေရပြေစာများအပေါ် အခွန်တံဆိပ်ကပ်နှိပ်ကာ ကောက်ခံလျက်ရှိသော ကုန်သွယ်လုပ်ငန်းခွန်သည် ဇွန်လအတွင်းငွေကျပ် ၃၄၄ ဒသမ ၈၅ သန်းအထိ ကောက်ခံရရှိကာ မေလထက်ငွေကျပ် ၁၁၈ ဒသမ ၈၇ သန်းအထိ ပိုမိုကောက်ခံရရှိခဲ့သော်လည်း လုပ်ငန်းရှင်များအနေဖြင့် လိုက်နာမှုအားနည်း နေသေးကြောင်း တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

ကုန်သွယ် လုပ်ငန်းခွန်သည် စားသုံးသူများမှ ငါးရာခိုင်နှုန်းပေးဆောင်ရခြင်းဖြစ်ပြီး စားသောက်ဆိုင်အချို့နှင့် စတိုးဆိုင်များတွင် အခွန်အတွက်ကောက်ခံသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းမရှိခြင်း၊ တချို့ဆိုင်များတွင် အခွန်လည်း ကောက်ခံခြင်းမရှိ အခွန်အမှတ်တံဆိပ်လည်း ကပ်နှိပ်ခြင်းမရှိကြောင်း စားသုံးသူများထံမှ သိရသည်။

စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများအား အခွန်တံဆိပ်ကပ်နှိပ်ပေးခြင်းမရှိဘဲ ဆောင်ရွက်နေသော လုပ်ငန်းများကို သတင်းပေးတိုင်ကြားချက်များရှိပါက ကွင်းဆင်းစိစစ်လျက်ရှိကြောင်း သိရသည်။

ဇွန် ၇ ရက်ကလည်း ချမ်းမြသာစည်မြို့နယ်မှ နာမည်ကြီးကြက်ကြော်ဆိုင်တစ်ဆိုင်ကို ပြေစာပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးခြင်းမရှိ၍ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ဒဏ်ငွေအဖြစ် ဒဏ်ရိုက်ခဲ့ကြောင်း အခွန်ဦးစီးဌာနမှ သိရသည်။

စားသုံးသူများအနေဖြင့် ပေးဆောင်ခဲ့သည့် အခွန်အားနိုင်ငံတော်ဘဏ္ဍာသို့ အမှန်တကယ် ဝင်ရောက်စေရေးအတွက် ပြေစာများတောင်းယူ၍ အခွန်အမှတ် တံဆိပ်ကပ်နှိပ်ခြင်းမရှိပါက နီးစပ်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ တိုင်ကြားနိုင်ကြောင်း၊ ပထမအကြိမ် တိုင်ကြားခံရသည့် လုပ်ငန်းရှင် ဆိုင်ကိုဒဏ်ငွေနှစ်သိန်း၊ ဒုတိယအကြိမ် တိုင်ကြားခံရပါက ဒဏ်ငွေငါးသိန်းကျပ်နှင့် စတုတ္ထအကြိမ်နှင့် အထက်တိုင်ကြားခံရပါက ဒဏ်ငွေ ၁၀ သိန်းအထိ ဒဏ်တပ် ရိုက်သွားမည်ဖြစ်ကြောင်း၊ သတင်းပေးတိုင်ကြားသူကို ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဆုငွေအဖြစ်ပေးအပ် သွားမည်ဖြစ်ပြီး ထုတ်ဖော်ခြင်းမပြုဘဲ ထားရှိပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးနှင့် တိုင်းဒေသကြီးအဆင့်ရှိ အခွန်ဦးစီးဌာန အရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကမ္ဘာ့ကရာတေးချန်ပီယံ လာရောက်သင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၁၄**

Japan Karate Association ၏ သုံးကြိမ်ဆက်တိုက် Kata+Kumi Grand Chamipion ဖြစ်သော Takura Taniyama Sensei(7th Dan) သည် မန္တလေးတိုင်းဒေသကြီး ကရာတေးဒို ဆပ်ကော်မတီနှင့် ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးတို့မှ ကရာတေးသင်တန်းနည်းပြဆရာများနှင့် သင်တန်းသား ၁၅၀ ခန့်တို့ကို ဇူလိုင် ၉ ရက်က အထက်မြန်မာပြည် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကရာတေးဒိုခန်းမ၌လည်းကောင်း၊ မန္တလေးမြို့ မနော်ဟရီလမ်းပေါ်ရှိ Shotokan Combact Karate Club တွင် ၄င်းနေ့ညနေပိုင်းက လည်းကောင်း၊ ၅၈ လမ်း×၂၆ လမ်းထောင့်ရှိ J.K.A Mandalay T.T Karate Club တွင် ဇူလိုင် ၁၀ ရက်ကလည်းကောင်း ကရာတေးပြိုင်ပွဲဝင် နည်းစနစ်များ၊ သင်ကြားပို့ချပေးခြင်း၊ ခါးစည်းနက် Dan အဆင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ကရာတေးချန်ပီယံသည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ရန်ကုန်မြို့များသို့လည်း သွားရောက်၍ ကရာတေးသင်တန်းနည်းပြဆရာများ၊ သင်တန်းသားများကို ခါးစည်းနက် Dan အဆင့်စစ်ဆေးခြင်း၊ ပြိုင်ပွဲဝင်ကရာတေးအားကစားနည်းစနစ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရွှေဘိုမြို့နယ် ပန်းတောင်းကျေးရွာ လူမှုပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေဘို ဇူလိုင် ၁၄**

ရွှေဘိုမြို့နယ် ပန်းတောင်းကျေးရွာ ဒါရိုက်တာ ကြည်စိုးထွန်းစာကြည့်တိုက်၌ ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီက လူမှုပညာပေးဟောပြောပွဲများ ကျင်းပ ခဲ့သည်။

အခမ်းအနားတွင် လျှပ်စစ်အင်ဂျင်နီယာချုပ်(ငြိမ်း) ဦးကျော်ကျော်(ရွှေဘို) က အန္တရာယ်ကင်းဝေး လျှပ်စစ်ဘေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရွှေဘိုပြည်သူ့ဆေးရုံကြီး ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာ အေဇင် လတ်က ရောဂါကင်းဝေး ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးမြင့်ဆွေ (ကိုရဲ- စိုက်ပျိုးရေး) က သီးနှံတိုးပွား-စိုက်ပျိုးစကား ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြရာ တက်ရောက်လာကြသူများက သိလိုသည် များကို ပြန်လည်မေးမြန်းခြင်းများအား တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းသည်။

ဆက်လက်၍ ပန်းတောင်းကျေးရွာ ကျောင်းသား ကျောင်းသူများအား ပညာဒါနအဖြစ် အခမဲ့စာသင်ဝိုင်းများဖြင့် ပညာသင်ကြားပေးလျက်ရှိသော ပြင်ပဆရာ ဆရာမ ၁၄ ဦးတို့ကို ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း မိသားစုက ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၅၀)**

# အုပ်ချုပ်ရေးမှူးဖလား U-16 ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့်ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**တီးတိန် ဇူလိုင် ၁၄**

၂၀၁၅ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား U-16 ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့်ပြေးခုန် ပစ်အားကစားကွင်းပြိုင်ပွဲများကို ချင်းပြည်နယ် တီးတိန်မြို့ စကော့လမ်းရပ်ကွက် ကမ်းဟောက်အားကစားကွင်း၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား အားကစားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြသန်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုက်က ကွင်းဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

ယင်းအားကစားပြိုင်ပွဲတွင်ဘောလုံးအသင်း ၁၄ သင်း၊ ပိုက်ကျော်ခြင်း အသင်း ၁၆ သင်းနှင့် ပြေးခုန်ပစ် အသင်း ၁၀ တို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘောလုံးပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲကို ဇူလိုင်၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အလွတ်တန်းပိုက်ကျော်ခြင်းနှင့် အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲများကို ဇူလိုင် ၁၄ ရက်တွင် ဆုပေးပွဲ အခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျယ်လောင်ဆူညံဆိုးရွားသောအသံများဖြင့် ပြည်သူကို စိတ်အနှောင့်အယှက်ပေးသင့်ပါသလား

**— မောင်မောင်(ယထ) —**

ကျွန်တော်တို့ကျောင်းသားဘဝက သူငယ်ချင်းများ စုပေါင်းစာကျက်နေသည့်အခါ သူငယ်ချင်းတစ်ယောက်က သီချင်းအော်ဆိုတတ်၏။ သူ့အသံမကောင်းပါ။ ကျယ်လောင်ဆူညံဆိုးရွားသော သူ့သီချင်းသံသည် စာကျက်နေသူ ကျွန်တော်တို့ကို ကြီးမားသော စိတ်အနှောင့်အယှက်ဖြစ်စေသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်ကော်မတီက သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါ၏။ ယင်းသတိပေးနှိုးဆော်ချက်တွင် ဖော်ပြထားသည်မှာ "ရန်ကုန်မြို့တွင်း မြို့အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိုးတက်ကောင်းမွန်အောင် အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် နေ့စဉ်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့သော မော်တော်ယာဉ်များမှာ အသံဆူညံမှုကိုဖြစ်စေသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်အသုံးပြုနေကြသဖြင့် ပြည်သူများ အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ အထိတ်တလန့်ဖြစ်ခြင်းတို့ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါစည်းကမ်းမဲ့ယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ရာ၌ ယာဉ်သက်တမ်း တစ်လပိတ်သိမ်းဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှု အားနည်းနေကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ထပ်မံ၍ စည်းကမ်းချိုးဖောက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံး တစ်နှစ်ရပ်စဲမည်ဖြစ်ကြောင်း" ဟု သတိပေးနှိုးဆော်ထားပါသည်။

အဆိုပါ သတိပေးနှိုးဆော်ချက်ကို သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြခဲ့ကြ၏။ FM ရေဒီယိုများမှလည်း မကြာမကြာထပ်ခါထပ်ခါကြေညာပေး၏။ ရုပ်မြင်သံကြားမှ ကြေညာချက်စာတမ်းကို ဖော်ပြဖတ်ကြားမှုကိုလည်း အကြိမ်ကြိမ်ထုတ်လွှင့်ပေးနေပါ၏။

ယင်းပါဝါအိတ်ဇော၏ ကျယ်လောင်ဆူညံဆိုးရွားသော အသံများသည် လမ်းပေါ်က လူများ၊ သက်ကြီးရွယ်အိုများ၊ ငယ်ရွယ်နုနယ်သော ကလေးသူငယ်များ၊ နာမကျန်းဖြစ်နေကြသည့် လူနာများ၊ ဒုက္ခိတများ၊ မသန်စွမ်းသူများ၊ ရဟန်းရှင်လူ ပြည်သူများကို အထိတ်တလန့်ဖြစ်စေ၏။ ကြောက်လန့်တကြားဖြစ်စေ၏။ ရင်တုန်ပန်းတုန်ဖြစ်စေ၏။ အာရုံနှောက်စေ၏။ စိတ်ကူးပျက်စေ၏။ ကြီးမားသော စိတ်အနှောင့်အယှက်ဖြစ်စေပါ၏။



အဆိုပါ မော်တော်ယာဉ်အချို့သည် လမ်းမကြီးများ၊ လမ်းသွယ်များတွင် နေ့နေ့ညည မောင်းနှင်နေတတ်ကြသည်ကို တွေ့မြင်ကြားသိနေရသည်မှာ အများအသိဖြစ်ပါ၏။

ပါဝါအိတ်ဇောများတွင် ထိုင်းနိုင်ငံ၊ တရုတ်ပြည်နှင့် ဂျပန်နိုင်ငံလုပ်ဟူ၍ရှိသည်ကို သိရပါ၏။ ဂျပန်နိုင်ငံလုပ်က အသံအလွန့်အလွန်ကျယ်လောင်မှုမရှိ။ အခြားနိုင်ငံလုပ်များမှာ အလွန့်အလွန်ကျယ်လောင်ဆူညံဆိုးရွား၏။ သာမန်ရိုးရိုးမော်တော်ယာဉ်တွင် တပ်ဆင်သည့် အိတ်ဇောများမှာ မော်တော်ယာဉ်စက်သံကို ကျယ်လောင်စွာမထွက်အောင် အိတ်ဇောဆိုင်လင်ဇာ၊ အိတ်ဇောမာဖလာများကို တပ်ဆင်ထားကြ၏။ စက်သံအလွန်လုံနေ၏။ အသံလုံးဝမထွက်၊ သို့ဖြစ်၍ နောက်ကလာနေသည့် ဆလွန်းကားသစ်၏ စက်သံကို မကြားမိ။ သူတို့က လမ်းပေါ်က လူကို ဟွန်းတီး၍ လမ်းဘေးကပ်ခိုင်းတတ်၏။ အနီး

**ဝေါခနဲ မြည်ဟိန်းပေါက်ကွဲသံကြီးနှင့် ကားကို အရှိန်ပြင်းသယ်ဆောင်သွားသည်ဟု သိရပါ၏။ ယာဉ်မောင်းအဖို့ ယင်းအထိအတွေ့အာရုံခံစားမှုမှာ မည်သည့်အရသာနှင့်မျှမတူ အလွန်ထူးခြားသည့်အရသာရှိသည်ဟူ၏။ အဆိုပါ ကျယ်လောင်ဆူညံသံပေါ်ထွက် လာရန် ကားအင်ဂျင်လီဗာကို အသားကုန်နင်း၊ အင်ဂျင်ကို စက်ကုန်ဖွင့်ရ၏။ ကားအရှိန်အဟုန်မှာလည်း အလွန့်အလွန်တက်နေ၏။ အလွန်အန္တရာယ်ကြီးသည်ဟု သိရ၏။**

သာမန်အိတ်ဇောများသည် စုံထောက်ဇာတ်ကားများထဲမှ သေနတ်သံမကြားအောင် ဆိုင်လင်ဇာတပ်ထားသည့် သေနတ်များကဲ့သို့ ဖြစ်မည်ထင်၏။

ပါဝါအိတ်ဇောကို သာမန်မော်တော်ယာဉ်များ၊ ဇိမ်ခံကားများတွင်လည်း တပ်ဆင်ထားတတ်၏။ တံခါးနှစ်ပေါက် ပြိုင်ကားများတွင် တပ်ဆင်ကြ၏။ နစ်ဆန်းစကိုင်းလိုင်း၊ ဂျီတီအာ ၃၅၊ ဖဲယားလေဒီ စသည်ဖြင့် ပြိုင်ကားအမျိုးအစားများ ရှိကြသည်ဟူ၍ သိရ၏။

ပါဝါအိတ်ဇောတပ်ပြိုင်ကားများကို မောင်းသူတို့က အရသာခံမောင်းကြ၏။ ဘီအိုတီစနစ် ကားအင်ဂျင်အဲယားကလီနာ လေစစ်အိုးကိုရိုယာကြောင့် ကားအင်ဂျင်'လေပြန်'သည်။ လေပြန်ထွက်သည့် အသံကြီးမှာ ဂျက်လေယာဉ်အင်ဂျင်အလား ဝေါခနဲမြည်ဟိန်းပေါက်ကွဲသံကြီးနှင့် ကားကို အရှိန်ပြင်းသယ်ဆောင်သွားသည်ဟု သိရပါ၏။ ယာဉ်မောင်းအဖို့ ယင်းအထိအတွေ့အာရုံခံစားမှုမှာ မည်သည့်အရသာနှင့်မျှမတူ အလွန်ထူးခြားသည့် အရသာရှိသည်ဟူ၏။ အဆိုပါ ကျယ်လောင်ဆူညံသံပေါ်ထွက်လာရန် ကားအင်ဂျင်လီဗာကို အသားကုန်နင်း၊ အင်ဂျင်ကို စက်ကုန်ဖွင့်ရ၏။ ကားအရှိန်အဟုန်မှာလည်း အလွန့်အလွန်တက်နေ၏။ အလွန်အန္တရာယ်ကြီးပါသည်။

အဆိုပါ မော်တော်ယာဉ်များကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဦးဆောင်၍ အရေးယူခဲ့သည်ဟု သိရ၏။ မော်တော်ယာဉ်အစီး ၉၀ ဖမ်းဆီးရမိ၏။ အစီး ၉၀ အနက် တစ်စီးမှာ လိုင်စင်မဲ့ဖြစ်၍ သွင်းကုန်ထုတ်ကုန်ဥပဒေဖြင့်လည်းကောင်း၊ ယာဉ်မှတ်ပုံတင် စာရွက်စာတမ်းများ၊ ယာဉ်နံပါတ်ပြားများ မရိုးမဖြောင့်သော သဘောဖြင့် အတုပြုလုပ်မှု၊ လိမ်လည်မှုဖြင့်လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေအရ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း သိရပါ၏။ ကျန်ယာဉ်များကို စိစစ်၍ မူလအိတ်ဇောကို ခွင့်ပြုချက်မရဘဲ ပြုပြင်ထား၍ ပါဝါအိတ်ဇောတပ်ဆင်ထားခြင်း၊ ခွင့်ပြုချက်မရဘဲ စတေကာကပ်ထားခြင်း စသည်တို့ကို စစ်ဆေးတွေ့ရှိချက်ပေါ်မူတည်၍ မော်တော်ယာဉ် နည်းဥပဒေဖြင့် အရေးယူခဲ့သည်ဟူ၍ သိရ၏။ ထို့အပြင် ယာဉ်မောင်းလိုင်စင် ခြောက်လပိတ်သိမ်း၏။ မော်တော်ယာဉ်လိုင်စင်ကို တစ်လပိတ်သိမ်း၏။ ဒုတိယအကြိမ် ထပ်မံကျူးလွန်ခဲ့လျှင် ယာဉ်မောင်းလိုင်စင်ကို တစ်နှစ်ပိတ်သိမ်း၏။ မော်တော်ယာဉ်လိုင်စင်ကို ခြောက်လပိတ်သိမ်းမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သူတို့ကို ခံဝန်ချုပ်ပြုလုပ်၍ မော်တော်ယာဉ်များကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရ၏။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဦးဆောင်၍လည်း ၁၄-၁-၂၀၁၅ ရက်မှ ၃-၆-၂၀၁၅ ရက်အထိ ရွှေ့လျားယာဉ်စည်းကမ်းထိန်းသိမ်းရေး စုပေါင်းအဖွဲ့များက ညစဉ်စစ်ဆေးအရေးယူခဲ့၏။ စည်းကမ်းမဲ့ မော်တော်ယာဉ် အထွေထွေအမှု ၁၂၅၀ မှု၊ ပါဝါအိတ်ဇောတပ်ဆင်သည့် ယာဉ် ၁၆ စီးနှင့် မော်တော်ဆိုင်ကယ် ရှစ်စီး ဖမ်းဆီးရမိ၏။ သတ်မှတ်ဒဏ်ငွေအသီးသီးဆောင်စေခြင်းအပြင် အဆိုပါအတိုင်း ပါဝါအိတ်ဇောတပ်ယာဉ်များ၏ ယာဉ်မှတ်ပုံတင်ခြင်းကို တစ်နှစ်ပိတ်သိမ်းရန် စီစဉ်ဆောင်ရွက်နေကြောင်း စုံစမ်းသိရှိရပါ၏။

သို့ဖြစ်ပါ၍ အထက်ပါအတိုင်း ပါဝါအိတ်ဇောတပ်ဆင်သည့် မော်တော်ယာဉ်များသည် ပတ်ဝန်းကျင်တစ်လောကလုံးကို ကျယ်လောင်ဆူညံဆိုးရွားသော အသံများဖြင့် ဖုံးလွှမ်းစေပါသည်။ အသံဖြင့် လူသား၏ အာရုံကို ညစ်ထေးနှောက်ကျိုစေပါ၏။ ယင်းအသံကို ဖြန့်ချိနေသော မော်တော်ယာဉ်များ၏ ယာဉ်မောင်းများသည်လည်း အရှိန်ပြင်း မတော်တဆယာဉ်အန္တရာယ်အသက်ဘေးနှင့်လည်း အလွန်နီးကပ်နေပါ၏။

သို့ဖြစ်၍ ခုနစ်ရက်သားသမီး ပြည်သူများအပေါ် မိမိမော်တော်ယာဉ်ရှိ ပါဝါအိတ်ဇော၏ ကျယ်လောင်ဆူညံဆိုးရွားသောအသံဖြင့် စိတ်အနှောင့်အယှက်ပေးသင့်ကြပါသလား၊ မိမိကိုယ်ကိုလည်း အရှိန်ပြင်းမတော်တဆယာဉ်အန္တရာယ်ဖြင့် ပြန်ပြီးကြုံတွေ့အောင် ဒုက္ခပေးသင့်ပါသလား၊ ဆင်ခြင်စဉ်းစားဆုံးဖြတ်နိုင်ပါရန် တင်ပြအပ်ပါသည်။ ။

## လိုင်စင်မဲ့ဆိုင်ကယ်နှင့် ကားများဖြင့် လုယက်မှုများလျှော့နည်းပပျောက်ရေး နေပြည်တော်၌ ညပိုင်းအထူးစစ်ဆေးမှုများဆောင်ရွက်နေ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၌ ယာဉ်အသုံးပြုမှု တစ်နေ့ထက်တစ်နေ့များပြားလာပြီး ယာဉ်တိုက်မှုများနှင့် ညအချိန်တွင် လိုင်စင်မဲ့ ဆိုင်ကယ်များ၊ ကားများဖြင့် လုယက်မှုများလည်း ဖြစ်ပေါ်လျက်ရှိရာ ယာဉ်တိုက်မှုနှင့် လုယက်မှုများ လျော့နည်းပပျောက်စေရေးအတွက် ညပိုင်းအထူးအဖွဲ့ဖြင့် ဇူလိုင် ၁၂ ရက် ညပိုင်းက လိုက်လံစစ်ဆေးခဲ့သည်။

နေပြည်တော်ကောင်စီ၏ ညွှန်ကြားမှုဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေးတို့က ကြီးကြပ်၍ ညပိုင်းအထူးစစ်ဆေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက်တွင် ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် အစပ် နှင်းဆီပန်းဝိုင်းအနီး ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်တွင်လည်းကောင်း၊ ရာဇဌာနီလမ်းမကြီးပေါ်ရှိ မြင့်မိုရ်နန်းဟိုတယ်အနီးတွင်လည်းကောင်း အုပ်စုခွဲ၍ လုယက်မှုများ ပပျောက်စေရန် အထူးယာဉ်စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးမှုတွင် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၂)မှ ဒုရဲမှူးမိုးညွှန့်ထွန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းနှင့် နှင်းဆီပန်းအဝိုင်းကြား ရာဇဌာနီလမ်းမကြီးပေါ်တွင်နှင့် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ် အထက(၃) ကျောင်းအနီးတွင်လည်း ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၆)မှ ဒုရဲမှူး ရဲလွင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အထူးယာဉ်စစ်ဆေးမှုကို ဆောင်ရွက်ခဲ့ကြပြီး စည်းကမ်းချိုးဖောက်သော ယာဉ်မောင်းများအား အရေးယူခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်သစ်များရွေးချယ်

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ပဲခူးမြို့ ဂရင်းဆိုရှယ်ခန်းမ၌ ဇူလိုင်၁၂ ရက်က ကျင်းပသည်။





အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်း၊ ရုံးအဖွဲ့မှူး ဦးအောင်သူမြိုင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ သတင်းစာဆရာ အသင်းဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ကြရာ သဘာပတိအဖြစ် ဦးကျော်လှ(တောင်ငူ)၊ ဥက္ကဋ္ဌအဖြစ် ဦးစိန်လှိုင်ဗိုလ်(ပဲခူး)၊ ဒုတိယဥက္ကဋ္ဌ(၁) အဖြစ် ဦးအောင်မြင့်(ပြည်)၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် မောင်ဆွေ(တောင်ငူ)၊ အတွင်းရေးမှူးအဖြစ် ဦးသိန်းဝင်း(အုတ်တွင်း-တောင်ငူ)နှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးခင်မောင်သိန်း(ဇီးကုန်း) တို့ပါဝင်သော အလုပ်အမှုဆောင် ၂၁ ဦးတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(၁၁၅)**

# ဓာတ်အားပိုမိုရရှိရန် ထရန်စဖော်မာသစ်တပ်ဆင်

**ဟိုပုံး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့၌ မြို့နေပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာအသုံးပြုနိုင်ရေးအတွက် ထရန်စဖော်မာသစ်တစ်ခုကို တပ်ဆင်ပြီး တုံခမ်းရပ်ကွက်သို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့တွင် ယခင်က မြို့လယ်ရပ်ကွက်ရှိ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ထရန်စဖော်မာ၏ သုံးစွဲဝန်အား ၇၀ ရာခိုင်နှုန်းကျော်အထိ ရှိနေသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရ ရန်ပုံငွေဖြင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်ကို တိုးချဲ့တပ်ဆင်ပြီး မြို့လယ်ရပ်ကွက်တစ်ခုဖြစ်သော တုံခမ်းရပ်ကွက်သို့ ဓာတ်အားဖြန့်ဖြူးပေးခြင်းဖြစ်သည်။ ထရန်စဖော်မာသစ်တပ်ဆင်ပြီးနောက် ယခင်ကထက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ ပိုမိုကောင်းမွန်လာပြီး ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာနိုင်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ် ၉၇ ဦး အခမဲ့ ခွဲစိတ်ကုသပေး

**ရန်ကုန် ဇူလိုင် ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ စင်ကာပူနိုင်ငံ Smile Asia Mission နှင့် မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှု မြန်မာမှု အစီအစဉ်တို့၏ ပံ့ပိုးကူညီမှုဖြင့်မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ် ၉၇ ဦးကို ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့်မေးရိုးဌာန၌ ဇူလိုင် ၆ ရက်မှ ၉ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ်များကို မြန်မာနိုင်ငံ အပါအဝင် စင်ကာပူ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ ဗြိတိန်နှင့်မွန်ဂိုလီးယားစသည့် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ စေတနာရှင် လုပ်အားပေး ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် သူနာပြု စုစုပေါင်း ၄၀ ခန့်တို့က ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

**ကိုချစ်**

# စက်မှုလယ်ယာလုပ်ငန်းများ တိုးတက်ရေး အကောင်အထည်ဖော်လျက်ရှိ

**သာစည် ဇူလိုင် ၁၄**

သာစည်မြို့နယ်အတွင်း ကျေးရွာအုပ်စုများရှိ လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများ တိုးမြှင့်အသုံးပြုကာ စက်မှုလယ်ယာများအဖြစ် တိုးတက်လာစေရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူများ၏ လယ်ယာလုပ်ငန်းများတွင် လယ်ယာသုံးထွန်စက်များ အသုံးပြုနိုင်ရန်အတွက် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းများကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက မကြာမီရက်ပိုင်းအတွင်းက ဖွင့်လှစ်ထားသည်။ ထိုသို့ ဖွင့်လှစ်ထားသဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေစေနိုင်သည့်အပြင် လုပ်ငန်းများလုပ်ကိုင်ရာတွင် အချိန်ကြာမြင့်နိုင်မှုမရှိတော့ဘဲ သတ်မှတ်ရက်အတွင်း အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ကတော့ အခုလိုထွန်စက်ရှေ့တန်းစခန်းတွေ ဖွင့်လှစ်ပေးတာကို ကြိုက်ပါတယ်။ လယ်ယာလုပ်ငန်းခွင်မှာ ကျွဲ၊ နွားတွေနဲ့အလုပ်လုပ်ရတာ အချိန်ကြာမြင့်တယ်။ ရွာမှာရှိတဲ့ လက်တွန်းနောက်လိုက်ထွန်စက်လေးတွေကလည်း တစ်နာရီကို ကျပ် ၄၀၀၀ ပေးရတယ်။ ပြီးတော့ဆီဖိုးလည်းပေးရတယ်။ ဈေးနှုန်းကတော့မသက်သာပါဘူး။ ဖြစ်နိုင်ရင် စက်မှုလယ်ယာထွန်စက်ကြီးတွေကလည်း တောင်သူတွေခေါ်ယူသုံးစွဲနိုင်တဲ့ဈေးနှုန်းနဲ့ ထွန်ယက်ပေးနိုင်မယ်ဆိုရင်တော့ ပိုကောင်းတာပေါ့"ဟု ညောင်ရမ်းတိုက်နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူဦးကျော်မျိုးထွန်းက ပြောသည်။

သာစည်မြို့နယ်တွင် ယခုလိုထွန်စက်ရှေ့တန်းစခန်းများ ဖွင့်လှစ်ထားရှိသည့်အတွက် စိုက်ပျိုးချိန်၊ ကောက်စိုက်ချိန်၊ ကောက်သိမ်းချိန်များတွင် စက်ကိရိယာများအစားထိုးသုံးစွဲခြင်းဖြင့် ကြုံတွေ့နေရသော လယ်ယာလုပ်သားရှားပါးမှုအခက်အခဲကို ပြေလည်စေမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# ဆေးရုံအဆောက်အအုံသစ်များ တည်ဆောက်လျက်ရှိ

**ကျွန်းလှ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ခုတင် ၅၀ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် အလျား ၁၀၅ ပေ၊ အနံ ၅၆ ပေရှိ နှစ်ထပ်အဆောက်အအုံသစ်ကိုလည်းကောင်း၊ ခြောက်ခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာနှင့် လေးခန်းတွဲ လေးထပ် အဆောက်အအုံသစ်ကိုလည်းကောင်း၊ ရွာကုန်းကြီးကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆောက်အအုံနှင့် သုံးခန်းတွဲဝန်ထမ်းအိမ်ရာများကိုလည်းကောင်း တည်ဆောက်လျက်ရှိသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီဖြင့် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

မဟာမဲခေါင်ဒေသခွဲ နိုင်ငံများအတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုအပိုင်း(၂)ကို အာရှဖွံ့ဖြိုးရေးဘဏ် ၏ အကူအညီဖြင့် နေပြည်တော်ကောင်စီနယ်မြေ၌ ဖေဖော်ဝါရီလမှစတင်၍ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အကူအညီဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးဆိုင်ရာထောက်ပံ့မှုအပိုင်း (၂)တွင် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့ပါဝင်ပြီး စီမံကိန်းက အဓိကလုပ်ဆောင်မည့် အချက်များမှာ သမားရိုးကျစိုက်ပျိုးရေးမှသည် သဘာဝသွင်းအားစုများကိုသာအသုံးပြုသော အော်ဂဲနစ်စိုက်ပျိုးရေးအဖြစ် စိုက်ပျိုးရန်နှင့် ထွက်ရှိလာသော သီးနှံများအား အများပူးပေါင်းပါဝင်သော အာမခံစနစ်ဖြင့် ရောင်းချသွားနိုင်ရန်တို့ ဖြစ်သည်။ ထိုစနစ်တွင် ပါဝင်ဖွဲ့စည်းသူများမှာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးသည့် တောင်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စားသုံးသူများနှင့် စိုက်ပျိုးရေးပညာရှင်များဖြစ်ကြကြောင်းသိရသည်။

ထိုစီမံကိန်းအရ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာရှိ တောင်သူကြီး ဦးတင်ဦးလွင်၏ အော်ဂဲနစ် သရုပ်ပြစိုက်ကွင်းတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော တိုင်ထောင်ခရမ်းချဉ်၊ ဖူးစားပြောင်း၊ နှမ်းနှင့် ပဲတောင့်ရှည် သီးနှံများကွင်းပြပွဲကို စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဇူလိုင် ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကွင်းပြပွဲသို့ သဲကောကြီးကျေးရွာ ဝန်းကျင်ရှိ ညောင်ကုန်း၊ မကျီးကုန်း၊ ပေါက်ပင်သာ၊ သဲကောလေး စသည့်ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

**ကာရန်ခ**

# သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ စုပေါင်းဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် ပညာရေးတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအဖြစ် ခြင်ပေါက်ပွားနိုင်သည့် နေရာများဖြစ်သော ရေကန်များ၊ ရေမြောင်းများတွင် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ လုပ်ဆောင်ပေးခြင်းများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် ရပ်ကွက်များမှ အဖွဲ့ဝင်များ၊ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ခေတ္တလက်ထောက်ဆေးရုံအုပ် ဒေါက်တာနေအေးချမ်းနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။ သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်နှင့်အဖွဲ့ကလည်း ကျောင်းဝင်းအတွင်း အဆောင်များတွင် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် ပညာသင်ကြားနေပြီး အမျိုးသားအဆောင် လေးဆောင်နှင့် အမျိုးသမီးအဆောင် ရှစ်ဆောင် စုစုပေါင်း အဆောင် ၁၂ ဆောင်မှ အဆောက်အအုံပေါင်း ၅၄ ခုတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ပညာရေးတက္ကသိုလ် မော်ကွန်းထိန်း ဦးမောင်အေး၊ မြဧကရီအဆောင်မှူး ဒေါ်စောစန္ဒာဝင်းထွဋ်နှင့် တာဝန်ရှိသူများက လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။



စစ်ကိုင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌လည်း သုခကာရီကျန်းမာရေးနှင့်လူမှုကူညီရေးအသင်းနှင့် ကျောင်းကျန်းမာရေးအဖွဲ့များမှ တာဝန်ရှိသူများက ကြိုတင်ကာကွယ်ရေးစီမံချက်များ ချမှတ်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ခြင်ဆေးဖျန်းခြင်းများကို ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# အေစီမီလန်နဲ့ အင်တာမီလန်တို့ ထိပ်တိုက်တိုးပြီး မန်ယူတို့လည်းအားထုတ်ရမယ့် ကလပ်အသင်းနိုင်ငံတကာချန်ပီယံများဖလားပွဲ



မိုးမြင့်လင်းလက်

ကလပ်အသင်း နိုင်ငံတကာချန်ပီယံများဖလားပွဲကို ဇူလိုင် ၁၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင် ကစားတဲ့အခါ စီးရီးအေအသင်းတွေဖြစ်တဲ့အေစီမီလန်နဲ့ အင်တာမီလန်တို့ ထိပ်တိုက်ဆုံတွေ့မယ့်ပွဲ ရှိနေပြီး ကလပ်အမေရိကနဲ့ မန်ယူတို့ ပွဲကလည်း ဆွဲဆောင်မှုရှိတဲ့ယှဉ်ပြိုင်မှုဖြစ်လာမှာပါ။ ဒါ့အပြင် ရီးရဲမက်ဒရစ်နဲ့ ရိုးမားတို့ပွဲကလည်း မာကျောတဲ့ ရိုးမားကို ရီးရဲမက်ဒရစ်တို့ ဘယ်လိုကစားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**အေစီမီလန်နှင့် အင်တာမီလန်**

ရာသီအကြိုခြေစမ်းပွဲတွေအဖြစ် ဆက်တိုက်ကစားနေတဲ့ အေစီမီလန်ဟာ အယ်စီယိုနီနဲ့ လီဂါနိုအသင်းတွေကို နိုင်ပွဲရအောင်ကစားခဲ့သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ကစားသမားအသစ်တွေ ခေါ်ယူထားတဲ့ အေစီမီလန်ဟာ ပြီးခဲ့တဲ့ရာသီက စီးရီးအေရလဒ်ဆိုးကို ချေဖျက်နိုင်ဖို့အတွက် အကောင်းဆုံးအခင်းအကျင်း၊ ဦးစားပေးပွဲထွက်ကစားသမားတွေနဲ့ ပွဲတိုင်း ရလဒ်ကောင်းဖို့ကြိုးစားနေပါတယ်။ အင်တာမီလန်တို့ကလည်း ရာသီအကြိုခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေပြီး ခြေစွမ်းအထိုင်ကျဖို့ ကြိုးစားနေတဲ့အနေအထားဖြစ်ပါတယ်။ အင်တာမီလန်တို့က တစ်ဦးချင်းစွမ်းရည်မြင့်မားတဲ့ကစားသမားတွေရှိပေမယ့် စုစည်းမှုနဲ့ အသင်းလိုက်ကစားအားမှာ နားလည်မှု လွဲချော်နေတတ်တာမို့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်ဖို့ အားထုတ်ရန်းကန်နေရဆဲ ဖြစ်ပါတယ်။ ဒီပွဲကတော့ ရာသီအကြိုပြိုင်ပွဲဖြစ်တာမို့ ဂုဏ်သိက္ခာအတွက် ကစားသမားတွေရဲ့ အားထုတ်မှု ဘယ်လောက်ကောင်းမလဲဆိုတာ အကဲခတ်ခွင့် ရှိမှာဖြစ်ပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းရော၊ ကစားသမားစုဖွဲ့မှုအပိုင်းမှာပါ အလေးထားစရာကောင်းတဲ့ အေစီမီလန်ကိုပဲ ယုံကြည်စွာ အားပေးရမှာဖြစ်ပါတယ်။

**ကလပ်အမေရိကနှင့် မန်ယူ**

မက္ကဆီကို ကလပ်ဖြစ်တဲ့ကလပ်အမေရိကဟာ မန်ယူကို ခက်ခဲစွာနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ကစားသမားအသစ်တွေစုဖွဲ့နေတဲ့ မန်ယူဟာ ကွင်းလယ်မှာ ခြေစွမ်းပြနိုင်တဲ့ ကစားသမားရှားပါးပြတ်လပ်နေတာမို့ ဘိုင်ယန်မြူးနစ်က ရှဝိန်းစတိုင်ဂါ၊ စပိန်နောက်ခံလူငယ်မာယိုးလ်တို့ကို ခေါ်ယူအားဖြည့်ဖို့ စီစဉ်နေပါတယ်။ ရာသီအကြို ပွဲစဉ်တွေကတည်းက ရလဒ်တွေကောင်းဖို့ ကြိုးစားနေတဲ့ မန်ယူအတွက် ကလပ်အမေရိကနဲ့ပွဲဟာလည်း အရေးကြီးတဲ့ ပွဲစဉ်ဖြစ်နေပါတယ်။ မန်ယူရဲ့လက်ရှိခြေစွမ်းက တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဖြစ်နေတာမို့ အားရစရာမရှိပေမယ့် လက်ရှိချန်ပီယံဆိုတဲ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့ အခုပွဲကို မဖြစ်မနေအနိုင်ကစားပါလိမ့်မယ်။ ကလပ်အမေရိကအသင်းဟာ မက္ကဆီကိုလိဂ်မှာတော့ ထိပ်တန်း ကလပ်အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို ကောင်းကောင်း ခြိမ်းခြောက်နိုင်တာမို့ မန်ယူတို့ အလေးအနက်ထားပြီး မကစားရင် မထင်မှတ်တဲ့ရလဒ် ထွက်ပေါ်သွားနိုင်ပါတယ်။ ဒါပေမယ့် မန်ယူဟာ ဒီပွဲကို အနိုင်ယူပြီး ဆက်တိုက်ချန်ပီယံဖြစ်ရေး ခြေကုန်ထုတ်ပါလိမ့်မယ်။

**ရီးရဲမက်ဒရစ်နှင့် ရိုးမား**

ပေါ်တိုမှ ဒါနီလိုကို ယူရို ၃၁ ဒသမ ၅ သန်းနဲ့ ခေါ်ယူထားတဲ့ ရီးရဲမက်ဒရစ်ဟာ ဗီလာရီးရဲကို အငှားချထားတဲ့ ချီရီရှိဗ်လည်း ပြန်ရောက်လာပြီဖြစ်တာမို့ အင်အားတောင့်တင်းနေပါတယ်။ စီရော်နယ်ဒို၊ ဂါရက်ဘေး စတဲ့နာမည်ကြီးကစားသမားတွေ အသင်းကထွက်ခွာမသွားအောင်စည်းရုံးနိုင်တဲ့ ရီးရဲမက်ဒရစ်မှာ နည်းပြဘင်နီတက်ဇ်ရဲ့ စွမ်းဆောင်မှုဘယ်လောက်အထိ အရာထင်လာမလဲကြည့်ရမှာပါ။ ရိုးမားတို့ကလည်း တုန့်ပြန်မှု ပြင်းထန်တတ်တဲ့အသင်းဖြစ်ပြီး ဝါရင့်ကစားသမားတွေနဲ့အတူ လူငယ်ခြေတက်တွေနဲ့ စုစည်းထားတာကြောင့် လာမယ့်ဘောလုံးရာသီမှာ ခြေစွမ်းတွေ ပြသနိုင်ဖို့ ကြိုးစားပြင်ဆင်တဲ့အနေနဲ့ အခုပွဲကို သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်ရဲ့ တိုက်စစ်အားက လောလောဆယ်မှာ ထက်မြက်နေတာမို့ ရိုးမားအတွက် ရလဒ်ကောင်းထွက်ဖို့ မလွယ်ကူတဲ့ပွဲ ဖြစ်နေပါတယ်။

## စတာလင်း မန်စီးတီးနဲ့လက်တွဲပြီ

လီဗာပူးမှ ထွက်ခွာဖို့ ကာလကြာရှည်စွာ စောင့်ဆိုင်းနေရတဲ့ တိုက်စစ်မှူး စတာလင်းဟာ မန်စီးတီးနဲ့လက်တွဲခွင့်ရရှိသွားပြီဖြစ်ပါတယ်။ လီဗာပူးနဲ့ မန်စီးတီးတို့ ပေါင် ၄၉ သန်းနဲ့ပြောင်းရွှေ့ရေးကိစ္စ သဘောတူလိုက်တာပါ။ အသက် ၂၀ အရွယ်ရှိတဲ့ အင်္ဂလန်တောင်ပံတိုက်စစ်မှူးရဲ့ စာချုပ် သက်တမ်းကိစ္စနဲ့ ဆေးစစ်မှုတွေကိုတော့ ဆက်လက်လုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။

စတာလင်းဟာ အန်ဖီးလ်က ထွက်ခွာဖို့ တောင်းဆိုနေတာတော့ ကြာပါပြီ။ မန်စီးတီးက စတာလင်းကိုရဖို့အတော်လေး ကြိုးစားခဲ့ရပါတယ်။ ဇွန်လအတွင်း နှစ်ကြိမ်တိုင်တိုင် ကမ်းလှမ်းခဲ့ပေမယ့် အန်ဖီးလ်က ပယ်ချခဲ့ပါတယ်။ တတိယအကြိမ်မြောက်ကြိုးစားခဲ့ရာမှ သဘောတူညီမှု ရလိုက်တာဖြစ်ပါတယ်။ တိုက်စစ်မှူး စတာလင်းဟာ အင်္ဂလန်ကစားသမားတွေထဲမှာတော့ ဈေးအကြီးဆုံးကစားသမား ဖြစ်လာပါတယ်။ သူ့ကို ၂၀၁၇ ခုနှစ် အထိ စာချုပ်ဖွယ်ရှိပါတယ်။

သို့ပေမယ့် လီဗာပူးက တစ်ပတ်ပေါင် ၁၀၀၀၀၀နဲ့ စာချုပ်ဖို့ ကမ်းလှမ်းခဲ့တဲ့ လစာနှုန်းကိုတော့ မန်စီးတီးက ပေးနိုင်ဖွယ်မရှိဘူးလို့ ဆိုပါတယ်။

## ဗန်ပါစီ တူရကီရောက်ပြီ

ကောင်းမြတ်သူ
စုစည်းသည်



မန်ယူတိုက်စစ်မှူး ဗန်ပါစီတစ်ယောက် အသင်းသစ်ရှာဖွေနေတာ ကြာပါပြီ။ ပြီးခဲ့တဲ့ရာသီက ဂိုးသွင်းစွမ်းရည်ကျဆင်းခဲ့တဲ့အတွက် နန်းပြဗန်ဟားလ်က လာမယ့်ရာသီမှာ မန်ယူမှာဆက်ထားဖို့ ဆန္ဒမရှိခဲ့ပါဘူး။ ဒီအတွက်ကြောင့်လည်း တိုက်စစ်မှူး ဗန်ပါစီအနေနဲ့ အသင်းသစ်ပြောင်းရွှေ့ဖို့ ကြိုးစားနေတာပါ။ အခုအခါမှာတော့ အသင်းသစ်တွေ့သွားပါပြီ။ တူရကီက ဖီနာဘာချီအသင်းကို ပြောင်းရွှေ့ဖို့ ဆွေးနွေးနေပါပြီ။ အသက် ၃၁ နှစ်အရွယ် ဗန်ပါစီကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ခံ ပရိသတ်တွေက သူ့ရဲကောင်းသဖွယ် ကြိုဆိုခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်က အာဆင်နယ်ကနေ ပေါင် ၂၄ သန်းနဲ့ မန်ယူကိုရောက်လာတဲ့ ဗန်ပါစီဟာ ပြီးခဲ့တဲ့ နှစ်က ၁၀ ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်ယူနဲ့ စာချုပ်တစ်နှစ်ဟာ ကျန်တော့တဲ့ ဗန်ပါစီက အသင်းမှထွက်ခွာဖို့ကြိုးစားခဲ့ပါတယ်။ ဖီနာဘာချီဟာ ကျွန်တော် ကစားချင်နေတဲ့အသင်းတွေထဲက တစ်သင်းပါပဲလို့ ဗန်ပါစီက ဆိုပါတယ်။ မကြာသေးမီက မန်ယူကစားသမား နာနီဟာလည်း ဖီနာဘာချီသို့ ပြောင်းသွားခဲ့တာပါ။ အခု ဗန်ပါစီက မန်ယူကနေ ဖီနာဘာချီကို ပြောင်းသွားတဲ့ ဒုတိယမြောက်ကစားသမားဖြစ်ပါတယ်။

## မန်ယူကွင်းလယ်ကစားကွက်ကို ပုံဖော်မယ့်စနိုက်ဒါလင်း

မန်ယူမှာ ကွင်းလယ်ကစားသမားတစ်ဦးအမြန်အလိုရှိနေတာပါ။ ပြီးခဲ့တဲ့ ရာသီက ကွင်းလယ်ကစားသမားလိုအပ်ချက်ကြောင့် ရွန်းနေကို ဗန်ဟားလ်က ကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲကစားစေခဲ့ပြီးနောက် နည်းပြအနေနဲ့ ကွင်းလယ်ကစားသမားကောင်းတစ်ဦးကို ရှာဖွေနေတာပါ။

ယခုအခါမှာတော့ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ဆောက်သမ်တန်ကွင်းလယ်ကစားသမား မော်ဂန်စနိုက်ဒါလင်းကို မန်ယူကပေါင် ၂၅ သန်းနဲ့ ခေါ်ယူလိုက်ပါပြီ။ ဆောက်သမ်တန်က စနိုက်ဒါလင်း ပြောင်းရွှေ့မှုအပေါ် အတည်ပြုပြောကြားခဲ့ပါတယ်။ စနိုက်ဒါလင်းဟာ ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါနဲ့အတူ မန်ယူရဲ့ အမေရိက ရာသီအကြိုပွဲတွေမှာလိုက်ပါကစားတော့မှာဖြစ်ပါတယ်။

မန်ယူက ကွင်းလယ်ကစားသမားကောင်း နှစ်ဦးကို တစ်ပြိုင်တည်း ခေါ်ယူလိုက်တဲ့ သဘောပါပဲ။ မန်ယူဟာ PSV တိုက်စစ်မှူး ဒီပေးနဲ့ တိုရီနို နောက်တန်းကစားသမား မတ်တီယို ဒါမိန်းတို့ကိုလည်း ခေါ်ယူခဲ့ပါတယ်။ လာမယ့်ရာသီမှာတော့ ဗန်ဟားလ်ရဲ့ မန်ယူအသင်းဟာ တောင့်တင်းခိုင်မာတဲ့ အသင်းဖြစ်လာမယ့်အနေအထားရှိနေပါတယ်။



သို့ပေမယ့် ဒီဂီယာကို ရီးရဲမက်ဒရစ်က ခေါ်ယူနိုင်တဲ့ အခြေအနေကြောင့် ဂိုးသမားလိုအပ်ချက်ကို ဖြည့်ဆည်းရဦးမှာ ဖြစ်ပါတယ်။

# ရေတာရှည်မီးသတ်သို့ မီးလောင်ကြောင်းမမှန်သတင်းပေးမှု နှစ်ရက်ဆက်တိုက်ဖြစ်ပွား၍ စုံစမ်းမှုများပြုလုပ်နေ

**ရေတာရှည် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်ညပိုင်းတွင် မီးလောင်ကြောင်း ဖုန်းဆက်သတင်းပို့မှု နှစ်ရက်ဆက်တိုက်ဖြစ်ပွားခဲ့ပြီး မီးသတ်ယာဉ်များ အရေးပေါ်သွားရောက်ချိန်တွင် မီးလောင်မှုမရှိသည်ကို တွေ့ရှိရသဖြင့် မမှန်သတင်းပေးသူကို ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက် ည ၁၁ နာရီခန့်က ရေတာရှည်မြို့တောင်ဘက် မျက်နှာပြင်ကျေးရွာသို့သွားသည့် လမ်းဘေးရှိ နဂျယ်တောရဘုန်းတော်ကြီးကျောင်း၌ မီးလောင်နေကြောင်း ဖုန်းဖြင့်ဆက်၍ သတင်းပို့လာခဲ့သည့်အတွက် မြို့နယ်မီးသတ်ဦးစီးမှူးဦးကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် အရေးပေါ်သွားရောက်ခဲ့ရာ သတင်းပေးသော ဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်တွင် မီးလောင်ကျွမ်းမှုတစ်စုံတစ်ရာမရှိဘဲ သတင်းမှားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နောက်တစ်ရက် ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခန့်တွင်လည်း ရေတာရှည်မြို့ အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ ဆင်ဂွေကျေးရွာတွင် လေးပင်သုံးပင်နေအိမ်တစ်လုံး မီးလောင်ကျွမ်းနေကြောင်း ဖုန်းဖြင့်ဆက်ကာ သတင်းပို့မှုကြောင့် မီးသတ်ယာဉ်နှစ်စီးဖြင့် အရေးပေါ်သွားရောက်ခဲ့သော်လည်း မီးလောင်ကျွမ်းခြင်းမရှိကြောင်း တွေ့ရှိခဲ့ရသည်။

"မမှန်သတင်းပေးရင် ကျွန်တော်တို့ဌာန ဥပဒေအရ ထောင်သုံးနှစ်နဲ့ ငွေဒဏ်ချမှတ်နိုင်ပါတယ်။ မလုပ်သင့်ပါဘူး။ အကယ်၍ အမှန်တကယ်မီးလောင်ပြီဆိုရင် ဒီလိုပဲမမှန်သတင်းဆိုပြီး ကားမထွက်ရင် ပြည်သူတွေပဲ နစ်နာမှာပါ။ မမှန်သတင်းပေးတဲ့သူကို ကျွန်တော်တို့ ရဲတပ်ဖွဲ့နဲ့ပေါင်းပြီး စုံစမ်းနေပါပြီ။ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းက ပြောသည်။

မီးလောင်မှုဖြစ်ပွားသည်ဟူသော သတင်းကြောင့် မီးသတ်ယာဉ်များ ဥသြသံပေး၍ မောင်းနှင်သွားသည့်အခါ အများပြည်သူလည်း အထိတ်တလန့်ဖြစ်ကြရပြီး မမှန်သတင်းပေးမှုကြောင့်ဖြစ်ကြောင်း သိရှိရသည့်အတွက် မြို့ခံပြည်သူများကလည်း ဝိုင်းဝန်းစုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# လောင်စာဆီမလိုဘဲ စပါးခွံဇီဝလောင်စာသုံးသည့်အင်ဂျင်စက်ကို စီးပွားဖြစ်အသုံးပြုနိုင်

**ရေစကြို ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ ခတ်ဆီ၊ ဒီဇယ်ဆီ၊ အောက်တိန်း စသည့် လောင်စာဆီများ မသုံးစွဲဘဲ စပါးခွံဇီဝလောင်စာကို သုံးသည့် အင်ဂျင်စက်များ အသုံးများလာပြီး အဆိုပါအင်ဂျင်များကို စပါးကြိတ်ခွဲခြင်း၊ ဆီဆုံကြိတ်ခြင်းနှင့် လျှပ်စစ်မီးအတွက် မီးစက်များ မောင်းနှင်ခြင်း စသည့်လုပ်ငန်းများတွင် စီးပွားဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။



ဘုန်းတော်ပြည့် ကျေးရွာသည် စပါး၊ ပဲအမျိုးမျိုး၊ နှမ်း၊ ကြက်စာပြောင်းဖူး၊ ပဲတီစိမ်း၊ ငရုတ်၊ ဆေးရွက်ကြီး၊ ကြက်သွန်နီ စသည့် သီးနှံများကို စိုက်ပျိုးပြီး ကျေးရွာ၏ စိုက်ပျိုးရေးထွက်ကုန်ဖြစ်သော စပါးသည် အင်ဂျင်စက်တွင် အသုံးဝင်သော ကုန်ကြမ်းတစ်ခု ဖြစ်နေသည်ဟု ဒေသခံတဦးက ပြောသည်။

"ကျွန်တော့် အင်ဂျင်စက်က ခြောက်လုံးထိုးအင်ဂျင်ပါ။ စပါးလည်းခွဲတယ်။ ဆီဆုံလည်း ကြိတ်ပါတယ်။ ညရောက်ရင်လည်း ကျေးရွာထဲကအိမ်တွေကို မီးထွန်းပေးပါတယ်။ ကျေးရွာထဲက အိမ်တွေမှာ ညမီးထွန်းရင် မီးတစ်ပွင့် ၅၀ ကျပ်နှုန်းနဲ့ တစ်လ ၁၅၀၀ ယူပါတယ်။ အိမ်ခြေ ၂၀၀ လောက် ထွန်းပေးထားပါတယ်။ အပေါ်စက်အောက်စက် ကြည့်တဲ့အိမ်တွေကိုတော့ တစ်လ ၃၀၀၀ နှုန်းတောင်းပါတယ်။ တစ်ညကို တစ်သောင်းကျော်ကျော်လောက် ရပါတယ်။ စပါးကြိတ်ခွဲလာတဲ့သူတွေကို အခမဲ့ ကြိတ်ခွဲပေးပါတယ်။ နေ့ခင်းဘက်မှာ စပါးကြိတ်ခွဲတော့ စပါးခွံရတယ်။ နေ့ဘက် စပါးကြိတ်ရင် တင်း ၄၀၀ လောက် ပြီးပါတယ်။ ညဘက်မှာ စပါးခွံကို ပြန်သုံးပါတယ်။ စပါးကြိတ်တော့လည်း စပါးခွံသုံးပြီး ကြိတ်ခွဲပါတယ်"ဟု စပါးခွံလောင်စာသုံး အင်ဂျင်စက်ပိုင်ရှင်တစ်ဦးဖြစ်သော ဦးခင်မောင်မြင့်က ပြောသည်။

စပါးခွံလောင်စာကိုသာ အသုံးပြုသဖြင့် လောင်စာဆီများအသုံးပြုသကဲ့သို့ ငွေကြေးကုန်ကျမှုမရှိဘဲ စရိတ်သက်သာကြောင်းလည်း ၎င်းက ဆက်ပြောပြသည်။ "ကျွန်တော့်မှာ အင်ဂျင်ပွန်းတဲ့စရိတ်နဲ့ အင်ဂျင်ဝိုင်စရိတ်ပဲ ကုန်ကျပါတယ်။ အင်ဂျင်ကျလာရင်တော့ အင်ဂျင်ဝိုင်စားလာပါတယ်။ အင်ဂျင်ဝိုင်စားလာရင်တော့ တစ်ညတည်းနဲ့ တစ်ဂါလံလောက်ကုန်တယ်။ အင်ဂျင်မကျရင်တော့ စက်သုံးဆီနဲ့ မောင်းသလိုပဲ အင်ဂျင်ဝိုင်မကုန်ပါဘူး။ ကျွန်တော် ဒီစက်ကို ၂၀၀၆ ခုနှစ်မှာ စတင်သုံးစွဲခဲ့ပါတယ်" ဟု ဦးခင်မောင်မြင့်က ဆက်ပြောသည်။

အဆိုပါ အင်ဂျင်စက်မျိုးသည် စက်တန်ဖိုး ၄၅ သိန်း ကုန်ကျပြီး တရုတ်နိုင်ငံထုတ် အင်ဂျင်ဖြစ်ကြောင်း၊ လောင်စာဆီ လုံးဝအသုံးပြုရန်မလိုဘဲ စပါးခွံသက်သက်ဖြင့် အင်ဂျင်လည်ပတ်နိုင်သဖြင့် ကုန်ကျစရိတ်သက်သာပြီး တွက်ချေကိုက်ကြောင်း၊ မြန်မာနိုင်ငံအနှံ့တွင် သုံးစွဲနိုင်သော အင်ဂျင်မျိုးဖြစ်သဖြင့် လူတိုင်းသုံးစွဲစေလိုကြောင်းလည်း ဦးခင်မောင်မြင့်က အကြံပြုပြောကြားသည်။

**ကျော်ဌေး(ညောင်ဦး)**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကြီး ကျောက်ပန်းတောင်း၌ အောင်မြင်စွာစိုက်ထူပြီးစီး



**ကျောက်ပန်းတောင်း ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လွတ်လပ်ရေးရပ်ကွက် စခန်းသာပန်းခြံအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကြီးကို ဇူလိုင် ၁၂ နံနက်ပိုင်းတွင် တန် ၅၀ ကရိန်းကားဖြင့်မချီ၍ အောင်မြင်စွာစိုက်ထူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကြီးကို မန္တလေးမြို့ တမ္ပဝတီရပ်ကွက်မှ ကြေးသွန်းပညာရှင်(တောင်ကြီး)ဦးဝင်းမောင်ထံတွင် အပ်နှံသွန်းလုပ်ခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၀ ရက်တွင် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိကာ ဇူလိုင် ၁၁ ရက်အထိ မြို့တွင်းသို့လှည့်လည်၍ ဂုဏ်ပြုခံခဲ့ကြောင်း သိရသည်။ ဇူလိုင် ၁၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများစုပေါင်း၍ မြတ်နိုးသူကုမ္ပဏီက ကူညီပံ့ပိုးသည့် တန် ၅၀ ကရိန်းကားကြီးဖြင့် ဂုဏ်ပြုခံထားရှိမည့် ကလပ်ခုံစင်မြင့်ပေါ်သို့ အောင်မြင်စွာစိုက်ထူထားရှိနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်**(iprd)

# တစ်ရွာတည်းသားချင်း ရန်ငြိုးကြောင့် ဓားခုတ်မှုဖြစ်ပွား

**ရေတာရှည် ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကဲလင်းဆိပ်ကျေးရွာ၌ ဇူလိုင် ၁၁ ရက်က တစ်ရွာတည်းသားချင်း ဓားခုတ်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဇူလိုင် ၁၁ ရက် ညနေပိုင်းက ကဲလင်းဆိပ်ကျေးရွာနေ ကျော်ထူးနှင့် စိုးပိုင်တို့သည် တစ်ရွာတည်းနေ ကိုမောင်ဝင်း၏ နေအိမ်ပေါ်တွင် လုံးထွေးသတ်ပုတ်ကာ ရန်ဖြစ်ကြပြီး စိုးပိုင်က အသင့်ယူဆောင်လာသော အရိုးအသွားတစ်တောင့်ထွာခန့်ရှိ ငှက်ကြီးတောင်ဓားဖြင့်ခုတ်ခဲ့၍ ကျော်ထူးတွင် (စိုးရိမ်ရ) ဒါဏ်ရာများရရှိသွားခဲ့ကြောင်း၊ ကျော်ထူးနှင့် စိုးပိုင်တို့သည် ယခင်ကလည်းစကားများရန်ဖြစ်ဖူးပြီး ကျော်ထူးက လေးခွနှင့် ပစ်ဖူးသည်ကို မကျေနပ်ရာမှ စိုးပိုင်က ဓားဖြင့်ခုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဓားခုတ်မှုနှင့် ပတ်သက်၍ ရေတာရှည် မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မိုးခေါ်ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မြင်းခြံ ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဗလုံကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မိုးခေါ်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး မြင်းခြံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန နည်းပြ(နည်းစနစ်မှူး) ဒေါ်မျိုးမျိုးထွေးက ဘောလုံးအားကစားနည်းနှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဘောလုံးပြိုင်ပွဲဝင် အသင်း ၁၆ သင်းအား တစ်သင်းလျှင် ငွေကျပ်နှစ်သောင်းနှုန်း ချီးမြှင့်ထောက်ပံ့ခဲ့သည်။ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ဗလုံကျေးရွာအသင်းနှင့် သဲတောကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗလုံကျေးရွာအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## သတင်းတို

### ကျေးရွာမူလတန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ရွှေဒိုးနွယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဖြစ် ဇူလိုင် ၁၀ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတောက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်ပညာရေးမှူး ဦးသန်းညိုတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပကာ အတန်းအလိုက် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝင်းမောင်**

# တယ်လီနောနှင့် အော်ရီဒူးတာဝါတိုင်များ၏ အင်ဂျင်စက်သံ ဆူညံ၍ MPT တာဝါတိုင်များကဲ့သို့ စက်ရုံအဆောက်အအုံထားပေးရန်လိုလား

**ရေစကြို ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း၌ တယ်လီနောနှင့် အော်ရီဒူးတာဝါတိုင်များတည်ဆောက်ထားသည်များအနက် အမှတ်(၈) ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်တို့တွင် စိုက်ထူထားသည့် တာဝါတိုင်များ၏ အင်ဂျင်စက်သံနှင့် ဆီနံ့များကြောင့် အနီးဝန်းကျင်တွင် နေထိုင်ကြသူများ နေ့စဉ် ဒုက္ခများခံစားနေရကြောင်း သိရသည်။

"ကျွန်မတို့ အိမ်နားက ဆက်သွယ်ရေးတာဝါတိုင်နဲ့ စက်ပစ္စည်းတွေက ဝင်းထရံပဲခြားတယ်။ အင်ဂျင်စက်သံက နေ့ရောညပါ ကြားနေရသလို စက်ဆီနံ့ကလည်း အမြဲနံနေတာပဲ။ ညဘက် အင်ဂျင်စက်သံက သိသိသာသာ ဆူညံတဲ့အသံကို ညစဉ် ကြားနေရတာလည်း ဒုက္ခတစ်ခုပဲ။ စက်ဆီအနံ့ကလည်း နံတယ်၊ ကျွန်မအမေက ရင်ကျပ်ရောဂါရှိတော့ ကျန်းမာရေး ပြဿနာက တစ်မျိုးပြီးတစ်မျိုး ခံစားနေရတယ်။

"ဒီတာဝါတိုင်တွေက ဆက်သွယ်ရေးအတွက် အရေးကြီးတဲ့ကဏ္ဍက အကျိုးပြုနေတယ်ဆိုတာလည်း နားလည်ပါတယ်။ မြေနေရာ ငှားတဲ့သူကိုလည်း ကိုယ်ချင်းစာပါတယ်။ ဒါကြောင့်လည်း ကျွန်မအနေနဲ့ အကြံတစ်ခုပြုချင်ပါတယ်။ ကျွန်မတို့လည်း အဆင်ပြေ၊ မြေနေရာငှားစားသူလည်း အဆင်ပြေအောင် တာဝါတိုင်ကုမ္ပဏီလည်း အဆင်ပြေအောင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထောင်ထားတဲ့ တာဝါတိုင်တွေမှာလို စက်ရုံအဆောက်အအုံတွေနဲ့ စက်ပစ္စည်းကိရိယာတွေကို ထားမယ်ဆိုရင် ဆူညံသံလည်း ပြင်ပမှာ မကြားရသလို စက်ပစ္စည်းတွေရဲ့ လုံခြုံရေးလည်း စိတ်ချရပြီး စက်ပစ္စည်းကိရိယာတွေလည်း ရေရှည် အသုံးခံပါတယ်" ဟု နေ့စဉ် စက်သံ ဆူညံမှုနှင့် စက်ဆီနံ့ကို ခံစားနေရသည့် စိုက်ထူထားသော တာဝါတိုင်ဝန်းကျင်တွင် နေသူများက ပြောပြ၍ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# မော်လမြိုင်ကျွန်းတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၄**

မော်လမြိုင်ကျွန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးကျန်းမာရေးဆရာမများပူးပေါင်းပြီး ဇူလိုင် ၁၃ ရက်က မြို့ပေါ်ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်တွင် ခြင်ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၀ရက် မှ ၁၂ ရက်အထိ အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အဖွဲ့အစည်းပေါင်းစုံတို့ ပူးပေါင်းပြီး မော်လမြိုင် ကျွန်းမြို့မှ(၉)ရပ်ကွက်နှင့် မြို့မ(၁၂)ရပ်ကွက်တို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဆင်ဖြူကျွန်းမြို့တွင် အီးစီဂျီစက် လှူဒါန်း

**ဆင်ဖြူကျွန်း ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့ ပြည်သူ့ဆေးရုံခန်းမ၌ သုံးပင်မြောက်ရပ်နေ ဦးညဏ်လှိုင်-ဒေါ်ခင်စန်းမိသားစုတို့က ဆင်ဖြူကျွန်းဆေးရုံအတွက် လိုအပ်လျက်ရှိသော ငွေကျပ် ၁၆ သိန်း တန်ဖိုးရှိ အီးစီဂျီစက်တစ်လုံးအား ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဆေးရုံကော်မတီဥက္ကဋ္ဌ ဦးစံဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။ တိုက်နယ်ဆေးရုံဆရာဝန်က လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ပြည်သူများလက်တွေ့အသုံးချနိုင်ရေး သဘာဝမြေဩဇာထုတ်လုပ်မှု သရုပ်ပြ

**ဝါးခယ်မ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသနေ ပြည်သူများ လက်တွေ့အသုံးချ အကျိုးပြုနိုင်စေရေးရည်ရွယ်ကာ ဇူလိုင်လ ဒုတိယပတ်က အီးအမ်ဘိုကာရှီ(သဘာဝမြေဩဇာ) ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။

အဆိုပါသင်တန်းတွင် အီးအမ်ဘိုကာရှီ(သဘာဝမြေဩဇာ)ထုတ်လုပ်မှုအား လက်တွေ့သရုပ်ပြသရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၁၀ တက်ရောက်ခဲ့သည်ဟု သိရသည်။

**မောင်မောင်(ဝါးခယ်မ)**



# မိုးကြိုနှမ်းစိုက်တောင်သူများ အပျက်အစီးနည်းသဖြင့် အဆင်ပြေ

**နတ်တလင်း ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းမြို့နယ် အနောက်ခြမ်းကျေးရွာများတွင် မိုးကြိုနှမ်းများစိုက်ပျိုးကြရာ အပျက်အစီးနည်းသဖြင့် နှမ်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မိုးကြိုနှမ်းကိုဧပြီလပထမပတ်က စတင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ယခုအခါ နှမ်းများ ခုတ်၊ ခါ လုပ်ကိုင်နေကြချိန်ဖြစ်သဖြင့် မိုးကြိုနှမ်းစိုက်ပျိုးရမှု အခြေအနေအား မေးမြန်းကြည့်ရာ "မိုးကြိုနှမ်းကို အဝိစိရေတင်စိုက်ပျိုးခဲ့ရတာပါ။ တစ်ကြိုးကိုခြောက်ပြည်ကြဲပါတယ်။ စုန်တက်မျိုးနဲ့ ပတ်လည်မျိုးတွေ အစိုက်များကြပါတယ်၊ ဒီအရပ်က နုန်းတင်မြေနုဖြစ်လို့ အဲဒီနှမ်းမျိုးတွေနဲ့ အထူးသင့်တော်ပါတယ်။ နှမ်းတစ်ကြိုးခုတ်ခ၊ စည်း၊ ထောင် စတဲ့ကုန်ကျစရိတ် ငွေကျပ် ၄၅၀၀၀ ရှိပါတယ်၊ တစ်ကြိုးကို သုံးတင်းထွက်ပြီး တစ်တင်း ငွေကျပ် ၅၀၀၀၀ ဈေးရှိတော့ ဘာပဲပြောပြော ငွေကျပ် ၁၀၀၀၀၀ ကျော်တော့ အမြတ်ကျန်ပါတယ်"ဟု မိုးကြိုနှမ်း ၂၇ ကြိုးစိုက်ပျိုးထားသူ ဆင်ဂေါင်းရွာမှ တောင်သူ ဦးကြည်မြင့်က ပြောသည်။

အဆိုပါရာသီတွင် လုပ်ခစားမိသားစုများအတွက်လည်း အလုပ်အကိုင်များရရှိကြသဖြင့် ဝမ်းရေးအဆင်ပြေလျက်ရှိကြောင်း၊ နှမ်းရိတ်သိမ်းချိန်မိုးမများသဖြင့် အပျက်အစီးအလေအလွင့်နည်းကာ အကျိုးဖြစ်ထွန်းကြသဖြင့် စိုက်ပျိုးသူ တောင်သူများရော၊ လုပ်ခစားလုပ်သားများပါ နှစ်ဦးနှစ်ဖက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ကျေးလက်ဒေသများတွင် ကလေးငယ်များအထိ အီလက်ထရွန်နစ်ပစ္စည်းများအသုံးပြုလာ

**တပ်ကုန်း ဇူလိုင် ၁၄**

ခေတ်မီဖွံ့ဖြိုး တိုးတက်လာသော ယနေ့ခေတ်တွင် ကျေးလက်ဒေသအထိ လက်ကိုင်ဖုန်းများ အိမ်တိုင်းတွင် အသုံးပြုလာခဲ့သလို တီဗွီ၊ ရေဒီယို၊ DVB-T2 စက်များ အသုံးပြုလာခဲ့သည်ကို တွေ့ရှိရသည်။

လက်ရှိကာလတွင် ကျေးလက်ဒေသများ၌လည်း လျှပ်စစ်မီး ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အချို့ဒေသများတွင် ဆိုလာစွမ်းအားဖြင့် လျှပ်စစ်မီးရရှိအောင် စွမ်းဆောင်လေ့ရှိသည်။ နေရောင်ခြည်သုံး ဆိုလာစွမ်းအင်များသည် ပြည်သူများအကြား တွင်ကျယ်စွာ အသုံးပြုလာပြီး တိုးတက်မှု များပြားလာခဲ့သည်။ အသက်ကြီးသူများကလည်း ရေဒီယို၊ တီဗွီများဖြင့် တရားခွေများကို နာယူနေကြခြင်း၊ ကလေးငယ်များကလည်း ဟန်းဆက်များဖြင့် ကာတွန်း၊ ပညာပေးဇာတ်လမ်းများ ကြည့်ရှုနေကြသည်ကို တွေ့မြင်ရသည်။

ယနေ့ခေတ်တွင် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ပေးခြင်းကြောင့် လမ်းများကောင်းမွန်လာသဖြင့် ဒေသခံများ သယ်ယူပို့ဆောင်မှုကဏ္ဍတွင် သုံးဘီးဆိုင်ကယ်နှင့်လိုက်ထရပ်ကားများ၊ ဆိုင်ကယ်များကို အကျိုးရှိစွာ အသုံးပြုလာသည်။ ခေတ်မီ အီလက်ထရွန်နစ်ပစ္စည်းများတွင် ဒေသအခေါ် ခေါက်တီဗွီ၊ ဖလက်တီဗွီနှင့်ဟန်းဆက်များကို များစွာအသုံးပြုလာသည်။

ကျေးလက်ဒေသ လုပ်ငန်းခွင်များ၌ အားလပ်သည့် တစ်ခဏအချိန်တွင် အလွယ်တကူ ကြည့်ရှုခြင်း ပြုလုပ်လာနိုင်သည်အထိ ကျေးလက်နေဒေသခံများ ခေတ်မီလာနေသည်။

နည်းပညာခေတ်တွင် နည်းပညာအားကိုးဖြင့် အသိဉာဏ်ဖွံ့ဖြိုးမှုများကို အားထားအသုံးပြုပါက ထက်မြက်သော လူငယ်များ၊ အသိပညာတိုးတက်သော လူငယ်များ များစွာပေါ်ထွက်လာပြီးတိုင်းပြည်အကျိုးဆောင်သူများ ပေါ်ထွက်လာနိုင်မည် ဖြစ်ကြောင်း ယုံကြည်မိပါသည်။

**တင်စိုးလွင်**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျဉ်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျဉ်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ'မန္တလေး မျဉ်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# (၇၈)လမ်း၏ တစ်နေ့သောအခါ

**ဆူးငှက်**



တကယ်တော့မန္တလေးဘူတာကြီးက ကျုံးမြို့ရိုးကြီးနှင့် နီးကပ်စွာတည်ရှိနေခြင်းသည် မန္တလေးကို အရှေ့ခြမ်း အနောက်ခြမ်းပိုင်းခြားလိုက်သလို ဖြစ်တော့၏။ ဘူတာယာဒ်ဝင်းကြီးကလည်း(၂၆)လမ်းမှသည် (၃၄)လမ်းတိုင်အောင် ရှည်လျားသည်။ ထို့အပြင် မန္တလေးဘူတာကြီးက လမ်းဆုံဘူတာ၊ ရထားပြောင်းဘူတာကြီးဖြစ်သည့်အတွက် တောင်ဘက်မှသာ မီးရထားအဝင်အထွက်များရှိခဲ့သည်။

မန္တလေးအရှေ့ခြမ်း အနောက်ခြမ်းဆက်သွယ်ရာ လမ်းတွင်(၂၆)ဘီလမ်းသည် အဓိကအသုံးတည့်သလို (၃၅)အေလမ်းသည်လည်း အရေးပါလှ၏။ သို့သော် မီးရထားအဝင်အထွက်များလှသော (၃၅)အေလမ်းသည် မကြာခဏလမ်းပိတ်ဆို့မှုဖြစ်ရ၏။ တစ်စတစ်စများပြားလာသော ယာဉ်အသွားအလာများကြောင့် (၃၅)လမ်းတွင် မီးရထားဖြတ်သန်းသွားသည့်အခါ ယာဉ်ပိတ်ဆို့မှုက ပြဿနာတစ်ရပ်သဖွယ် ဖြစ်တော့သည်။ ယခင်ကတည်းက စိတ်ကူးခဲ့ကြသော (၃၅)အေလမ်းခုံးကျော်တံတားကြီးကို ယခုအခါတွင် အကောင်အထည်ဖော်ရတော့သည်။

ရန်ကြီးအောင်တံတားဟု အမည်ပေးထားသည့် (၃၅)အေလမ်းခုံးကျော်တံတားကြီးကို (၁၉-၉-၈၉)နေ့က စတင်ဆောက်လုပ်သည်။ တံတားက(၇၈)လမ်းမကြီးနှင့် လမ်း(၈၀)ကို ဆက်သွယ်ထား၏။

တံတားအရှည် ၈၆၃ ပေရှိသည်။ တံတားအကျယ်က ၃၄ ပေရှိကာ အမြင့် ၁၄ ပေ ၆ လက်မမြင့်သည်။ ရန်ကြီးအောင် ခုံးကျော်တံတားကြီးဆောက်လုပ်ရန်အတွက် နယ်မြေကန့်သတ်၍ဝင်းကာပြီး အုတ်မြစ်တိုင်ကြီးများ တူးဖော်နေကတည်းက ဝေဖန်ဆန်းစစ်သော မန္တလေးသားများသည် နောင်ခေတ်သစ်တွင် မန္တလေးဘူတာရုံကြီးသည် လက်ရှိနေရာ၌ ရှိသင့်ပါသလောဟူသော အမေးပုစ္ဆာကို ထည့်သွင်းစဉ်းစားကြတော့၏။ ဘူတာရုံကြီးကို မြို့ဟောင်းဘူတာနေရာ၌ အသစ်တည်ဆောက်တော့မည်လောဟူသော အသံများလည်း သဲ့သဲ့ကြားလာကြ၏။

ထိုအခါလက်ရှိ ရန်ကြီးအောင်ခုံးကျော်တံတားသည် အသုံးဝင်မှာလားဟူ၍လည်း တွေးတောကြ၏။ မြို့ပြစီမံကိန်းတစ်ခုသည် လတ်တလောပြဿနာတစ်ရပ်ပြေလည်စေရေးသာမက ရေရှည်အတွက် အသုံးတည့်နိုင်မှုကိုပါ ထည့်သွင်းစဉ်းစားကြရပေမည်။

ဥပမာ မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်ပြီဆိုပါစို့၊ လတ်တလောခရီးလမ်းပန်းဆက်သွယ်မှုပြေလည်စေရေးသာမက သင်္ဘောသွားရေပြင်အကျယ်၊ တံတားနှင့်အမြင့်ဆုံးရေမျက်နှာပြင်အကွာအဝေးကိုလည်း တွက်ချက်ရမည်။ လက်ရှိပြေးဆွဲနေသော သင်္ဘောများနှင့်ချိန်ဆတိုင်းထွာ၍မရ။ နောင်တစ်ချိန်တွင် သည်ထက်မက ကြီးမားသော သင်္ဘောကြီးများ ဝင်နိုင်ထွက်နိုင်ရေးကိုပါ ကြိုတင်တွက်ချက်ထားရပေမည်။ တိုင်းပြည်၏ အခြေအနေတိုးတက်လာသည်နှင့်အမျှ သုံးစွဲနေသော ပစ္စည်း၊ ယာဉ်စက်များလည်း ပြောင်းလဲလာမည်ဖြစ်ရာ ကြီးမားကျယ်ဝန်းခေတ်မီသော သင်္ဘောကြီးများ သုံးစွဲခွင့်ကြုံသော်လည်းဆောက်ခဲ့သည့်တံတားအောက် ဖြတ်မရသဖြင့် လက်လွှတ်ဆုံးရှုံးမှုကြုံရသည်ဟူ၍ကား မဖြစ်စကောင်းပေ။

လွန်ခဲ့သောနှစ်များဆီက ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်သည် နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်ဖြင့် ၄င်းတို့က ပူးပေါင်းကူညီ တည်ဆောက်ပေးခဲ့သည့် သန်လျင်မြစ်ကူးတံတားကြီးကို သွားရောက်ကြည့်ရှုကာ နောင်တစ်ချိန်ပြောင်းလဲလာမည့်မြစ်ကြောင်း၊ ရေကြောင်းအနေအထားများနှင့်အတူ တံတားရေလယ်တိုင်များအကွာအဝေး၊ တံတားအမြင့်တို့ကို နောင်တစ်ချိန်အထိ အသုံးဝင်နိုင်မည့် အနေအထားများတွက်ချက်ပြခဲ့သည်။

ရန်ကြီးအောင်ခုံးကျော်တံတားကြီး စတင်တည်ဆောက်နေသောအချိန်ကလည်း အကယ်၍ဘူတာကြီးပြောင်းလျှင် ခုံးကျော်တံတားကြီးကအသုံးကျပါမည်လောဟု တွေးကြသည်။ ယခုတော့ လက်ရှိနေရာမှာပဲ ဘူတာကြီးကို ခေတ်မီခမ်းနားစွာ တည်ဆောက်နေသောကြောင့် ရန်ကြီးအောင် ခုံးကျော်တံတား၏ ကျေးဇူးကားကြီးမားလှပါဘိ။ သို့သော် တံတားအကျယ်က ၃၄ ပေသာရှိသောအခါ ခြောက်လမ်းသွားအဖြစ် တိုးချဲ့ဖောက်လုပ်နေသော (၃၅)လမ်းမကြီးနှင့်တော့ လိုက်ဖက်ညီမှုမရှိတော့တာတွေ့လာရပေပြီ။ တံတားကြီးပြီးတာ ဘာကြာဦးမလဲ။ (၁၂-၂-၉၀)က ဖွင့်လှစ်ခဲ့တော့ ခုနစ်နှစ်ပေါ့။ ဆယ်စုနှစ်အတွင်းမှာပင် ပြောင်းလဲတိုးတက်မှုများနှင့် အနည်းငယ်အံမဝင်တော့။

မန္တလေးစကားနှင့် ပြောရလျှင် တံတားကြီးဘေးတစ်ဖက်တစ်ချက်ကအိမ်တွေတော့ ဈေးကွက်မဝင်တော့တာသေချာသည်။ လတ်တလောမှာမူ ဈေးသစ်ကြီးများ စီမံကိန်းကြောင့် လှုပ်လှုပ်ရှားရှားဖြစ်နေသော ခေါင်းရွက်ဗျပ်ထိုး ဈေးသည်လေးများ၏ နံနက်ခင်းဈေးလေးတစ်ဈေး ရန်ကြီးအောင်ခုံးကြီးအောက်မှာ ပေါ်ပေါက်လာသောကြောင့် ရပ်ကွက်လူထုမှာ ဝမ်းမြောက်နေရပါသည်။ မြန်မာလူမျိုးသည် ကုန်တိုက်ကြီးထဲမှ အအေးစိမ်ဟင်းသီးဟင်းရွက် ပါကင်ထုပ်နှင့် မနီးစပ်သေး၊ ရေခဲသေတ္တာထဲက အမဲသားတစ်ပေါင်ထုပ်များနှင့် မနီးစပ်သေး. . .။ လမ်းပေါ်ချထား၊ ခင်းထားသော ခရမ်းချဉ်သီးပုံကို လက်နှင့်ဖွကာ 'တစ်ပိဿာ ဘယ်လောက်လဲ'မေးပြီး တစ်ဆယ်သား ချိန်ခိုင်းချင်သည်။ ပြီးတော့ အဆစ်ထည့်ချင်သေးသည်။ ငရုတ်သီးစိမ်းတစ်ပုံနှစ်ကျပ်ကို တစ်ကျပ်ခွဲဆစ်ပြီး ဆွဲခြင်းထဲထည့်ချင်သည်။

ဟင်းချက်နေရင်းတန်းလန်းမှ ငါးပိတစ်ကျပ်ဖိုးနှင့် ဆီငါးကျပ်သားကို ကလေးနှင့် ပြေးဝယ်ခိုင်းရသည်။ ထိုအခါ အဆင့်မြင့်ဈေးကြီးများမှာ မြန်မာအိမ်ရှင်မ ဈေးမဝယ်ရဲတော့။ ဤသို့ဖြင့် မန္တလေးတွင် ရပ်ကွက်ဈေးတန်းအသစ်လေးတွေ ပေါ်ပေါ်လာပါသည်။ အရပ်ထဲမှာ ဟင်းသီးဟင်းရွက်မှသည် ဒေါက်ဖိနပ်အထိရနိုင်သော အိမ်ဆိုင်လေးတွေ ပေါ်ပေါ်လာပါ၏။ 'ဒီကဈေးသည်'ဟု ဟစ်အော်ရောင်းချသည့် ရွာလည်ဈေးသည်ဟုခေါ်သော ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ ပိုမိုများပြားလာ၏။ ဤသို့ဖြင့် ရန်ကြီးအောင်ခုံးကျော်တံတားကြီးအောက်မှာ နံနက်ခင်းဈေးလေးတစ်ဈေးလည်း လှပစွာ ဖူးပွင့်လာခြင်းဖြစ်ပါသည်။

ရန်ကြီးအောင် ခုံးကျော်တံတားကြီးတောင်ဘက်ခြမ်း၊ အရှေ့ဘက်ထိပ်နားက ကျွန်တော့်မိတ်ဆွေ ကိုညီထွေးကတော့ သူ၏နာမည်ကျော် 'ဒုတိယချစ်သူ' စာအုပ်ဆိုင် အငှားပါးသွားတာတွေ့တိုင်း ညည်းညူသည်။ သူ့ဆိုင်သို့ ဝင်ဖို့ထွက်ဖို့ကလည်း အတော်ခက်ခဲသွားသည် မဟုတ်ပါလား။

(၇၈)လမ်း၏ (၃၅)လမ်းမှသည် တောင်ဘက်ခြမ်းအများစုကတော့ မန္တလေးသား ရွာနေပြည်ထိုင်တွေ. .။ မန္တလေး သံယောဇဉ်ကြီးသူတွေ. . .။

ဇာတ်သဘင်များ ခေတ်ကောင်းစဉ်ကာလတုန်းကတော့ (၇၈)လမ်း (၃၆)လမ်းနှင့် (၃၇)လမ်းကြားမှာ ဇာတ်ရုံကြီးတစ်ရုံရှိခဲ့ဖူးသည်။ မျက်ပါးရပ်ဇာတ်ရုံဟု လွယ်လွယ်ခေါ်ခဲ့၏။ ချမ်းသာတို့၊ မိုးဝင်းတို့များ ထိုဇာတ်ရုံတွင်ဝင်ပါက ညဦးပိုင်းကတည်းက (၇၈)လမ်းမကြီး ပိတ်နေတတ်သည်။ ထိုအခါ (၇၈)လမ်းမကြီးပေါ်မှာ ဇွန်ပန်းရနံ့တွေ ကြိုင်သင်းနေပြန်ပေါ့။

တကယ်တော့ ဝါဆိုသည် ပွဲရာသီအစဖြစ်၏။ မန္တလေးမှာ မျက်ပါးရပ်ဇာတ်ရုံ၊ တရုတ်တန်းဇာတ်ရုံ၊ အောင်မြေသာဇံ ဇာတ်ရုံ စသည်ဖြင့် ဇာတ်ရုံကြီးများ ယခုအချိန်ဆိုလျှင် စတင်ဖွင့်လှစ်ကြပြီ။ ဇာတ်အဖွဲ့ကြီးများလည်း အပြိုင်အဆိုင်ရုံသွင်းကြပြီ။ ဈေးချိုသူများကလည်း ဇာတ်ပွဲကြည့်ဖို့ အားယူနေကြပြီ။

အောက်ပြည် အောက်အရပ်မှာ မိုးတွေသည်းနေသောကြောင့် ဇာတ်အဖွဲ့တွေ မိုးပါးရာအထက်အညာသို့တက်ကာ ပွဲခွင်ဆင်ကြသည်။ ထို့ကြောင့် သည်ရာသီက ဇာတ်ပွဲရာသီ. .။

သည်ရာသီမှာ ဇွန်ပန်းပွင့်၏။ ဇွန်ပန်းက ဆည်းဆာတွင် ပွင့်သောပန်းဖြစ်၏။ ညနေစောင်းတာနှင့် ဇွန်ပန်းရုံများတွင်ရှိသော ဇွန်ဖူးလေးတွေကားခနဲ ဖွေးဖွေးလှုပ်ပွင့်တော့သည်။ ဇွန်ပန်းကလည်း ကြိုင်နေအောင်မွှေးသည်။ ညရောက်လေ မွှေးလေဟု ပြောရမလိုဖြစ်သည်။ ထိုအခါ ရနံ့မွှေးမွှေးကို ဘယ်သူမှ နံနက်ထိမစောင့်နိုင်ကြ။ တစ်ခါတည်းခူးပြီး ဘုရားတင်ကြ. .။ သီကုံးပန်ဆင်ကြ။

ထိုအခါ ရုံဇာတ်ကြီးတွေ သွင်းနေသည့် ပွဲခင်းအနှံ့လည်း ဇွန်ပန်းရနံ့တွေ 'ကြူကြူသင်း'နေတော့သည်။ ဇာတ်ရုံပေါက်မှလည်း ဇွန်ပန်းသည်တွေ မနည်း။ ဈေးသိမ်းအပြီး ကတိုက်ကရိုက် ရေမိုးချိုးဖြီးလိမ်းပြင်ဆင်ကာ မြင်းလှည်းတစ်စင်းငှားပြီး ဇာတ်ရုံပေါက်ရောက်လာကြသော ဈေးချိုသူတွေက ဇာတ်ရုံပေါက်က ဇွန်ပန်းသည်တွေဆီက ပန်းကုံးတွေဝယ်ကြသေးသည်။ လူတိုင်းစေ့ ဇွန်ပန်းကုံးတွေ ပန်ဆင်ကြပြီး အထူးစပါယ်ရှယ် သီကုံးထားသော လက်မောင်းလောက် ဇွန်ပန်းကုံးကြီးကိုတော့ 'ချမ်းချမ်း'ဖို့၊ 'မိုးမိုး'ဖို့၊ 'ဆန်းဆန်း'ဖို့၊ 'ဗိုလ်ဗိုလ်'ဖို့၊ 'ကိုရဲ'ဖို့ လုပ်ကြတော့သည်။

အဲလိုဆိုတော့လည်း (၇၈)လမ်းမကြီးမှာ ဇွန်ပန်းရနံ့တွေ'လမ်းလုံးကြိုင်' နေတော့သည်။ 'ဇွန်ပန်းရသ'ကိုလွှမ်းဆွတ်ပါသည်။ 'ဒီနေ့ညပွဲကြည့်မယ်' ဟု တိတ်တိတ်ကလေး အသိပေးထားသည်။ ဝေဝေသန်းသည် ရွှေမန်းသဘင်ပရိသတ်မို့ ရွှေမန်းဝင်နေသည့် မျက်ပါးရပ်ဇာတ်ရုံပဲဆိုတာ မှန်းဆလို့ရနေသည်။ ထို့ကြောင့် ညနေစောင်းကတည်းက နှင်းပွင့်စနိုးတွေ အဖွေးသားလိမ်းကာ (၇၈)လမ်းနှင့် (၃၆)လမ်းထောင့်က မယောင်မလည် ရပ်စောင့်နေရ၏။

***(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)***

## သပိတ်ကျင်းမြို့နယ်တွင် အခြေခံပညာမူလတန်းကျောင်းဖွင့်လှစ်

**သပိတ်ကျင်း ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မြိုင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်း၌ ကျင်းပခဲ့သည်ဟု သိရသည်။ မြိုင်သာယာကျေးရွာသည် အိမ်ခြေ ၇၀ ကျော်ရှိပြီး လူဦးရေ ၄၀၀ ကျော် နေထိုင်လျက်ရှိကာ ယခင်က မူလတန်းကျောင်းမရှိသဖြင့် သုံးမိုင်ကျော်ဝေးသော ကံသာရွာသို့ ကလေးများ ခြေကျင်ခရီးသွားပြီး ကျောင်းတက်ခဲ့ရသည်ဟုလည်း သိရသည်။ "အခုလို နိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးဝန်ကြီးဌာနက မူလတန်းကျောင်းကလေးချပေးတဲ့အတွက် ကျောင်းသားမိဘတွေ၊ ကလေးတွေ ပညာရေးအတွက် ဝမ်းသာရပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၅၂ ဦး ပညာသင်ကြားမည်ဖြစ်ပြီး သင်ကြားရေးအတွက် ဆရာ ဆရာမလေးဦး တာဝန်ယူသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(ပြန်/ဆက်)**



# CONGRATULATIONS!

UAB United Amara Bank

## "The Asian Banking & Finance Awards 2015"

ASIAN BANKING & FINANCE WHOLESALE BANKING AWARDS '15

ASIAN BANKING & FINANCE RETAIL BANKING AWARDS 2015

(၂၀၁၅)ခုနှစ်အတွက် စင်္ကာပူနိုင်ငံအခြေစိုက် Asian Banking & Finance (ABF)မှ ဇူလိုင်လ(၈)ရက်နေ့တွင်ဂုဏ်ပြုချီးမြှင့်သော–

**Wholesale Banking Awards**

(၁) Myanmar Domestic Project Finance Bank of the Year

(၂) Myanmar Domestic Trade Finance Bank of the Year

**Retail Banking Awards**

(၃) Core Banking System Initiative of the Year

စုစုပေါင်း ဆု(၃)ဆုအား လက်ခံရရှိခြင်းအပေါ် **ယူနိုက်တက်အမရဘဏ်**မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

- Apex Greatest Industrial Service Co.,Ltd
- Aung Soe Min Co.,Ltd
- Best Luck Co.,Ltd
- First Image Garment Manufacturing Co.,Ltd
- Nice Style Travels & Tours
- P.L Global Impex Pte Ltd , Vimpex Limited
- U Htay Hlaing (Shwe War Hlaing Service Co .,Ltd)
- U Moe Kyaw Thu (MD) (Shwe Nay Minn Gyi Co.,Ltd)
- U Myint Soe (MD) United Plaza Co.,Ltd
- U Soe Lwin Oo ,Mawlamyine Trading
- U Thant Zin Naing (MD) (KDK Group of Companies)
- U Win Cho (MD) 707 Trading Co.,Ltd
- Unimarine Shipping Agency Co.,Ltd
- Zaw Win Colour Steel Trading
- Zawgyi Premier Co.,Ltd

# အလုပ်သင်သတင်းထောက်များ အလိုရှိသည်

The Global New Light of Myanmar သတင်းစာတိုက်တွင် အလုပ်သင် သတင်းထောက်(လစာညှိနှိုင်း) ရာထူး(၅)နေရာအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၁။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိရမည်။
၂။ အသက်(၂၅)နှစ်နှင့် (၃၅)နှစ်အကြား ဖြစ်ရမည်။
၃။ နေ့ညမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အမျိုးသမီးများလည်း လျှောက်ထားနိုင်သည်။
၄။ အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှုရှိပြီး အင်္ဂလိပ်စာကို အထူးဝါသနာပါသူ ဖြစ်ရမည်။
၅။ မီဒီယာလုပ်ငန်းအတွင်း ကိုယ်ရောစိတ်ပါမြှုပ်နှံ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
၆။ ကွန်ပျူတာကို အင်္ဂလိပ်ဘာသာဖြင့် စာစီ/စာရိုက်အဆင့် တတ်ကျွမ်းသူ ဖြစ်ရမည်။
၇။ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူတင်ပြရမည်။
၈။ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ် မိတ္တူတင်ပြရမည်။
၉။ လျှောက်ထားသူများအား အရည်အချင်းစစ်ဆေးမည်။ စစ်ဆေးမည့်ရက်ကို သတင်းစာများတွင် ကြေညာမည်။
၁၀။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်း (ပတ်စ်ပို့ဓာတ်ပုံပူးတွဲ) နှင့် စာရွက်စာတမ်းများပူးတွဲလျက် စာတည်းမှူးချုပ်၊ The Global New Light of Myanmar သတင်းစာတိုက်၊ အမှတ် ၁၅၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ mail ဖြင့်ပေးပို့လိုသူများသည် wallace.tun@gmail.com သို့လည်းကောင်း ၂၀-၇-၂၀၁၅ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။

**The Global New Light of Myanmar သတင်းစာတိုက်**



**သတ္တုတွင်းဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera | ၃ လုံး |
| (ခ) | Pocket Scriber with Magnet | ၁၀၀ ခု |
| (ဂ) | C-Thru Scale | ၅၀ ခု |
| (ဃ) | သေလဗေဒလုပ်ငန်းသုံးပစ္စည်း | ၂ မျိုး |
| (င) | ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း | ၇ မျိုး |
| (စ) | စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသုံးပစ္စည်း | ၂၁ မျိုး |
| (ဆ) | ဆေးဝါးပစ္စည်း | ၂၁ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**



**စက်မှုဝန်ကြီးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)**

# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

**Group-2** X-2000 (မာဇဒါချစ်)၊ E-2000, T-2000, B-600 တို့၏ Component Parts နှင့် အခြားပစ္စည်းများ

| | | | |
|---|---|---|---|
| (က) | Lot No.(2-1)Bolt, Nut, Washer&Spring (Serviceable) ပစ္စည်းများ | ၈၈၂ မျိုး | HI-12/021 |
| (ခ) | Lot No.(2-2)Aluminium(Serviceable)ပစ္စည်းများ | ၂၆၆ မျိုး | HI-12/022 |
| (ဂ) | Lot No.(2-3)Other (Serviceable)ပစ္စည်းများ | ၁၁၅၄ မျိုး | HI-12/023 |
| (ဃ) | Lot No.(2-4)Packing(Serviceable)ပစ္စည်းများ | ၁၃၂ မျိုး | HI-12/024 |
| (င) | Lot No.(2-5)Bolt,Nut, Washer&Spring (Unserviceable) ပစ္စည်းများ | ၃၂ မျိုး | HI-12/025 |
| (စ) | Lot No.(2-6)Aluminium (Unserviceable) ပစ္စည်းများ | ၇ မျိုး | HI-12/026 |
| (ဆ) | Lot No.(2-7)Other (Unserviceable)ပစ္စည်းများ | ၃၅ မျိုး | HI-12/027 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၃-၇-၂၀၁၅ ရက်မှ ၂၃-၇-၂၀၁၅ ရက်
၄။ **တင်ဒါပုံစံထုတ်ပေးမည့်နေရာ** - ထုတ်လုပ်ရေးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း နေပြည်တော်
အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၂၃-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ** - အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)၊ စီမံကိန်းဌာန
၇။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၃-၇-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၆၇-၄၀၅၀၅၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇**
**စက်မှုဝန်ကြီးဌာန**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

# ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းရန်

**ကြေညာချက် (၇/၂၀၁၅)**
**၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်**
**(၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ ရတနာနယ်မြေများနှင့် ရတနာနယ်မြေပြင်ပတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများကိုလက်ခံ၍ သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး ခွင့်ပြုမိန့်ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) မိုင်းရှူးရတနာနယ်မြေ။
(ခ) နန့်ယားဆိပ်ရတနာနယ်မြေ။
(ဂ) ခန္တီးရတနာနယ်မြေ။
(ဃ) မိုးညှင်းဒေသ၊ မော်လူး၊ မော်ဟန်ဒေသ။

၂။ ပုဂ္ဂလိက၊ ကုမ္ပဏီ အသင်းများသည် အထက်ဖော်ပြပါရတနာနယ်မြေများနှင့် ရတနာနယ်မြေ ပြင်ပတွင် **တည်ဆဲဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသည့်မြေ**ကို ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုပါက ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃။ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လျှောက်လွှာများပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်နှင့်ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်လွှာထုတ်ယူခြင်း။** ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာတင်သွင်းလိုသည့် ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ အောက်တိုဘာ ၁၉ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး လျှောက်လွှာများထုတ်ယူနိုင်ပါသည်။ ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားလိုသော ကုမ္ပဏီ၊ အသင်းများသည် သက်တမ်းရှိ ကုမ္ပဏီ/အသင်းများဖြစ်ရပါမည်။

(ခ) **ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာများတင်သွင်းခြင်း။** ဖော်ထုတ်လုပ်ကွက် (အသစ်) လျှောက်လွှာပုံစံ (မကလ-၅)တွင် လိုအပ်သည်များကို ပြည့်စုံစွာရေးသွင်းပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီတင်သွင်းရပါမည်။ လျှောက်လွှာတင်သွင်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(၁) ဖော်ထုတ်လုပ်ကွက်(အသစ်) တစ်ကွက်အတွက် လျှောက်လွှာတစ်စောင် တင်သွင်းရပါမည်။
(၂) လျှောက်လွှာနှင့်အတူလျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းကိုပူးတွဲ၍ စာအိတ်တွင်ထည့်ပြီး ချိပ်ပိတ်တင်သွင်းရပါမည်။
(၃) လျှောက်ထားလိုသည့် ဖော်ထုတ်လုပ်ကွက်(အသစ်)၏ တည်နေရာပြ မြေပုံကြမ်းတွင် လျှောက်ထားသူက လက်မှတ်ရေးထိုးပေးရပါမည်။

၄။ ကျောက်မျက်ရတနာဖော်ထုတ်လုပ်ကွက်(အသစ်)များ လျှောက်လွှာတင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (DEPOSIT) ၁၀၀၀၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်း) နှင့် ကွင်းဆင်းစစ်ဆေးစရိတ် ၅၀၀၀၀ိ/-(ကျပ်ငါးသောင်း) ပေးသွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် ဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်ထားသည့်နေရာအား အောက်ပါကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိ/မရှိ စစ်ဆေး၍ လုပ်ကိုင်ခွင့်ချထားပေးသွားပါမည်-

(၁) လယ်မြေ
(၂) ဘေးမဲ့တော/ကာကွယ်တောများ
(၃) ကျေးရွာ
(၄) သာသနာ့နယ်မြေ
(၅) စေတီဘုရား၊ သာသနိကကျောင်းများနှင့်အဆောက်အအုံများ
(၆) မြို့စည်ပင်သာယာရေးနယ်နိမိတ်၊
(၇) အများသုံးလမ်းမကြီးများ၊
(၈) ရေဦးရေထွက်နှင့် အများသုံးရေကန်ကြီးများ၊
(၉) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သော မြေနေရာများ
(၁၀) စီမံကိန်းနယ်မြေ/ဇရိယာများ
(၁၁) လုပ်ကိုင်ခွင့်ပြုထားပြီးသောလုပ်ကွက်များနှင့် လွတ်ကင်းမှုရှိ/မရှိ

၆။ ဖော်ထုတ်လုပ်ကွက်(အသစ်)များအတွက် လုပ်ကိုင်ခွင့်ပြုသက်တမ်းကာလမှာ (၃)နှစ်ဖြစ်ပြီး လုပ်ကွက်တစ်ကွက်အတွက် အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ၁၀ သိန်း ဖြစ်ပါသည်။

၇။ လုပ်ကိုင်ခွင့်ရလုပ်ကွက်၏ ပေးသွင်းရမည့်အဆိုပြုငွေအတွက် ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။ လုပ်ကိုင်ခွင့်မရရှိသူများ၏ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၈။ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လုပ်ကိုင်ခွင့်ရရှိသည့် ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန် သတ္တုတွင်းဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့်အမိန့်ကြော်ငြာစာအမှတ် ၁၂၃/၉၉ အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးစေမှုမရှိစေရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ ခုနှစ် မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၀၄ အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နေပြည်တော်တွင်လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင်အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ နန့်ယားဆိပ်၊ မိုးညှင်းနှင့် မိုင်းရှူး (လွိုင်ဆောင်ထောက်)တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| (၁) | 09/DHPI(P&W)/2015-2016 အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်နှင့်စက်ပစ္စည်း သိုလှောင်ရုံ(Steel Structure)(၁၂၀'×၆၀')ဆောက်လုပ်ခြင်း | ၁လုံး |
| (၂) | 10/DHPI(P&W)/2015-2016 သူငွေးရေအားလျှပ်စစ်စီမံကိန်းကျောက်သားနံရံခိုင်ခံ့မှု လုပ်ငန်းများ(Shotcreting, Shear Resisting Piling, Rock Bolting,Triple Long Rock Bolting) | လုပ်ငန်းတစ်ရပ် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၇-၂၀၁၅ ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၁၇-၇-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** - ၃၀-၇-၂၀၁၅ ရက်၊ ၁၅း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**
**အမှတ်(၅၂၊ ၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်**

# အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၃/၂၀၁၅-၂၀၁၆)

၁။ ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်း သစ်မာသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောဖက်စပ်မှအောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါအစီအစဉ်**

**ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ ရက် (အင်္ဂါနေ့)
**ရောင်းချမည့်အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
**သစ်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး ၂၇၃၇ လုံး၊ ၂၁၅၄.၂၂၀ တန်
**ရောင်းချမည့်နေရာ** - မြန်မာသစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးများ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အချက်အလက်များ အသေးစိတ်သိရှိလိုပါက သစ်တောဖက်စပ် webside ဖြစ်သော www.fpjvc.com တွင်လည်းကောင်း မြန်မာ့သစ်လုပ်ငန်း webside ဖြစ်သော www.myanmatimber.com တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှု၍ ဖုန်း-၀၁-၉၀၁၀၇၄၁၊ ၀၉-၈၆၈၀၂၅၀ များတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**



**ကျောက်မျက်နှင့်သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ်**
**တည်ထောင်ရန် ကနဦးမတည်ရင်းနှီးငွေထည့်ဝင်မည့်ပုဂ္ဂိုလ်များထံ**

# အသိပေးကြေညာခြင်း

၁။ ကျောက်မျက်နှင့် သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ် တည်ထောင်ရန် ကနဦးမတည်ရင်းနှီးငွေ အဆိုပြုထားပြီးသည့် လုပ်ငန်းရှင်များသည် မိမိတို့ထည့်ဝင်မည့် ကနဦးမတည်ရင်းနှီးငွေအား အောက်ဖော်ပြပါ အလျဉ်းသင့်ရာ ဘဏ်တစ်ခုခုတွင် ၁၄-၈-၂၀၁၅ရက် သောကြာနေ့ နောက်ဆုံးထားပေးသွင်းနိုင်မည်ဖြစ်ပါသည်။

(က) AGD Bank (ကမာရွတ်ဘဏ်ခွဲ၊ ရန်ကုန်မြို့)
(ခ) KBZ Bank (ကျွန်းတောလမ်းဘဏ်ခွဲ၊ ရန်ကုန်မြို့)
(ဂ) AYA Bank (နှင်းဆီကုန်းဘဏ်ခွဲ၊ ရန်ကုန်မြို့)

၂။ ကနဦးမတည်ရင်းနှီးငွေကျပ်သိန်း ၄၀၀၀ အပြည့်ထည့်ဝင်ပြီး ပုဂ္ဂိုလ်အား ဘဏ်ကုမ္ပဏီဖွဲ့စည်းရာတွင် ပထမဒါရိုက်တာအဖြစ် ဖော်ပြဖွဲ့စည်းမည်ဖြစ်ပြီး အောက်ဖော်ပြပါလုပ်ငန်းရှင်များအနေဖြင့် ကျပ်သိန်းလေးထောင်အပါအဝင် အစုရှယ်ယာရှင်များအဖြစ် ကျပ်သိန်း ၃၀၀၀၊ ၂၀၀၀၊ ၁၀၀၀ အား မိမိတို့ဆန္ဒရှိသလို ထည့်ဝင်နိုင်မည်ဖြစ်ပါသည်။

(က) ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိပြီးဖြစ်သည့် ကျောက်မျက်လုပ်ငန်းရှင်များ
(ခ) သတ္တုလုပ်ငန်းလိုင်စင်ရရှိပြီးဖြစ်သည့် သတ္တုလုပ်ငန်းရှင်များ
(ဂ) ရွှေလုပ်ငန်းလိုင်စင်ရရှိပြီးဖြစ်သည့် ရွှေလုပ်ငန်းရှင်များ

၃။ ယခင်အဆိုပြုထားပြီးသူများအပြင် ကနဦးမတည်ရင်းနှီးငွေထပ်မံထည့်သွင်းလိုသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထည့်သွင်းလိုသည့် ဘဏ်အမည်၊ ဘဏ်ငွေစာရင်းအမှတ်(Account No;)နှင့် အခြားသိရှိလိုသည့်အချက်များအား အောက်ဖော်ပြပါ ဘဏ်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးအဖွဲ့သို့ ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ဦးခင်ဇော် ဖုန်း-၀၉-၂၀၀၃၈၆၆
(ခ) ဦးသက်မောင်မြင့် ဖုန်း-၀၉-၂၀၀၀၉၃၉
(ဂ) ဒေါက်တာထွန်းဝင်း ဖုန်း-၀၉-၇၉၂၀၄၄၁၄၂
(ဃ) ဦးသက်နိုင် ဖုန်း-၀၉-၂၄၀၁၈၉၈

**အများပိုင်ဘဏ်ဖြစ်မြောက်ရေးကော်မတီ**
**ကျောက်မျက်နှင့်သတ္တုသယံဇာတဖွံ့ဖြိုးရေးအများပိုင်ဘဏ်**
**ဆက်သွယ်ရန်ယာယီလိပ်စာ**
**မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ**
**အမှတ် (၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**





## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် **(P.E. လက်မှတ်)** များကို ၂၀၁၃ခုနှစ်မှစ၍ ထုတ်ပေးထားခဲ့ပါသည်။ အဆိုပါလက်မှတ်များ၏ သက်တမ်းကန့်သတ်ချက်များကိုလည်း ကတ်ပြားတိုင်းတွင် တိတိကျကျသတ်မှတ်ဖော်ပြထားပြီးဖြစ်ပါသည်။ သို့ပါ၍ **P.E.** လက်မှတ်ကိုင်ဆောင်ထားသူများသည် **P.E.** လက်မှတ် သက်တမ်းပြည့်နေပါက မိမိတို့၏လက်မှတ်သက်တမ်းတိုးမြှင့်ရန် ကောင်စီမှချမှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လျှောက်ထားကြပါရန် ကြေညာထားခဲ့ပြီးဖြစ်ပါသည်။ ယင်းကဲ့သို့ ကြေညာထားခဲ့သော်လည်း သက်တမ်းတိုး လျှောက်ထားခြင်းမပြုလုပ်သေးသူများ ကျန်ရှိနေသေးကြောင်းတွေ့ရှိရပါသည်။ **P.E.** လက်မှတ် သက်တမ်းပြည့်နေပြီး၊ သက်တမ်းတိုးလျှောက်ထားခြင်းမပြုရသေးသူများသည် ၂၀၁၅ ခုနှစ်၊ ဇွန်လ၊ ၃၀ ရက်နေ့ နောက်ဆုံးထားလျှောက်ထားကြပါရန်နှင့် အဆိုပါရက်ကျော်လွန်ပါက ရက်လွန်ကြေးများပေးဆောင်ကြရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အချိန်မီလျှောက်ထားခြင်းမပြုပါက **P.E.** လက်မှတ်ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com


| အမည်ပြောင်း | မြစ်ကြီးနားမြို့၊ အထက (၃)၊ ပဥ္စမတန်း (D)မှ မထက်မိုးဦးအား မဖြိုးရတနာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ |
|---|---|

## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက ထုတ်ပေးမည့် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် **(R.E. လက်မှတ်)** လျှောက်လွှာများကို (၉-၆-၂၀၁၅) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်ပေးလျှက်ရှိပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com


## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အမိန့်ကြော်ငြာစာ ၁/၂၀၁၄ ဖြင့် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် **(P.E. လက်မှတ်)** နှင့် မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် **(R.S.E. လက်မှတ်)** လျှောက်ထားနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းကြေညာချက်အပြည့်အစုံကို **Website , Facebook** နှင့် ကြော်ငြာသင်ပုန်းများတွင် အများသိစေရန် ဖြန့်ချိထုတ်ပြန်ထားပါသည်။ ၎င်းအမိန့်ကြော်ငြာစာ ၁/၂၀၁၄ သည် ဝါရင့် အင်ဂျင်နီယာကြီးများအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် ပေးထားခြင်းဖြစ်ပါသည်။ ၎င်းအမိန့်ကြော်ငြာစာ ၁/၂၀၁၄ ၏ သက်တမ်းသည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁) ရက် အထိသာဖြစ်ပါ၍ လက်မှတ်လျှောက်ထားလိုသော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့ရ လက်မှတ်ရများသည် အထက်ဖော်ပြပါ သတ်မှတ်ရက်မကုန်မီ လာရောက် လျှောက်ထားနိုင်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်။


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com


## ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အမိန့်ကြော်ငြာစာ ၁/၂၀၁၅ ဖြင့် နည်းပညာဘွဲ့ **(B.Tech.)** လက်မှတ်ရရှိသူများကို မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ **(R.G.Tech.)** လက်မှတ်နှင့် နည်းပညာဒီပလိုမာ **(A.G.T.I.)** လက်မှတ် ရရှိ သူများကို မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် **(R.Tech.)** လျှောက်ထားနိုင်ရန် ထုတ်ပြန်ကြေညာထားပါသည်။ အဆိုပါ **(R.G.Tech.)** နှင့် **(R.Tech.)** လက်မှတ်လျှောက်လွှာများကို (၉-၆-၂၀၁၅) ရက်နေ့မှစတင်လက်ခံ ဆောင်ရွက် ပေးလျှက်ရှိပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။


မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com


| ဖောင်းကြွပျောက် လျှောက်ထားခြင်း | ယာဉ်အမှတ် ၅ခ/၃၃၄၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှေသာကြီး)** |
|---|---|

| ဖောင်းကြွပျောက် လျှောက်ထားခြင်း | ယာဉ်အမှတ် 1F-7151 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှေသာကြီး)** |
|---|---|

**ဖခင်အမည်မှန်**

တောင်ဒဂုံမြို့နယ်၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မဇာလီချို၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၁၂/ဥကမ(နိုင်)၁၂၂၆၁၂ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၂၉၀၈၈ Honda Scoopyi 110ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲစုဇင် ၉/မဟမ(နိုင်)၀၂၉၃၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**




# ရာပြည့် အထူးလျှော့ဈေး စာအုပ်ရောင်းပွဲ

**တစ်ဦးချင်း ၂၀ %၊ ကိုယ်စားလှယ် ၃၀ %၊ အခြားတိုက်ထုတ် ၁၀ % လျှော့**

ဦးသိန်းလှိုင်၏ ခေတ်သစ် အင်ရှင့်တောင်အာရှ၊ ဗေယျ၏ သူကြီးအိုနှင့် အခြားဝတ္ထုတိုများ၊ တင့်တယ်၏ မာနနှင့် အာဃာတ၊ ထွန်းသစ်၏ ကမ္ဘာကိုကိုင်လှုပ်ခဲ့သော မိန့်ခွန်းများ၊ မောင်ခင်မင်(ဓနုဖြူ)၏ တက္ကသိုလ်မြေ ခြေချခဲ့သော နေ့ကျောင်းသားတစ်ယောက်၏ အမှတ်တရများ၊ မောင်ပေါ်ထွန်း၏ ပစ္စုပ္ပန် (ကြီးပွားအောင်မြင်ရေး လက်ဆောင်မွန်)၊ ဦးအောင်နိုင်၏ ဆီးချိုရောဂါကို အစာစာတ်စာဖြင့် ကြိုတင်ကာကွယ်ဟန့်တားနည်း၊ မောင်ခင်မင်(ဓနုဖြူ)၏ လမ်းခုလတ်မှာ အဝိုက်ကတ် အပြခံလိုက်ရခြင်း(အတွေ့အကြုံဆောင်းပါးစု)စသည့်... ပထမအကြိမ်ထုတ် ၈၈ (၈) အုပ်နှင့်အတူ လင်းယုန်သစ်လွင်၏ သီတာသောင်ခြေဦး၊ သုဒေသာမိတမဟာရာဇဝင်ကြီး(စဆုံး)တို့ဖြင့်

၁၀၊ ၇၊ ၁၅ မှ ၁၆၊ ၇၊ ၁၅ ထိ၊ နံနက် ၉ နာရီ မှ ညနေ ၆ နာရီ အထိ

ရာပြည့်စာအုပ်ဆိုင် -ပန်းဆိုးတန်း(၀၁- ၂၄၃ ၃၅၁၊ ၃၇၅ ၉၅၂)၊လှည်းတန်း(၀၉၅၁ ၄၆၁ ၄၂)

# AcademicTelesis

**We Build Your Dream**

International College Seminar

အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံများရှိ ထိပ်တန်းတက္ကသိုလ်များတွင် အချိန်တိုအတွင်း ဘွဲ့ရရှိနိုင်မည့် အခွင့်အလမ်းများနှင့် ပညာသင်ဆု အခွင့်လမ်းများအကြောင်း ဟောပြောဆွေးနွေးမည် ဖြစ်ပါ၍ တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပါသည်

**in Science, Engineering, IT, Business, Finance, Marketing & More**

**USA/ Canada Study/ Work**

ရှိတက္ကသိုလ်တို့တွင် တက္ကသိုလ်ဝင်ခွင့်၊ ပညာသင်ဆုရရှိခွင့်၊ ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်လုပ်နိုင်ခွင့် သင်ကြားလိုသည့် ဘာသာရပ်အလိုက် တက္ကသိုလ်ရွေးချယ်နိုင်ခြင်း၊ (၁၀)တန်းအောင်မြင်ပြီးနောက် (၄)နှစ်အတွင်း တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်မည့် အခွင့်အရေး တို့အတွက်




**Washington** ရှိ တက္ကသိုလ်မှ ဥက္ကဋ္ဌ နှင့် တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်သည့် အခွင့်အရေး

**Study/ Work in Japan**

ဂျပန်စကားသင်ယူခြင်း၊ နေအိမ်မှငွေကြေးထောက်ပံ့စရာမလိုဘဲမိမိကြိုက်နှစ်သက်ရာ ဘာသာရပ်တွင် ဂျပန်နိုင်ငံတက္ကသိုလ်မှဘွဲ့ဒီပလိုမာ ရရှိနိုင်မည့် အခွင့်အရေး ဘွဲ့၊ ဒီပလိုမာ ရရှိသည်နှင့် Full time job ရရှိနိုင်မည့် အခွင့်အရေးတို့ အတွက်

ဂျပန်ဘာသာစကား အတွက် ဂျပန်နိုင်ငံမှ အတွေ့အကြုံရှိဆရာများ မှ သင်ကြားပေးမည့်သင်တန်းများ လည်းဖွင့်လှစ်ထားပါသည်။

Yangon: July 17, 2 pm
Sumit Parkview Hotel
Ahlone Road, Dagon Tsp.

Director from US/Japan နှင့် တိုက်ရိုက်ဆက်သွယ်၍ဆွေးနွေးနိုင်ပါသည်။
Call for Appt:

Register early, seats limited
09-263 105 249
09-795 367 475
09-262 620 664

academictelesis.com No. 9 A, 628, Merchant Road, Pabedan Tsp,Yangon.

MCC.i

# MCC Training Institute

**ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်**



**ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ**

**B.Sc (Hons) Business IT, University of Greenwich, UK**

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

**July Intake Enroll Now!**

f www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များရှိသဖြင့် အမြန်ဆက်သွယ်ပါ။

## မြို့ပြအင်ဂျင်နီယာကျောင်းသား/ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲ

နည်းပညာတက္ကသိုလ်၊ မန္တလေး(အိုးဘို)တွင် (၂၀၀၀ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ) ကျောင်းဝင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ကျောင်းသားကျောင်းသူဟောင်းများမှ စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာဖြင့် ပညာသင်ကြားပေးခဲ့သော ဆရာကြီး/ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပ၍ ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူဟောင်းများအား ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့၊ အာဇာနည်နေ့)
**အချိန်** - နံနက် ၈း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
**နေရာ** - မဟာမေ့မြိုကာရာမရွှေကျောင်တိုက်မကြီး၊ မန္တလေးတောင်မြောက်ဘက်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဟံဇားကျေးရွာ၊ အထက်တန်းကျောင်းမှ (ဘ)ဦးညွန့်မောင်၏သမီး ဒေါ်စိုးဝင်း(အလယ်တန်းပြ)နှင့် ဒေါ်စိုးစိုးဝင်း ၉/သစန(နိုင်)၀၀၀၄၄၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စိုးဝင်း(ခ)ဒေါ်စိုးစိုးဝင်း**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် လမ်းဆုံ အထက ၂ နဝမတန်း(A)မှ မောင်ကောင်းခန့်မောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်းခိုင် ၅/တဆန(နိုင်)၁၆၆၉၉၀ ဖြစ်ပါကြောင်း။

**ဦးထွန်းဝင်းခိုင်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ် မေတ္တာမြိုင်ရပ်ကွက် ကျန်စစ်သားလမ်းနေ ဦးမင်းလွင် ၅/တဆန(နိုင်)၀၀၁၅၆၂ နှင့် ဦးမြင့်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းလွင်(ခ)ဦးမြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၂၉၉၈ Zongshan 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၉/အမရ(နိုင်)၁၂၁၃၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/8610၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## Aluminium Top Seal အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - Aluminium Top Seal
၂။ ဝယ်ယူမည့်အရေအတွက် - ၅၁၀၀၀၀၀ခု
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၉-၇-၂၀၁၅ရက် မွန်းလွဲ ၄း၀၀နာရီ
၄။ တင်ဒါပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ(အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ် ၃၇၊**
**စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၃၈၈**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၂) အကြီးစားစက်ရုံ(ထုံးဘို)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)မှ အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်-

Group-3 X-2000 (မာဇဒါချစ်)၊ E-2000, T-2000, B-600 တို့၏ Component Parts နှင့်အခြားပစ္စည်းများ

| | | | |
|---|---|---|---|
| (က) | Lot No.(3-1)Copper (Serviceable)ပစ္စည်းများ | ၅၃မျိုး | HI-12/028 |
| (ခ) | Lot No.(3-2)Iron (Serviceable)ပစ္စည်းများ | ၁၃၄၅ မျိုး | HI-12/029 |
| (ဂ) | Lot No.(3-3)Electrical Parts (Serviceable)ပစ္စည်းများ | ၁၅၈ မျိုး | HI-12/030 |
| (ဃ) | Lot No.(3-4)Glass (Serviceable)ပစ္စည်းများ | ၃ မျိုး | HI-12/031 |
| (င) | Lot No.(3-5)Copper (Unserviceable)ပစ္စည်းများ | ၆ မျိုး | HI-12/032 |
| (စ) | Lot No.(3-6)Irons (Unserviceable)ပစ္စည်းများ | ၁၇၂ မျိုး | HI-12/033 |
| (ဆ) | Lot No.(3-7)Electrical Parts (Unserviceable)ပစ္စည်းများ | ၁၆ မျိုး | HI-12/034 |

၂။ အထက်ဖော်ပြပါပစ္စည်းများအား Lot No. အလိုက်သာ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၃-၇-၂၀၁၅ရက်မှ ၂၄-၇-၂၀၁၅ရက်
၄။ တင်ဒါပုံစံထုတ်ပေးမည့်နေရာ - ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း နေပြည်တော် အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့် အချိန် - ၂၄-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
၆။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို) စီမံကိန်းဌာန
၇။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂၄-၇-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
၈။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊ ၀၆၇-၄၀၅၀၅၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊ ၀၉-၄၂၃၇၀၈၉၁၃၊ ၀၉-၂၅၀၃၀၇၈၀၇၊**
**စက်မှုဝန်ကြီးဌာန**

## သွန္တတ္တသားအဖြစ် ကြေညာ၍ သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား ဦးဇော်မင်းသိန်း ၁၂/အလန(နိုင်)၀၀၂၄၉၃သည် ဖခင်ဖြစ်သူအား အချေမငံပြောဆိုဆက်ဆံသည့်အပြင် ရန်သူသဖွယ်ပြုမူဆောင်ရွက်မှုအကြိမ်ကြိမ်ပြုလုပ်သည်ကို ခွင့်လွှတ်နိုင်စွမ်းမရှိတော့သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သွန္တတ္တသားအဖြစ်ကြေညာ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**ဦးကျင်သိန်း**
**၁၀/မလမ(နိုင်)၀၉၀၃၈၁**
**အမှတ် ၆၈၊ ကျိုက္ခမီလမ်း၊ ဈေးကြိုဆန်တန်းရပ်၊ မော်လမြိုင်မြို့**

## "ရာဇတံခွန်ကုမ္ပဏီ (ကမ္ဘာကျော်ခတ်မြေသြဇာ)မှ ဝန်ထမ်းများအမြန်ခေါ်ယူခြင်း"

နေပြည်တော်အခြေစိုက် ရာဇတံခွန်(ကမ္ဘာကျော်ခတ်မြေသြဇာ)မှ နယ်လှည့်အရောင်းစာရေး ကျား(၂၀၀၀)ဦး (နှစ်ထောင်ဦး) အမြန်ခေါ်ယူခန့်ထားမည်ဖြစ်ပါသည်။

၁။ ၁၈နှစ်မှ ၃၅နှစ်အတွင်း ဖြစ်ရမည်။
၂။ အခြေခံလစာအဖြစ် (ကိုးတန်းအောင်) ကျပ်တစ်သိန်း+အချိန်ပိုကြေး ကျပ်နှစ်သောင်း စုစုပေါင်းကျပ် တစ်သိန်းနှစ်သောင်း၊ (ဆယ်တန်း အောင်) အခြေခံလစာ ကျပ်တစ်သိန်းတစ်သောင်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း တစ်သိန်းလေးသောင်း၊ (ဘွဲ့ရ) အခြေခံလစာ ကျပ်တစ်သိန်းသုံးသောင်း+အချိန်ပိုကြေး ကျပ်သုံးသောင်း စုစုပေါင်း ကျပ်တစ်သိန်းခြောက်သောင်းမှ စတင်ရရှိမည်။
၃။ အလုပ်ကြိုးစားရိုးသား၍ အရည်အချင်းရှိလျှင်ရှိသလို လစာများ၊ ရာထူးများတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ ဆေးဟောပြောပွဲများ ပြောတတ်ပြီး လုပ်ငန်းကျွမ်းကျင်လျှင် လစာအပြင် မြေသြဇာတစ်အိတ်ချင်းအလိုက် အုပ်စုကြီးကြပ်ခများ၊ မိမိဆေးဟောပြောပွဲများ ပြုလုပ်ရောင်းချခဲ့သည့် အိတ်တစ်အိတ်ချင်းစီအတွက် ကော်မရှင်၊ ဘောက်ဆူးများ ခံစားခွင့်ပြုခြင်း၊ နယ်ထွက်လျှင် လစာအပြင် စားစရိတ်အဖြစ် တစ်နေ့ နှစ်ထောင့်ငါးရာကျပ် ခံစားခွင့်ပြုခြင်း။
၄။ စာရင်းစစ်၊ စာရင်းကိုင် (ရုံးထိုင်) (၅၀)ဦး အခြေခံလစာ ကျပ်တစ်သိန်းခြောက်သောင်းမှ စတင်ရရှိမည်။
၅။ နယ်လှည့်စာရင်းစစ် (၁၀၀)ဦး အခြေခံလစာ ကျပ်တစ်သိန်းခုနစ်သောင်းမှ စတင်ရရှိမည်။ ခရီးစရိတ်ရရှိမည်။
၆။ ကျောင်းဆက်တက်မည့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ အပင်ပန်းမခံနိုင်သူများ၊ အချိန်ပိုမလုပ်နိုင်သူများ အလုပ်ခန့်ထားမည်မဟုတ်ပါ။ နယ်ထွက်လျှင် ထမင်းစရိတ်၊ ခရီးစရိတ်များရရှိမည်ဖြစ်ပြီး နေထိုင်ရန်အဆောင်ပေးမည်။ အလုပ်လျှောက်ထားရာတွင် ကုမ္ပဏီမှ လျှောက်လွှာဝယ်ယူလျှောက်ထားရမည်ဖြစ်ပြီး ကိုးတန်း(သို့မဟုတ်)ဆယ်တန်းအောင်ကြောင်း ထောက်ခံစာ(သို့)ဘွဲ့လက်မှတ်(မူရင်း/မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ရဲစခန်းထောက်ခံစာ(မူရင်း/မိတ္တူ)၊ အိမ်ထောင်စုဇယားပုံစံ(၆၆) (မူရင်း/မိတ္တူ)၊ တစ်ပတ်အတွင်းရိုက်ထားသော ကာလာလိုင်စင်ဓာတ်ပုံ(၅)ပုံ၊ မှတ်ပုံတင်(မူရင်း/မိတ္တူ) ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့ဖြင့် ၂၀-၃-၂၀၁၅ ရက်မှ ၃၁-၈-၂၀၁၅ရက် နောက်ဆုံးထားပြီး အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
သတ်မှတ်လူဦးရေပြည့်လျှင် လျှောက်လွှာပိတ်မည်။

- **ရာဇတံခွန်ကုမ္ပဏီလီမိတက် (ကမ္ဘာကျော်ခတ်မြေသြဇာ) (၁၆)လမ်းနှင့် ခေတ္တာလမ်းထောင့်၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်**
**ဖုန်း-၀၆၇-၂၂၉၂၉၊ ၂၅၀၅၃၊ ၂၅၃၀၃၊ ၂၅၅၁၈၊ ၂၅၉၅၅**

FAME **Nature-Q10®**
Coenzyme Q10-30mg
နှလုံးဆေး
TMR 011902(0516)
၂/၂၀၁၂ တဆထလ/(တိုး) ၀၆၅၃
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Appletec®**
Quercetin 100 mg
ပန်းသီးဆေး
TMR 008206 (1115)
၂/၂၀၁၂ တဆထလ/(တိုး) ၀၆၅၃
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွာသစ်ကြီးမြို့၊ ကံကုန်းကျေးရွာနေ ဒေါ်မေသူငြိမ်း ၅/စကန(နိုင်)၂၄၂၄၀၄ အောင်လံမြို့နေ ဦးသန့်ဇင်ဟိန်း(ခ)အညာသား ၈/မကတ(နိုင်)၂၄၀၆၇၁ တို့နှင့် အများသိစေရန်ကြေညာခြင်း

နေပြည်တော်၌ဖွင့်လှစ်ထားသော ရက္ခပူရစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဒေါ်မိုးမိုးခိုင် ၁၁/မဥန(နိုင်)၀၄၀၈၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရက္ခပူရ စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ လုပ်ငန်းခွဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဦးသန့်ဇင်ဟိန်း(ခ)အညာသားသည် ဆိုဒ်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း လုပ်ငန်းများမပြီးပြတ်သေးမီ ကုမ္ပဏီပစ္စည်းများအား အလွဲသုံးစားပြုလုပ်ကာ ၂၅-၆-၂၀၁၅ ရက်မှ ယနေ့တိုင် ထွက်ပြေးတိမ်းရှောင်နေပါသည်။ ထို့အတူ ကုမ္ပဏီ၏ ငွေကြေးများကို တာဝန်လွှဲခြင်းခံထားရသောငွေစာရင်းကိုင်တစ်ဦးဖြစ်သူ ဒေါ်မေသူငြိမ်းမှာလည်း ကုမ္ပဏီပိုင်ငွေကြေးများကို စာရင်းရှင်းလင်းခြင်းမပြုဘဲ ယူဆောင်သွားကာ ၂၅-၆-၂၀၁၅ ရက်မှ ယနေ့တိုင် ထွက်ပြေးတိမ်းရှောင်နေပါသည်။ ယနေ့မှစ၍ ဦးသန့်ဇင်ဟိန်း(ခ)အညာသားနှင့်ဒေါ်မေသူငြိမ်းတို့၏ ဆောင်ရွက်ချက်များသည် ရက္ခပူရစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် လုံးဝသက်ဆိုင်မှုမရှိတော့ပါ။ သို့ဖြစ်ပါ၍ ဦးသန့်ဇင်ဟိန်းနှင့်ဒေါ်မေသူငြိမ်းတို့အနေဖြင့် ၂၀၁၅ခုနှစ် ဇူလိုင် ၃၀ရက် နောက်ဆုံးထား၍ ရက္ခပူရစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်သို့ ငွေကြေးများလာရောက်အပ်နှံ ရှင်းလင်းပါရန်နှင့် လာရောက်အပ်နှံရှင်းလင်းခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးထွန်း LL.B (အထက်တန်းရှေ့နေ) (စဉ်-၃၇၂၃၀)**
**သစ္စာဇေ ဥပဒေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၂၄၅) သုံးလွှာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၂၅၆၅၃၆၊ ၀၉-၇၉၉၁၁၁၂၈၅**

## ဖခင်အမည်မှန်

အထက(၂)လှိုင်မြို့နယ်၊ နဝမတန်း(D)တွင် ပညာသင်ကြားနေသော မမေမြတ်နိုးစုစံနှင့် မမေမြတ်နိုးစိုးစံတို့၏ဖခင်အမည်မှန်မှာ ဦးထိုက်တန် ၅/စကန(နိုင်)၁၄၉၇၃၆ ဖြစ်ပါသည်။

**ဦးထိုက်တန်**

ဒီဇယ်ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအစမဲ့)
၂၂အနောက်မြင်းဖြိုင်ကွင်းလမ်း၊ တာမွေမီးဖိုချောင်အနီး၊ ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

## ဦးစိုးမြင့်ဦး ၁၃/သပန(နိုင်)၀၃၈၃၉၈ နှင့် အများသိစေရန်

ကျွန်မ ဒေါ်ဇင်နှင်းဝေ ၉/ပမန(နိုင်)၁၅၇၃၇၈နှင့် ဦးစိုးမြင့်ဦး ၁၃/သပန(နိုင်)၀၃၈၃၉၈ တို့သည် ၁-၁-၂၀၁၅ ရက်မှစ၍ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် ၂၅-၆-၂၀၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ကွာရှင်းပြတ်စဲစဉ် အသိသက်သေများရှေ့တွင် ကတိပြုထားသော ပစ္စည်းခွဲဝေမှုအနေဖြင့် ၁-၇-၂၀၁၅ ရက်တွင် ကျပ်သိန်း ၁၅၀ ပေးအပ်ခဲ့ပြီး ကျန် ကျပ်သိန်း ၁၅၀ အား ၃၁-၁၂-၂၀၁၅ ရက်တွင် ကျပ် ၇၅ သိန်း၊ ၂၀-၆-၂၀၁၆ရက်တွင် ကျပ် ၇၅ သိန်းပေးရန် ကတိပြုထားသည့်အတိုင်းပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဒေါ်ဇင်နှင်းဝေ**
**၉/ပမန(နိုင်)၁၅၇၃၇၈**

CROWN EDUCATION Yangon . Myanmar

International School မှ Grade(9) နှင့် မြန်မာ(၉)တန်းအောင်ကျောင်းသားများအတွက်
ယူကေနှင့် ဩစတြေးလျတက္ကသိုလ် ဘွဲ့ရယူခြင်းဆိုင်ရာ **တစ်ဦးချင်းဆွေးနွေးပွဲ**

**JULY 17**
2 PM to 4 PM
CROWN Edu:Center

- iGCSE / SAT အမှတ်များတင်ပြစရာမလိုအပ်ဘဲ (၂)နှစ်ခွဲအတွင်း အင်္ဂလန်၊ဩစတြေးလျတို့မှ ပေးအပ်မည့်ဘွဲ့ကို စင်ကာပူတွင် သင်ယူနိုင်မည့်အခွင့်အရေး
- (၉)တန်းအောင်မြင်ပြီးသူများ iGCSE မလိုအပ်ဘဲ Murdoch University, Northumbria University, University of Porthsmouth, Royal Holloway University of London, University of Essex နှင့် University College Dublin(Ireland) ၏ ဘွဲ့များကို စင်ကာပူတွင် အချိန်တိုအတွင်း ရယူနိုင်မည့်အခွင့်အရေး
- LCCI Level (3) ပြီးဆုံးထားသူများ၊ ABE ဒီပလိုမာ ကိုင်ဆောင်ထားသူများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်များ
- စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်းဆိုင်ရာဘာသာရပ်များအပြင် MBA လျှောက်ထားသင်ယူနိုင်မည့် အခွင့်အလမ်းများ
- ထူးချွန်သောကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးရယူနိုင်မည့်အခွင့်အလမ်းများ



KAPLAN HIGHER EDUCATION ACADEMY

REGISTER NOW : 01 527 838 . 09 730 40 688. 09 732 732 77

# နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား KIA အဖွဲ့က Remote မိုင်းခွဲ၍ ပစ်ခတ်တိုက်ခိုက်

**နေပြည်တော်  ဇူလိုင်  ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကြူကုတ်မြို့နယ် ကောင်းခါးကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသတွင် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကောင်းခါးကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၀၀၀ ခန့်၌ KIA အဖွဲ့က တပ်မတော်စစ်ကြောင်းအား Remote မိုင်းဖြင့် ဖောက်ခွဲပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းက ပြန်လည် ပစ်ခတ်တိုက်ခိုက်ရာ KIA အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာသွားပြီး ရန်သူ့အလောင်းတစ်လောင်းနှင့် Remote မိုင်းခလုတ်တစ်ခု၊ ဆားကစ်အုံနှစ်ခုတို့ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ KIA အဖွဲ့က မိုင်းဖြင့်ဖောက်ခွဲမှုကြောင့် အနီးပတ်ဝန်းကျင်တွင် ကျွဲကျောင်းနေသော အရပ်သားတစ်ဦး မိုင်းစထိမှန်သေဆုံးခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက မုံးကိုးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများထံ စနစ်တကျလွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် KIA အဖွဲ့မှပစ်ခတ်ခဲ့သော *စာမျက်နှာ ၁၁ ကော်လံ ၄* ■



မြန်အောင်မြို့နယ် တောင်ရိုးအုပ်စုတွင် မိုးရွာသွန်းမှုနည်းပါး၍ လယ်သမားများ အချိန်မီစိုက်ပျိုးနိုင်ရန် မမြဆည်မှ ရေများထုတ်လွှတ်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၁၂) ဓာတ်ပုံ-ဝင်းဗိုလ်

## ယနေ့ မာတိကာ


သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရင် အမြန်ဆုံးမူလအခြေအနေရောက်ရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၀

ရေတာရှည်မီးသတ်သို့ မီးလောင်ကြောင်း မမှန်သတင်းပေးမှု နစ်ရက်ဆက်တိုက်ဖြစ်ပွား၍ စုံစမ်းမှုများပြုလုပ်နေ
စာမျက်နှာ » ၂၀


## နေရာကွက်၍ မိုးကြီးနိုင်

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် ယနေ့ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

## ရခိုင်အသင်းဂိုးပြတ်နိုင်ပွဲရယူခဲ့ပြီး အချိန်ပိုတွင် မနောမြေ အနိုင်ဂိုးသွင်းယူ

**သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်  ဇူလိုင်  ၁၄**

၂၀၁၅ ရာသီဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဒုတိအဆင့် (နောက်ဆုံးနေ့) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

MNL အမှတ်ပေးပြိုင်ပွဲပထမအကျော့နောက်ဆုံးပွဲတွင် တွေ့ဆုံစဉ်က ဂိုးမရှိ သရေကျခဲ့သော်လည်း ယခုနှစ် ပွဲဆက်တွေ့ဆုံရာတွင် ရခိုင်အသင်းက နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရခိုင်အသင်းမှာ လူမစုံခဲ့သော်လည်း အကောင်းဆုံးပုံစံပြသနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်ရောက်ရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ❍



နေပြည်တော်အသင်းက ရခိုင်အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးစားနေစဉ်။







Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း...

